ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ဆရာ တပည့် ဆက်ဆံရေး

သူတစ်ပါးကို ဆုံးမသည့်အတိုင်း မိမိကိုယ်တိုင် လိုက်နာပြုကျင့်ခြင်းသည် ထိရောက်အောင်မြင်သော ပညာပေးခြင်းမည်၏။ တရားကိုမင်ရာမှ ပုဂ္ဂိုလ်ကိုပါ ခင်မင်စေနိုင်သဖြင့် ခိုင်မာသော ဆရာ တပည့်ဆက်ဆံရေးကို ဖြစ်ပေါ်စေနိုင်သည်။ (မိမိပြောသည်ကို သူတစ်ပါးအား လိုက်နာကျင့်သုံးစေလိုလျှင် မိမိပြောသလို မိမိကိုယ်တိုင် ကျင့်ကြံလိုက်နာပါ။) အတ္တဝဂ်(ဓမ္မပဒ-၁၅၉)

၁၃၇၈ ခုနှစ် သီတင်းကျွတ်လဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday , 12 October 2016 (စာ၇၁၂)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နော်ဝေနိုင်ငံနှင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၁

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး မစ္စ တူနယ်တီးနပ်(စ်)အား ယနေ့နံနက် ၁၀ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ ဗစ်ခရမ်မစ်ဆရီအား နံနက် ၁၁ နာရီတွင်လည်းကောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး မစ္စ တူနယ်တီးနပ်(စ်)အား လက်ခံတွေ့ဆုံစဉ်။(သတင်းစဉ်)

ဒုတိယသမ္မတဦးမြင့်ဆွေ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် ဒုတိယအကြိမ် အာရှပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ(အေစီဒီ)သို့ တက်ရောက်ခဲ့သည့် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီး ပိုလ်ချပ်ကြီး ဆာရီချင်ဒစ်ဆစ်ကာရာ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးမြင့်ဆွေအား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။(သတင်းစဉ်)

လာမည့်နှစ်မှစ၍ ပြည်ပ၌ လုပ်ကိုင်မည့် အလုပ်သမားများ Job Passport ဖြင့် သွားရောက်ရမည်

နေပြည်တော် အောက်တိုဘာ ၁၁

အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ပြည်ပအလုပ်အကိုင် လိုင်စင်ရ အကျိုးဆောင်အေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ အလုပ်သမားများအား စေလွှတ်ခဲ့ရာ အလုပ်သမားအများစုသည် နိုင်ငံကူးလက်မှတ်ကို ကိုယ်တိုင် လျှောက်ထားခြင်းမပြုဘဲ ပွဲစားများ၏ လျှောက်ထားပေးခြင်း အရသော် လည်းကောင်း၊ အေဂျင်စီများဖြင့် **စာမျက်နှာ ၃ ကော်လံ ၄ သို့ ❖**

အနာဂတ်မှာ ရင်းနှီးမြှုပ်နှံခြင်း

မြန်မာနိုင်ငံဟာ ဖွံ့ဖြိုးတိုးတက်မှုမှာ အလွန်ပင် နောက်တန်းရောက်သည့် နိုင်ငံတစ်ခု ဖြစ်ခဲ့ပါသည်။ ခြစားမှုများ၊ လာဘ်ပေးလာဘ်ယူမှုများ၊ လုပ်ပိုင်ခွင့် အလွဲသုံးစွဲမှုများကြောင့် နှစ်ပေါင်းများစွာ ယိုယွင်းပျက်စီးနေခဲ့ခြင်းဖြစ်ပါသည်။ ယခု ပြည်သူ့အစိုးရဟူ၍ ပေါ်ပေါက်လာပြီးသည့်ကာလတွင်မူ ငြိမ်းချမ်းသာယာပြီး တိုးတက်သည့်အနာဂတ်ကို မျှော်မှန်းနိုင်ခဲ့ကြပြီ ဖြစ်ပါသည်။

ယင်းသို့ မျှော်လင့်အားတက်နေကြသော်လည်း ယခုကဲ့သို့ နှစ်ပေါင်းများစွာ ဆုတ်ယုတ်ခဲ့သော နိုင်ငံအဖို့ ပြည်သူလူထုမျှော်မှန်းတောင့်တနေကြသလို တိုးတက်ဖြစ်ထွန်းရန်မှာ ရုတ်တရက် ချက်ချင်းပြောင်းလဲသွားဖို့ အတော်ပင်ခက်ခဲမည်ဖြစ်ပါသည်။ ဤသို့ ခက်ခဲမည်ဆိုသည်ကိုလည်း ပြည်သူတို့သဘောပေါက်ထားကြပါသည်။ သို့သော်လည်း တိုးတက်ဖြစ်ထွန်းရေး လမ်းကြောင်းမှန်ပေါ်တွင် စွမ်းရည်မြင့်မြင့်ဖြင့် ကြိုးပမ်းအားထုတ်ကြဖို့တော့လိုမည်ဟု ပြည်သူတို့က မျှော်လင့်နေကြတာဖြစ်ပါသည်။

ဤနေရာ၌ ယင်းကဲ့သို့ အနာဂတ်ပြန်လည်တည်ဆောက်ရေးတွင် တစ်ထောင့်တစ်နေရာမှ အလွန်အရေးပါသော လိုအပ်ချက်တစ်ရပ်မှာ ကလေးသူငယ်များ ပြုစုပျိုးထောင်ရေး ဖြစ်သည်ဟုလည်း ထင်မြင်မိပါသည်။ တာဝန်သိ၍ လူ့အဖွဲ့အစည်းကအားကိုးရသောနိုင်ငံသားများ ဖြစ်လာရေးဆိုသည်မှာ မူလတန်းပညာရေးမှ အစပြု၍ တော်လှန်ပြောင်းလဲပြင်ဆင်ရသည်တို့ရှိမည်ဟုလည်း ထင်မြင်မိပါသည်။

ယင်းနှင့် တစ်ဆက်တည်းအဖြစ် နိုင်ငံ၏ ရေရှည်အကျိုးစီးပွားအတွက် အနာဂတ်မှာ ရင်းနှီးမြှုပ်နှံကြဖို့အတွက် ကလေးများ၏ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးနှင့်အတူ ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်လုပ်ကြရန်လိုမည်ဟု ယူဆပါသည်။

ကျောင်းစာကြည့်တိုက်များမှာ၊ စာအုပ်ဆိုင်များမှာ၊ ရပ်ကွက်/ကျေးရွာနှင့် မြို့နယ်စာကြည့်တိုက်များမှာ ကလေးဖတ်စရာစာအုပ်များ အမျိုးစုံစုံလင်လင်နှင့် အမြောက်အမြားရှိနေဖို့ လိုပါပြီ။

ကလေးများ စာအုပ်များနှင့် နေရတာ၊ စာဖတ်နေရတာကို နှစ်သက်ပျော်ရွှင်အောင် ဖန်တီးစီစဉ်ပေးကြဖို့လိုပါပြီ။ ဂိမ်းနှင့် ရုပ်မြင်သံကြားအစီအစဉ်များက မည်သို့ပင် ဆွဲဆောင်မှုကောင်းလှသည်ဖြစ်စေ အရောင်အသွေးစုံလင်လှပကာ ဆွဲဆောင်မှုရှိသည့် ကလေးဖတ်စရာစာအုပ်များ ပြည့်စုံပေါကြွယ်ဖို့လိုပါမည်။

သည်လို စာအုပ်များရှိနေခြင်းဖြင့် ကလေးများ၏ စာဖတ်လိုစိတ်မြင့်မားလာအောင် ဆွဲဆောင်နိုင်လာမည်ဟု ယုံကြည်ပါသည်။

မြန်မာကလေးငယ်တို့၏ ဘဝများတွင် မည်သို့သော ပျော်ရွှင်မှုများ ပြည့်လျှံနေအောင်ရှိသည်ဖြစ်ပါစေ ပျော်ရွှင်ခုန်ပေါက်ကစားရန် ပတ်ဝန်းကျင်များနှင့် ဖတ်စရာစာအုပ်များ အမှန်တကယ်လိုအပ်သည်ဆိုခြင်းကို မမေ့သင့်ပါ။

ကလေးများကို ဆွဲဆောင်နိုင်သည့် ရုပ်မြင်သံကြားအစီအစဉ်များနှင့် ဂိမ်းကစားနည်းများတွင် ကလေးများ၏ ဦးနှောက်နှင့် စာရိတ္တဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များထည့်သွင်းရန် ကြိုးစားဖို့လိုသလို ကလေးစာအုပ်များ များများဖန်တီးထုတ်လုပ်ပေးဖို့လည်း လိုပါလိမ့်မည်။

အနာဂတ်ကို ရင်းနှီးမြှုပ်နှံကြဖို့ ကမ္ဘာကြီးကို ရင်ပေါင်တန်းဖို့၊ ကမ္ဘာကြီးကို အမီလိုက်နေဖို့ဆိုလျှင် မြန်မာကလေးငယ်များ စာအုပ်စာပေတွင် မွေ့လျော်စိတ်ကိုမွေးပေးဖို့လိုပါလိမ့်မည်။

သည်အတွက် ကလေးစာပေများ၊ ကလေးဖတ်စရာစာအုပ်များ အမြောက်အမြား ထုတ်ဝေကြဖို့ လိုပါမည်။ သည်လို ကလေးသူငယ်ဆိုင်ရာ စာအုပ်စာပေထုတ်ဝေရေးတွင် အစိုးရကိုယ်တိုင်က ကမကထပြုစုထုတ်လုပ်ဖို့ လိုမည်ဖြစ်သလို ပုဂ္ဂလိကထုတ်ဝေရေးလုပ်ငန်းများကိုလည်း ဝင်ရောက်ကူညီနိုင်မည့် နည်းလမ်းများ စီစဉ်ဖန်တီးပေးရန်လိုအပ်ပါမည်။

ကလေးစာအုပ်များ ထုတ်ဝေရေးအတွက် အခွန်အခစနစ်များ၊ နိုင်ငံတကာမှ တင်သွင်းသော ကလေးလူငယ်စာအုပ်များကို မည်သို့လျှော့ပေါ့အခွန်ဆောင်ရန် စီမံပေးနိုင်မည်လဲ စသည်တို့ကို စဉ်းစားကြရန်လိုအပ်ပြီဟု ယူဆပါသည်။

အုပ်ချုပ်ရေးပိုင်းက တာဝန်ယူရမည်များ၊ လွှတ်တော်များမှ ဥပဒေပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်သည်တို့ကို စဉ်းစားရေးဆွဲကြသည်များ၊ မူလတန်း၊ အလယ်တန်းကျောင်းများတွင် ကျောင်းစာကြည့်တိုက်များ ဖြစ်ထွန်းတိုးတက်အောင် ဘတ်ဂျက်တိုးမြှင့် ဖန်တီးစီမံပေးခြင်းများ အစရှိသည့် အစီအစဉ်မျိုးစုံကို ချမှတ်ရေးဆွဲခြင်းဖြင့် ကလေးသူငယ်များနှင့် အနာဂတ်မြန်မာနိုင်ငံကို တိုးတက်အောင်မြင်အောင် တည်ဆောက်နိုင်ပါစေသတည်း။ ။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား ထိုင်းနိုင်ငံအခြေစိုက် Recycle Engineering Co., Ltd. မှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၁

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုအား ထိုင်းနိုင်ငံအခြေစိုက် Recycle Engineering Co., Ltd. မှ Technical Director, Mr. Thomas Volker Sack ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့မှ ယမန်နေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ရုံးခန်းမဆောင်၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် Recycle Engineering Co., Ltd. မှ ထိုင်းနိုင်ငံတွင် Chemical Waste Treatment လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံတွင် စက်မှုဝန်ကြီးဌာနနှင့် ပူးပေါင်း၍ စက်မှုလုပ်ငန်းသုံးနှင့် ဆေးရုံသုံး စွန့်ပစ်ဓာတုပစ္စည်းများအား ပြန်လည်သန့်စင်ပေးမည့် Hazardous Chemical Treatment Plant တည်ဆောက်နိုင်ရေး၊ ဂျာမနီနိုင်ငံအစိုးရ၏ အကူအညီဖြင့် Chemical Waste Treatment ဆိုင်ရာ Training Center များ ဖွင့်လှစ်ပြီး ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးနှင့် မြန်မာနိုင်ငံတွင် ဓာတုပစ္စည်းများနှင့် ပတ်သက်သော အသိပညာပြန့်ပွားရေးအတွက် Awareness Training များ ပေးနိုင်ရေးစသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ကမ်းပါးပြိုပြောင်းရွှေ့သည့်အိမ်ထောင်စုများအား မြေကွက်များ မဲနှိုက်ချထားပေး

ကြံခင်း အောက်တိုဘာ ၁၁

ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရေလယ်ကျွန်းကျေးရွာသည် နှစ်စဉ်ရောဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးများပြိုကျသဖြင့် ကမ်းပါးအနီးတွင် နေထိုင်လျက်ရှိသည့် အန္တရာယ်ရှိသောနေအိမ်များရွှေ့ပြောင်းနေထိုင်လျက်ရှိကြောင်း သိရသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုနှင့် ဒေသအသီးသီးမှ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းငွေများဖြင့် ရေလယ်ကျွန်းကျေးရွာမှ ကိုင်းမြေများဝယ်ယူ၍မြေကွက်များရိုက်ကာ ပြောင်းရွှေ့နေထိုင်လိုသည့်အိမ်ထောင်စုများအား မဲနှိုက်၍ နေရာချထားခြင်းကို ယနေ့ နံနက်ပိုင်းက ရေလယ်ကျွန်းကျေးရွာ၌ ပြုလုပ်ခဲ့ရာ မြေကွက် ၅၄ ကွက်အား မဲနှိုက်နေရာချပေးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသော်ဇင်ဝင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသိန်းဇော်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးမြတ်သိန်းဇော်၊ လူမှုရေးအဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ ဆိတ်သာတိုက်နယ် ရဲတပ်ဖွဲ့ဝင်များ သွားရောက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

လက်သမား၊ ပန်းရန်၊ ပိုက်ဆက်နှင့် လျှပ်စစ် သင်တန်းဆင်းပွဲ ဖားဆောင်းမြို့၌ ကျင်းပ

ဖားဆောင်း အောက်တိုဘာ ၁၁

ကယားပြည်နယ် ဖားဆောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမျူးဖွင့်လှစ်သည့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်၊ ပိုက်ဆက်နှင့် လျှပ်စစ်သင်တန်းအမှတ်စဉ် (၆/၂၀၁၆) သင်တန်းဆင်းပွဲကို ဖားဆောင်းမြို့စုစည်းကျေးရွာ၌ အောက်တိုဘာ ၉ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ ဘော်လခဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးစောဒီးဒီက အမှာစကားပြောကြားပြီး ဖားဆောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်က ထပ်ဆင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းနည်းပြနှစ်ဦးဖြင့် သင်ကြားပေးပြီး သင်တန်းသား ၂၀ တက်ရောက်ခဲ့ကာ သင်တန်းကာလမှာ ၁၅ ရက်ဖြစ်ကြောင်း သိရသည်။ **ကိုစိုင်း (လွှိုင်ကော်)**

မြေးမှ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ခင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလွဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အယ်ဒီတာ်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလွင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အတူးသတင်းထောက် - ဆုနှင်းလွဲ

ပုံနှိပ်မြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)မြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ရန်ကုန်မြို့ ၁၆ ဘတ်လမ်း ဝတင်တည်ထောင်သည်
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် နော်ဝေနိုင်ငံ သံအမတ်ကြီးနှင့် ရုရှားနိုင်ငံ သံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး မစ္စ တူနယ် တီးနပ်(စ်)အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁၁
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး မစ္စ တူနယ် တီးနပ်(စ်)အား ယနေ့ မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ နီကိုလိုင်း လစ်တိုပါဒေါ်အား ညနေ ၃ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ သီးခြားစီလက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးနှင့် လွှတ်တော်ချင်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကြသည်။

(သတင်းစဉ်)

လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၁၁
အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ နီကိုလိုင်း လစ်တိုပါဒေါ်အား ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့် နေ့ရက်နှင့် လစ်လပ်မဲဆန္ဒနယ်များ
အသိပေးကြေညာချက်

နေပြည်တော် အောက်တိုဘာ ၁၁
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးရှိ အောက်ဖော်ပြပါလစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲအား **၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်**(စနေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည် -

လစ်လပ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ	**အကျုံးဝင်သောမြို့နယ်များ**
(၁) မုံရွာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်	မုံရွာ
(၂) ချောင်းဆုံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်	ချောင်းဆုံ
(၃) အမ်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်	အမ်း
(၄) လှိုင်သာယာမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်	လှိုင်သာယာ
(၅) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်	ဒဂုံမြို့သစ်(ဆိပ်ကမ်း)
(၆) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်	ဒဂုံမြို့သစ်(အရှေ့ပိုင်း)
(၇) ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်	ကော့မှူး
(၈) ကျေးသီးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်	ကျေးသီး
(၉) မိုင်းရှားမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်	မိုင်းရှား
လစ်လပ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ	**အကျုံးဝင်သောမြို့နယ်များ**
(၁) ချင်းပြည်နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၃)	ထန်တလန်
(၂) ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၄)	ကျောက်တံခါး၊ ညောင်လေးပင်
(၃) ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အမှတ်(၆)	ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဆိပ်ကမ်း၊ လသာ၊ လှိုင်၊ လမ်းမတော်၊ အလုံ
လစ်လပ်ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ	**အကျုံးဝင်သောမြို့နယ်များ**
(၁) ဖရူဆိုမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၁)	ဖရူဆို
(၂) ကျိုင်းတုံမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၂)	ကျိုင်းတုံ
(၃) ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၁)	ကျေးသီး
(၄) ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၂)	ကျေးသီး
(၅) မိုင်းရှားမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၁)	မိုင်းရှား
(၆) မိုင်းရှားမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၂)	မိုင်းရှား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ၊ စစ်တွေမြို့သို့ ဆက်လက်ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၁၁
နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Bert Koenders ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၇ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး H.E.Mr .Wouter Robert Marie Jurgens နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၈ နာရီ မိနစ်၂၀ တွင် ရန်ကုန်မြို့မှ တစ်ဆင့် စစ်တွေမြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသည်။

(သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**
အဆက်အသွယ်မရှိခြင်းကြောင့်သော်လည်းကောင်း၊ နိုင်ငံကူးလက်မှတ် အမျိုးအစား Visit Passport ဖြင့် သာလျှောက်ထား၍ သွားရောက်ခဲ့ကြပါသည်။

အလုပ်သမားများသည် ပြည်ပနိုင်ငံများတွင် သွားရောက်အလုပ်လုပ်ကိုင်ပြီး ဗီဇာသက်တမ်းတိုးပါက Visit Passport ဖြင့် သွားရောက်သူများသည် သက်တမ်းတိုးရန် အခက်အခဲရှိသလို ပြည်ပနိုင်ငံများသို့ အလည်အပတ်သွားသူများနှင့် အလုပ်လုပ်ကိုင်ရန် သွားရောက်သူများ ခွဲခြားရန် ခက်ခဲမှုရှိပါသဖြင့် အလုပ်သမားများနှင့် ခရီးသွားသူများကို စိစစ်နိုင်ရန်အတွက် နောင်တွင် အလုပ်သမားစေလွှတ်မှုများအား Job Passport များဖြင့်သာ ခွင့်ပြုဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အလုပ်သမားများသည် နိုင်ငံကူးလက်မှတ်အမျိုးအစား Job Passport ဖြင့် လျှောက်ထားရာတွင် အခက်အခဲရှိပါက ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီမှ တစ်ဆင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ထောက်ခံချက်ဖြင့် မြန်မာနိုင်ငံ နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးတွင် သွားရောက်ဆောင်ရွက်နိုင်ရေး ကူညီဆောင်ရွက်ပေးမည် ဖြစ်ပါ၍ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများ မှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအား ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ Job Passport ဖြင့် ဆောင်ရွက်ရန် အကြောင်းကြားထားပါကြောင်း အလုပ်သမားဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

(နေသန်)

ဒီပါဝလီနေ့ကို ရုံးပိတ်ရက်အဖြစ်ကြေညာ

နေပြည်တော် အောက်တိုဘာ ၁၁
၁၃၇၈ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် (၂၀၁၆ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်) တနင်္ဂနေနေ့သည် ဒီပါဝလီနေ့ ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ (၂၅)အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်အဖြစ် ကြေညာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယအကြိမ် စကားစစ်ထိုးပွဲပြီးနောက် ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများပြင်းထန်လာခဲ့သည့် ကလင်တန်နှင့် ထရန့်

နယူးယောက် အောက်တိုဘာ ၁၁

တနင်္ဂနွေနေ့ကပြုလုပ်ခဲ့သည့် အမေရိကန်သမ္မတလောင်းများ၏ ဒုတိယအကြိမ် စကားစစ်ထိုးပွဲပြီးနောက် ဟီလာရီကလင်တန်နှင့် ဒေါ်နယ်လ်ထရန့်တို့သည် တစ်ယောက်နှင့်တစ်ယောက် ပုဂ္ဂိုလ်ရေးအပြန်အလှန်ထိုးနှက်တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။

အဆိုပါစကားစစ်ထိုးပွဲတွင် မိမိအသားစီးရခဲ့သည်ဟု ကလင်တန်က တနလာနေ့က မီချီဂန်ပြည်နယ်တွင် ပြောကြားသည့်မိန့်ခွန်းတွင် ပြောကြားသည်။ သမ္မတလောင်းနှစ်ဦးအနက် တစ်ဦးက အနိုင်ရရှိပြီး တစ်ဦးကရှုံးနိမ့်သွားခဲ့ကြောင်း၊ မိမိမှာ လူထုထောက်ခံမှုပိုမိုရရှိလာပြီး ဒီမိုကရက်တစ်များသာမက လွတ်လပ်သည့်မဲဆန္ဒရှင်များနှင့် ရီပတ်ဘလီကန်ပါတီဝင်များ၏ထောက်ခံမှုကိုပါ ရရှိခဲ့ကြောင်း ကလင်တန်က ပြောကြားသည်။

ထရန့်သည် ၎င်း၏အမျိုးသမီးများအပေါ် ရိုင်းစိုင်းသည့် မှတ်ချက်စကားများကြောင့် လူထု၏ ငြင်းပယ်မှုကို ခံနေရပြီဖြစ်ကြောင်း၊ ယင်းမှာ အလွန်ဆိုးရွားသည့် အပြုအမူဖြစ်ပြီး သူ့ကို ထောက်ခံမှုလျော့ကျစေခဲ့ကြောင်း ကလင်တန်က ပြောကြားသည်။

ထရန့်ကလည်း ကလင်တန်သည် အမေရိကန်ပြည်သူများကို လိမ်ညာနေသူဖြစ်ကြောင်း တနလာနေ့က ပင်ဆယ်ဗေနီးယားပြည်နယ်တွင်ပြုလုပ်သည့် မဲဆွယ်စည်းရုံးမှုတစ်ခုတွင် ပြောကြားသည်။ ထရန့်က ကလင်တန် နိုင်ငံခြားရေးဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့စဉ်က အသုံးပြုခဲ့သည့် အီးမေးလ်အရှုပ်တော်ပုံကိစ္စ၊ ကလင်တန်၏ ခင်ပွန်း အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန် ပတ်သက်ခဲ့သည့် လိင်မှုကိစ္စမကောင်းသတင်းများဖြင့် ဆက်လက်တိုက်ခိုက်ခဲ့သည်။

အမေရိကန်သမ္မတရွေးကောက်ပွဲကျင်းပရန် တစ်လပင် မလိုတော့သည့်အချိန်တွင် ကလင်တန်သည် ထရန့်ထက် လူထုထောက်ခံမှုပိုမိုရရှိနေသည်။ ၎င်းတို့နှစ်ဦး၏ နောက်ဆုံးနှင့် တတိယအကြိမ်စကားစစ်ထိုးပွဲကို အောက်တိုဘာ ၁၉ ရက်တွင် ထပ်မံပြုလုပ်သွားမည်ဖြစ်သည်။

အင်နန်အိတ်ချ်ကေ။

ဒုတိယအကြီးဆုံး သူပုန်အဖွဲ့(အီးအယ်လ်အင်နှ)နှင့်ကိုလံဘီယာအစိုးရတို့ ငြိမ်းချမ်းရေးဆွေးနွေးမည်

ဘိုဂိုတာ အောက်တိုဘာ ၁၁

ကိုလံဘီယာအစိုးရနှင့် နိုင်ငံတွင်းရှိ ဒုတိယအင်အား အကြီးမားဆုံး ပြောက်ကျားတပ်ဖွဲ့ဖြစ်သည့် အမျိုးသားလွတ်မြောက်ရေးတပ်မတော်(အီးအယ်လ်အင်နှ)တို့၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အောက်တိုဘာ ၂၇ ရက်တွင် စတင်ကျင်းပမည်ဟု အစိုးရက အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ကိုလံဘီယာနိုင်ငံ၏ အကြီးမားဆုံး သူပုန်အဖွဲ့ဖြစ်သည့် ကိုလံဘီယာတော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့(အက်ဖ်အေအာရ်စီ)နှင့် ကိုလံဘီယာအစိုးရအကြား ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိပြီးနောက် ထက်ကြပ်မကွာတွင် အဆိုပါကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ သို့သော် ယင်းငြိမ်းချမ်းရေးသဘောတူညီချက်မှာ အောက်တိုဘာ ၂ ရက်က ပြုလုပ်သော ပြည်သူ့ဆန္ဒခံယူပွဲ၌ ပယ်ချခြင်းခံခဲ့ရသည်။

အီးအယ်လ်အင်နှအဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အီကွေဒေါနိုင်ငံ ကွိတိမြို့တွင် ပြုလုပ်သွားမည်ဟု ကိုလံဘီယာအစိုးရနှင့် အီးအယ်လ်အင်နှအဖွဲ့တို့၏ နှစ်ဖက်တာဝန်ရှိသူများက ဗင်နီဇွဲလားနိုင်ငံ ကရာကတ်စ်မြို့တွင် ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြသည်။

ကိုလံဘီယာသမ္မတသည် အောက်တိုဘာလ ၁၀ ရက် မွန်းလွဲပိုင်းက ရုပ်မြင်သံကြားမှတစ်ဆင့် မိန့်ခွန်းပြောကြားရာတွင် ၎င်းထံတွင် သတင်းကောင်းရှိကြောင်း၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် ခွင့်ပြုပေးခြင်းအတွက် အီကွေဒေါသမ္မတရာဖဲလ်လိုရီဟာအား ကျေးဇူးတင်ကြောင်း ဖော်ပြသည်။

အောက်တိုဘာ ၁၀ ရက် အစောပိုင်းတွင် အီးအယ်လ်အင်နှအဖွဲ့သည် ၎င်းတို့ဖမ်းဆီးထားသည့် အရပ်သားတစ်ဦးကို ပြန်လည်လွှတ်ပေးလိုက်ပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(အိုင်စီအာရ်စီ)သို့ လွှဲအပ်ခဲ့ခြင်းဖြင့် ၎င်းတို့၏စိတ်ကောင်းစေတနာရှိမှုကို ပြသခဲ့သည်။

ထိန်းသိမ်းခံရသူနှစ်ဦးထက်မနည်းကို ငြိမ်းချမ်းရေးဆွေးနွေးပွဲ မစတင်မီ ပြန်လွှတ်ပေးဦးမည်ဟု အီးအယ်လ်အင်နှအဖွဲ့က ကတိပြုပြောကြားခဲ့သည်။

ဆင်ဟွာ။

ပါကစ္စတန်နှင့် ထိစပ်နေသော နယ်စပ်ကိုပိတ်ရန် အိန္ဒိယဆုံးဖြတ်ချက် နှစ်နိုင်ငံဆက်ဆံရေးထိခိုက်စေနိုင်ဟုဆို

ပေကျင်း အောက်တိုဘာ ၁၁

၂၀၁၈ ခုနှစ်ထက်နောက်မကျဘဲ ပါကစ္စတန်နိုင်ငံနှင့်ထိစပ်နေသော မိမိ၏ နယ်စပ်ဒေသကိုပိတ်ရန် အိန္ဒိယနိုင်ငံ၏ဆုံးဖြတ်ချက်သည် ယင်းနှစ်နိုင်ငံ၏ ဆက်ဆံရေးကိုထိခိုက်စေနိုင်သည်ဟု ချိုင်းနားဒေလီသတင်းစာက အောက်တိုဘာ ၁၁ ရက်တွင် ရေးသားဖော်ပြသည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့၏ ၃၃၂၃ ကီလိုမီတာရှည်လျားသော နယ်စပ်ဒေသကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလထက်နောက်မကျဘဲ လုံးလုံးလျားလျား ပိတ်ပစ်မည်ဟု အိန္ဒိယပြည်ထဲရေးဝန်ကြီး ရာနတ်ဆင်းက အောက်တိုဘာ ၇ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အိန္ဒိယနိုင်ငံ ဂျမူးနှင့်ကက်ရှ်မီးယားပြည်နယ်ရှိ ယူရီမြို့၌ တည်ရှိသော ကြည်းတပ်အခြေစိုက်စခန်းတစ်ခုကို အကြမ်းဖက်သမားများက တိုက်ခိုက်ခဲ့သည့်ဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီး နောက်ပိုင်းတွင် အိန္ဒိယတပ်ဖွဲ့က ပါကစ္စတန်နယ်စပ်ရှိ စစ်သွေးကြွစခန်းများကို တိုက်ခိုက်ခဲ့သည့်ဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် နှစ်နိုင်ငံတင်းမာမှုများဖြစ်ပေါ်နေချိန်တွင် အိန္ဒိယပြည်ထဲရေးဝန်ကြီးက အထက်ပါအတိုင်း ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် အိန္ဒိယနိုင်ငံ၏ဆုံးဖြတ်ချက်မှာ ယုတ္တိတန်သောဆုံးဖြတ်ချက်မဟုတ်ကြောင်း၊ အကြောင်းမှာ ယူရီမြို့ရှိ အိန္ဒိယကြည်းတပ်စခန်း တိုက်ခိုက်ခံရမှုဖြစ်စဉ်တွင် ပါကစ္စတန်က နောက်ကွယ်မှ ပါဝင်ပတ်သက်မှုရှိပုံကို အထောက်အထားမတွေ့ရသောကြောင့်ဖြစ်ကြောင်း တရုတ်နိုင်ငံ ရှန်ဟိုင်းလူမှုရေးသိပ္ပံအကယ်ဒမီ၏ နိုင်ငံတကာဆက်ဆံရေးတက္ကသိုလ် သုတေသီဟူကျွေ့ယောင်၏ပြောကြားချက်ကို ကိုးကားလျက် ချိုင်းနားဒေလီသတင်းစာက ရေးသားဖော်ပြသည်။

နယ်စပ်ဒေသကို အိန္ဒိယပိတ်လိုက်မည်ဆိုပါက နှစ်နိုင်ငံကုန်သွယ်ရေးလုပ်ငန်းများကိုလည်း ထိခိုက်စေနိုင်ကြောင်း သုတေသီဟူက ပြောကြားသည်။

ဝီတီအိုင်။

ပီယက်နမ်နိုင်ငံသို့ နှစ်စဉ် ကန်ဒေါ်လာ တစ်ဘီလီယံဝန်းကျင် ADB ချေးမည်

ဟန္တိုး အောက်တိုဘာ ၁၁

၂၀၁၆-၂၀၂၀ ကာလအတွင်း ဗီယက်နမ်နိုင်ငံသို့ နှစ်စဉ် အမေရိကန်ဒေါ်လာ တစ်ဘီလီယံဝန်းကျင် ချေးသွားမည်ဟု အာရှဖွံ့ဖြိုးရေးဘဏ်(ADB)က ယနေ့ ထုတ်ပြန်ကြေညာသည်။ အဆိုပါထုတ်ပြန်ကြေညာမှုကို အောက်တိုဘာ ၁၁ ရက်က ဗီယက်နမ်နိုင်ငံ မြို့တော် ဟန္တိုင်း၌ကျင်းပသော ADB ၏ ၂၀၁၆-၂၀၂၀ ကာလအတွက် ဗီယက်နမ်နိုင်ငံ မိတ်ဖက်တည်ဆောက်မှုမဟာဗျူဟာ (CPS) ဖွင့်လှစ်ပွဲ၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ADB ၏အဆိုအရ ဗီယက်နမ်နိုင်ငံမှာ ရှုပ်ထွေးသောစိန်ခေါ်မှုအသစ်များ စတင်ကြုံတွေ့နေရသည်။ ဖွံ့ဖြိုးတိုးတက်မှုက ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုကိုဖြစ်စေပြီး ရာသီဥတုပြောင်းလဲမှုကို ကြီးမားစွာတွေ့ကြုံနေရသည်။ အလုပ်လုပ်ကိုင်နိုင်သော လူဦးရေမှာ စတင်ကျဆင်းနေပြီး ဝေးလံခေါင်ဖျားသော ကျေးလက်ဒေသများ၌ ဆင်းရဲမွဲတေနေဆဲဖြစ်သည်။ အဆိုပါစိန်ခေါ်မှုများ ဖြေရှင်းရာတွင် ဗီယက်နမ်အစိုးရကို အကူအညီပေးရန်အတွက် အရေးပါသော ရလဒ်သုံးခုရရှိအောင်မြင်ရန် ADB က ရင်းနှီးမြှုပ်နှံမှုများ ပံ့ပိုးပေးသွားမည်ဟု ဗီယက်နမ်နိုင်ငံဆိုင်ရာ ADB ကန်းထရီးဒါရိုက်တာ အဲရစ်ဆစ်ဂ်ဝစ်ခ်က ပြောကြားသည်။

အဆိုပါချေးငွေများက အလုပ်အကိုင်ဖန်တီးမှုနှင့် ယှဉ်ပြိုင်မှုကို မြှင့်တင်စေပြီး အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုလုပ်ငန်းတိုးမြှင့်စေကာ ပတ်ဝန်းကျင်ဆိုင်ရာတာရှည်ခံမှုနှင့် ရာသီဥတုပြောင်းလဲမှုကောင်းမွန်လာစေမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ထို့အပြင် စီမံကိန်းများ အသင့်ရှိမှုနှင့် အရည်အသွေးအပြင် ရှိရင်းစွဲစီမံကိန်းများ အကောင်အထည်ဖော်ဆောင်မှုတိုးတက်လာစေရန် စီမံချက်များချမှတ်မည်ဖြစ်ပြီး အစိုးရကတောင်းဆိုပါက အကူအညီပေးမှုတိုးမြှင့်ရန် အဆင်သင့်ရှိကြောင်း ADB က ဆိုသည်။

ဆင်ဟွာ။

ဘာလင်ရှိ လေဆိပ်တစ်ခုကို တိုက်ခိုက်ရန် စီစဉ်နေဖွယ်ရှိသူ စစ်သွေးကြွတစ်ဦး အဖမ်းခံရ

ဘာလင် အောက်တိုဘာ ၁၁။ ။ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ လေဆိပ်များအနက် လေဆိပ်တစ်ခုကို အကြမ်းဖက်တိုက်ခိုက်နိုင်ရန်စီစဉ်နေသူအဖြစ် မသက်သာသူတစ်ဦးကို အောက်တိုဘာ ၁၀ ရက်တွင် ဖမ်းဆီးလိုက်ကြောင်း ပြည်တွင်းလုံခြုံရေးအေဂျင်စီအကြီးအကဲဟွန်ဂျော့မေဆင်က ပြည်သူ့ဝန်ဆောင်မှုရုပ်မြင်သံကြားဌာနဖြစ်သော အေအာရ်ဒီရုပ်မြင်သံကြားဌာနသို့ ပြောကြားသည်။

ဂျာမနီနိုင်ငံ၏ သယ်ယူပို့ဆောင်ရေးဆိုင်ရာအခြေခံအဆောက်အအုံကိုပစ်မှတ်ထား၍ တိုက်ခိုက်သွားရန် အစ္စလာမ္မစ်နိုင်ငံတော်(အိုင်အက်စ်)က စီစဉ်နေသည်ဟု စက်တင်ဘာလအစောပိုင်းတွင် ထောက်လှမ်းရေးသတင်းများရရှိခဲ့ကြောင်း မေဆင်က ပြောကြားသည်။ ဂျာမနီနိုင်ငံအရှေ့ပိုင်း ဆက်ဇွန်နီပြည်နယ်၌ ထောက်လှမ်းရေးသမားများက ဆီးရီးယားလူမျိုး စစ်သွေးကြွတစ်ဦးကို နောက်ယောင်ခံစောင့်ကြည့်ခဲ့ပြီးနောက် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ **ရိုက်တာ။**

အရိုင်းမှ အယဉ်သို့ (မြန်မာ့လူမှုစရိုက်ပြုပြင်ရေး)

အောင်အောင်(IR)

လူဆိုတာရိုင်းတတ်ပါတယ်။ လူဆိုတာ ကောင်းတဲ့အကျင့်ထက် မကောင်းတဲ့အကျင့်က များတတ်ပါတယ်။ လစ်ရင်လုပ်ပါတယ်။ လိမ်တတ်တယ်။ ညာတတ်တယ်။ မနာလိုဝန်တိုစိတ် ရှိတတ်တယ်။ နိုင်ငံတကာသုတေသီတွေဟာ လူတွေရဲ့ အကျင့်စရိုက်နဲ့ ပတ်သက်ပြီး လေ့လာချက်တွေ အမျိုးမျိုးပြုခဲ့ကြတယ်။ အဖြေက လူဆိုတာ ကောင်းတဲ့အကျင့်ထက် မကောင်းတဲ့အကျင့်က များတယ်ဆိုတာမျိုးထွက်တယ်။ အခုနောက်ဆုံးထွက်ရှိလာတဲ့ လေ့လာချက်တစ်ခုမှာလည်း လူအများစုဟာ မနာလိုဝန်တိုစိတ်ရှိကြတယ်ဆိုတာ ပြဆိုနေတယ်။ တကယ်တော့ လိမ်တယ်ပဲပြောပြော၊ ညာတယ်ပဲပြောပြော၊ မနာလိုဝန်တိုတယ်ပဲပြောပြော အဲဒါ ရိုင်းတာပဲဖြစ်တယ်။ မလိမ္မာ၊ မယဉ်ကျေးတာ ဖြစ်တယ်။

အခု မြန်မာနိုင်ငံမှာ မှုခင်းပေါင်းစုံ ဖြစ်နေတယ်။ လစ်ရင် လုပ်တယ်။ ရရင်လုပ်တယ်။ ခိုး၊ ဆိုး၊ လု၊ နှိုက် အကုန်ဖြစ်တယ်။ လူတွေကလည်း ဘာသိဘာသာနေကြတယ်။ အခုဆိုလူသတ်မှုဆိုတာရိုးသလိုတောင် ဖြစ်လာနေပြီ။ လူသတ်ဖို့ဆိုတာလည်း ဝန်မလေးကြတော့ဘူး။ အထူးသဖြင့် တက္ကစီသမားတွေ၊ ညဘက် ခရီးသွားရတဲ့သူတွေ သနားဖို့ကောင်းတယ်။ ဘယ်သူ့၊ ဘယ်သူမှ မယုံကြည်ရတော့ဘူးလို ဖြစ်လာနေတယ်။ ဖြစ်နေတာက ဒီလောက်ကြီးလည်းမဟုတ်ပါဘူး ဆိုရင်တောင် ဆိုရှယ်မီဒီယာတွေကတစ်ဆင့်၊ လူလူချင်းကတစ်ဆင့် သတင်းစကားဖလှယ်ကြရင်း အဲကွန်းဖွင့်၊ မှန်တံခါးပိတ်မောင်းတဲ့ကားဆိုရင်ပဲ အိပ်ဆေးတွေ့လွှတ်တော့မလို၊ လမ်းကြောင်းမှားရင်၊ လမ်းကြောင်းပြောင်းမောင်းရင်ပဲ ကိုယ့်ကိုလုတော့မလားလို့ လူတွေကခံစားလာရတယ်။ နိုင်ငံခြားသူတစ်ယောက်ကဆိုရင် သူမြန်မာနိုင်ငံရောက်နေတာ သုံးနှစ်လောက်ရှိပြီ။ အရင်နှစ်တွေနဲ့ အခုနှစ်တောင် မတူတော့ဘူး။ သူတို့ မလုံခြုံသလို ခံစားလာရတယ်လို့ ပြောတယ်။ ညဘက် ပါတီတွေတက်၊ ညစာအပြင်ထွက် စားလေ့ရှိတဲ့ နိုင်ငံခြားသားတွေအဖို့ အရင်လိုတက္ကစီကို ညဘက်တစ်ယောက်တည်း မစီးရဲကြတော့တာမျိုးတွေ ဖြစ်လာနေတယ်။ သက်ငယ်အဓမ္မပြုမှုတွေ၊ လိင်ပိုင်းဆိုင်ရာအနိုင်ကျင့် စော်ကားမှုတွေဆိုရင်လည်း အများကြီးပဲ။ တကယ်တော့ အဓမ္မပြုကျင့်တယ်၊ လူသတ်တယ်ဆိုတာရိုင်းတာပေါ့။

အခုဆို လူတွေကလစ်ရင် အမှိုက်ပစ်တယ်။ ကွမ်းတံတွေး ထွေးတယ်။ တစ်နှစ်ထက်တစ်နှစ် ပိုဆိုးလာတယ်။ အစိုးရအသစ်တက်ပြီး စည်းကမ်းပိုင်းတွေ ပိုပြီး ကြပ်မတ်လာတယ်။ တက်ခါစမှာ ကွမ်းစားမှု လျှော့ချဖို့ဆိုတာမျိုးတွေ လုပ်ဆောင်ခဲ့တယ်။ အခုလည်း ရန်ကုန်မြို့မြို့နယ်အချို့မှာ နောက်ဖေးလမ်းကြားအမှိုက်သိမ်းဆည်းရှင်းလင်းတာတွေ လုပ်ဆောင်လာတယ်။ အင်မတန်ကြိုဆိုရမယ့်ကိစ္စဖြစ်တယ်။ သို့သော် လုပ်ခါစမှာသာ ကွမ်းစားတာ၊ ကွမ်းရောင်းတာ ဆင်ခြင်ကြတယ်။ အခုဆို နေရာတိုင်းမှာ လတ်လတ်ဆတ်ဆတ် ကွမ်းတံတွေး ကွက်တွေတွေ့နေရတယ်။ လမ်းတွေမှာ ကွမ်းတံတွေးမစွန်းထင်းတဲ့လမ်းဆိုတာ မရှိသလောက်ဖြစ်နေတယ်။ အမှိုက်ဆိုလည်းဒီလိုပဲ။ ရှင်းတာတစ်ပတ်မရှိသေးဘူး။ အမှိုက်တွေ ပြန်ပစ်နေကြတယ်။ အခုဆို အစိုးရအသစ်ဆိုတာ ဖြစ်နေပြီ။ ခေါင်းဆောင်မှု အသစ်တွေလည်း ဖြစ်နေပြီ။ ကိုယ်ထောက်ခံတဲ့ အစိုးရ၊ ကိုယ်လေးစားတဲ့ခေါင်းဆောင်တွေကို ထောက်ခံကြောင်း၊ လေးစားကြောင်း ပြသမယ်ဆိုရင် ရွေးကောက်ပွဲမှာမဲပေးရုံမျှနဲ့ မလုံလောက်ပါဘူး။ ကွမ်းမစားခြင်း၊ စည်းကမ်းမဲ့ အမှိုက်မပစ်ခြင်းများနဲ့ မိမိတို့ရဲ့ ထောက်ခံခြင်းကို ပြသသင့်ပါတယ်။ အခုတော့ ဆန့်ကျင်ဘက်လိုမျိုး ကိုယ်အရွှဲ့တိုက် လုပ်ဆောင်နေသလိုမျိုးတွေ ဖြစ်နေတယ်ဗျာ။ သူလုပ်လို့ ငါလုပ်တယ်၊ ငါမလုပ်လည်း သူများလုပ်မှာပဲဆိုတဲ့ စိတ်မျိုးတွေကအင်မတန်ဆိုးရွားတယ်။ အဲဒါတွေအားလုံးက ရိုင်းတာပဲပေါ့ဗျာ။

နောက် တစ်ခုရှိသေးတယ်။ လမ်းမှာလမ်းကူးတဲ့ လူတွေ့ရင် ကားမောင်းတဲ့သူကရပ်မပေးဘူး။ အဲဒါ ရိုင်းစိုင်းတဲ့ အပြုအမူ ဖြစ်တယ်။ ဒါမျိုးဗျာ မလုပ်နဲ့။ အဲဒါမျိုးဗျာ ဒီမှာကစွဲမြဲအမြစ်တွယ်နေတာသိပ်ကြာနေပြီ။ အာရှနိုင်ငံ အများစုမှာ အချိန်ကာလရှေ့လျားလာတာနဲ့အမျှ လူ့အဖွဲ့အစည်းက ဖြည်းဖြည်းချင်းတိုးတက်ပြောင်းလဲသွားတယ်။ ဒီမှာက ဒီလိုမဟုတ်ဘူး။ ကွမ်းစားနှန်းကလျော့မသွားသလို လူတွေစည်းကမ်းမဲ့တာကလည်း ပိုများလာနေတယ်။ ကားတွေကပိုမောင်း၊ ပိုကြမ်းလာသလို လူတွေကလည်း လစ်ရင်လစ်သလိုလုပ်နေကြတယ်။ ဒီကိုလာပြီးနေထိုင် အလုပ်လုပ်ကိုင်ကြတဲ့ နိုင်ငံခြားသားတွေ ဆိုရင် သူတို့နိုင်ငံ ပြန်ရောက်သွားတဲ့အခါ မြန်မာနိုင်ငံမှာအကျင့်ပျက်ခဲ့သမျှ ပြန်လည်ကုစားဖို့ အချိန်ယူကြတယ်လို့ ဆိုတယ်။ ဆိုချင်တာက ဒီမှာနေ့စဉ်စည်းကမ်းအမြဲလိုက်နာဖို့ဆိုတာ ခဲယဉ်းတယ်လေ။ လူများလူနိုင်၊ ကားများကားနိုင်ကိုး။ ဒီတော့ လမ်းကူးရင်လည်း ဒီလိုပဲကူးလိုက်တာပဲ။ ကားမောင်းရင်လည်း အများနဲ့ရောပြီး ဒီလိုပဲမောင်းဖြစ်သွားတယ်။ ဆေးလိပ်၊ အရက်ဆိုလည်း ဒီမှာကစျေးသက်သာတယ်ဆိုတော့ သောက်ဖြစ်ကြတာပေါ့။ နိုင်ငံခြားသားတွေ သူတို့ နိုင်ငံပြန်လို့ ထိုင်းနိုင်ငံမြို့တော် ဘန်ကောက်ခဏဝင်လည်ပတ်ရင်ပဲ ဗန်ကောက်က အင်မတန် ခမ်းနားနေတယ်။ နတ်ဘုံနတ်နန်းလို ဖြစ်နေတယ်။ ဒါပေါ့။ ရန်ကုန်မြို့လို ခပ်မှိန်မှိန်နေရာကနေ ဗန်ကောက်လို ခပ်လန်းလန်းနေရာရောက်တော့ သိပ်ကွာသွားတာပေါ့။ သူတို့ စင်ကာပူလို၊ ကွာလာလမ်ပူလိုနေရာမျိုးကနေ ဗန်ကောက်ကိုရောက်ကြည့်ပါလား။ ဘာမှ သိပ်ထူးခြားတယ်လို့ ခံစားရမယ်မဟုတ်ဘူး။ မြန်မာနိုင်ငံမှာအနေကြာတဲ့ နိုင်ငံခြားသားတွေဟာ ဗန်ကောက်ကတစ်ဆင့် သူတို့နေရင်းနိုင်ငံတွေ ပြန်ရောက်တဲ့အခါ မနေတတ်သလိုဖြစ်ကြရတယ်။ သူတို့ မြို့ရွာတွေက သန့်လွန်းသလို ဖြစ်နေတယ်။ မြန်မာဆင်ဒရွန်း (Myanmar Syndrome) လို့ ပြောရမလား။ စည်းမဲ့၊ ကမ်းမဲ့ နေချင်ရင် မြန်မာနိုင်ငံပြန်လာခဲ့ကြ။ ဒီလိုနဲ့ ကြာရင် မြန်မာနိုင်ငံက အာရှတိုက်ရဲ့ အမှိုက်ပုံဖြစ်လာတော့မယ်။

မြန်မာအကြောင်းရေးထားလိုက်တာကလဲဗျာ။ ရစရာမရှိဘူး။ ကဲဒီလိုဆို မြန်မာက ပြန်လည် ပြင်ဆင်လို့ကိုမရတော့ဘူးလားဆိုတဲ့ အမေးရှိလာတယ်။ ဆောင်းပါးအစက လူဆိုတာရိုင်းတတ်တယ်။ ဟုတ်တယ်နော်။ ဒီနေ့ခေတ် မြန်မာတွေ ဘာကြောင့် ဒီလောက် ရိုင်းစိုင်းနေကြရတာလဲ။ မြန်မာဆိုတာလိမ္မာ၊ ယဉ်ကျေးတယ်။ ဖော်ရွေယျုတ္တာတယ်ဆိုပြီး ဒီလိုပဲနားလည်ကြတယ်။ အခုတော့ တစ်ဖက်သားက ရေတိုက်ရင်တောင် မသောက်ရဲတဲ့ အခြေအနေတစ်ရပ်ကိုရောက်နေပြီ။ လူ့သမိုင်းကိုပြန်ကြည့်။ အချင်းချင်းတိုက်ခိုက်၊ သတ်ဖြတ်ကြရင်းနဲ့ပဲ သမိုင်းဆိုတာကိုစခဲ့ကြတာ ဖြစ်တယ်။ စာရေးသူသမိုင်းဆိုတာ မတရားတာနဲ့ စတယ်ဆိုတဲ့ ဆောင်းပါးတစ်ပုဒ် ရေးခဲ့ပါသေးတယ်။ အဲဒီလိုကြမ်းကြုတ်မှုတွေနဲ့ ပြည့်နှက်နေပြီး မတရားတာနဲ့စခဲ့တဲ့ သမိုင်းကိုယဉ်ကျေးလိမ္မာလာစေတာက ပညာရေးနဲ့ စီးပွားဖွံ့ဖြိုးတိုးတက်မှုတို့ပဲ ဖြစ်ကြပါတယ်။ ကမ္ဘာ့နိုင်ငံအများအပြားဟာ ပညာရေးတိုးတက်ကောင်းမွန်လာပြီး စီးပွားဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ မကောင်းတဲ့ အမူအကျင့်တွေ လျော့ပါးလာပြီးကောင်းတဲ့ အမူအကျင့်တွေ တိုးတက်ပွားများလာပါတယ်။ တစ်နည်းဆိုရရင် ရိုင်းစိုင်း၊ ကြမ်းကြုတ်ရာကနေ လိမ္မာ၊ ယဉ်ကျေးလာပါတယ်။

သို့သော် ဒီကမ္ဘာမှာ ဘယ်အရာမဆို တစ်သမတ်တည်းတော့ သွားမနေပါဘူး။ သမိုင်းရဲ့ နိဂုံးဆိုတာမရှိပါဘူး။ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းက ပြန်လည် ရိုင်းစိုင်းကြမ်းကြုတ်လာတတ်သလို ရိုင်းစိုင်းတဲ့ လူ့အဖွဲ့အစည်းဟာလည်း လိမ္မာယဉ်ကျေးလာတတ်ပါတယ်။ ဆိုကြပါစို့။ အခုအနောက်နိုင်ငံတွေကိုကြည့်။ ရာဇဝတ်မှုခင်းတွေ ပိုမိုတိုးပွားလာနေတယ်။ ဆူပူဆန္ဒပြမှုတွေ ပိုမိုဖြစ်ပွားလာနေတယ်။ လူမှုဖူလုံရေးအာမခံချက်တွေ လျော့ပါး၊ ကျဆင်းလာနေတယ်။ အလုပ်လက်မဲ့မှုတွေ များပြားလာနေတယ်။ သဘောထားတင်းမာတဲ့ နိုင်ငံရေး ပါတီတွေ၊ နိုင်ငံရေးသမားတွေ အသံပိုကျယ်လာနေတယ်။ အမေရိကန်နိုင်ငံမှာဆို လူမည်းဆန္ဒပြမှုတွေဟာ အန္တရာယ်မှတ်ကိုတောင် ရောက်လာနေပြီ။ ကဲ. . အဲဒါတွေ ဘာကြောင့်ပါလဲ။ အကြောင်းအရာ အမျိုးမျိုးရှိနိုင်ပါတယ်။ အလွယ်မြင်အောင် ပြောရရင်တော့ ကျဆင်းလာနေတဲ့ ပညာရေးစနစ်နဲ့ လူမှုစီးပွားရေးအခြေအနေတွေကို အပြစ်တင်ရပါလိမ့်မယ်။ သိကြတဲ့အတိုင်းပဲ တစ်ကမ္ဘာလုံးမှာ စီးပွားရေးကျဆင်းမှုတွေ ဖြစ်နေတယ်။ အဲဒါ ကြာမြင့်လှပြီ ဖြစ်တယ်။ ဒီတော့ သက်ဆိုင်ရာနိုင်ငံတွေဟာ စီးပွားရေး၊ ပညာရေးကျဆင်းတာနဲ့အမျှ အလုပ်အကိုင်ရရှိနိုင်မှုတွေ၊ သာတူညီမျှမှုတွေ၊ လူမှုတန်ဖိုးတွေ ထိခိုက်ကျဆင်းလာတယ်။ ရလဒ်က လူတွေအကျင့်ပျက်လာကြတယ်။ ယုံကြည်မှု ကင်းမဲ့လာကြတယ်။ သံသယတွေများလာတယ်။ နောက်ဆုံးတော့ လူတွေ ရိုင်းစိုင်းလာတာပဲပေါ့။

ကဲဒီလိုဆို မြန်မာနိုင်ငံမှာ လူတွေဘာကြောင့် ရိုင်းစိုင်းနေကြတယ်ဆိုတာ မှန်းဆလို့ ရပြီနော်။ လူ့အဖွဲ့အစည်းမလိမ္မာ၊ မယဉ်ကျေးတာဟာ ပညာရေး၊ ဆင်းရဲမွဲတေမှုတွေနဲ့သာမက အခြားအကြောင်းအချက်များလည်း ရှိနေနိုင်ပါတယ်။ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီးကတည်းက စစ်မှန်တဲ့ ငြိမ်းချမ်းခြင်း၊ ကောင်းမွန်တဲ့ ပညာရေး၊ တည်ငြိမ်တဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုတာမရရှိ၊ မခံစားရသေးပါဘူး။ လွတ်လပ်ရေးရပြီးကတည်းက အချင်းချင်း ပြန်လှန်၊ ပြစ်တင်၊ ဆန့်ကျင်၊ တိုက်ခိုက်ကြရင်းနဲ့ပဲ အခုဒီနေ့ကာလအထိ ဖြစ်တည်၊ ဖြတ်သန်းလာခဲ့တယ်။ အဲဒီသမိုင်းဝန်းကျင်တစ်လျှောက် ရှင်သန်ကြီးပြင်းလာခဲ့ရတဲ့ နိုင်ငံသားအများစု မလိမ္မာ၊ မယဉ်ကျေးကြတာ မဆန်းလှပါဘူး။ သို့သော် ဒီလိုအကျင့်ပျက်မှုတွေ၊ စည်းကမ်းမဲ့မှုတွေ၊ လစ်ရင်လစ်သလိုလုပ်တာတွေဟာ ရွေးကောက်ခံအစိုးရလက်ထက်မှာ လျော့ပါး၊ ကျဆင်းလာသင့်ပါတယ်။ ဒီလိုမှမဟုတ်ရင်တော့ မြန်မာနိုင်ငံဟာ အရိုင်းသံသရာမှ လွတ်မြောက်မှာမဟုတ်ဘဲ အဲဒီထက်အတွေးနယ်ချဲ့ကြည့်မယ်ဆိုရင် မြန်မာအနာဂတ်ဟာ စိုးရိမ်ကြောက်မက်ဖွယ်ကောင်းလှပါတယ်။

လွတ်လပ်ရေးရပြီးကတည်းက အချင်းချင်းပြန်လှန်၊ ပြစ်တင်၊ ဆန့်ကျင်၊ တိုက်ခိုက်ကြရင်းနဲ့ပဲ အခုဒီနေ့ကာလအထိဖြစ်တည်၊ ဖြတ်သန်းလာခဲ့တယ်။ အဲဒီသမိုင်းဝန်းကျင်တစ်လျှောက် ရှင်သန်ကြီးပြင်းလာခဲ့ရတဲ့ နိုင်ငံသားအများစု မလိမ္မာ၊ မယဉ်ကျေးကြတာ မဆန်းလှပါဘူး။ သို့သော် ဒီလိုအကျင့်ပျက်မှုတွေ၊ စည်းကမ်းမဲ့မှုတွေ၊ လစ်ရင်လစ်သလိုလုပ်တာတွေဟာ ရွေးကောက်ခံအစိုးရလက်ထက်မှာ လျော့ပါး၊ ကျဆင်းလာသင့်ပါတယ်။ ဒီလိုမှမဟုတ်ရင်တော့ မြန်မာနိုင်ငံဟာ အရိုင်းသံသရာမှ လွတ်မြောက်မှာမဟုတ်ဘဲ အဲဒီထက်အတွေးနယ်ချဲ့ကြည့်မယ်ဆိုရင် မြန်မာအနာဂတ်ဟာ စိုးရိမ်ကြောက်မက်ဖွယ်ကောင်းလှပါတယ်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းကွင်းဆင်းစစ်ဆေး

ကျွန်းလှ အောက်တိုဘာ ၁၁

ကျွန်းလှမြို့နယ် တင်ငုတ်ကြီး+ကုလာကုန်းကျေးရွာသို့ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးပါနှင့် ဝန်ထမ်းများသွားရောက်၍ မြစိမ်းရောင်ချေးငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နေခြင်းနှင့် စာရင်းဇယားများမှန်ကန်ရေး ယန္တနှံနှက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါကျေးရွာတွင် အိမ်ထောင်စု ၁၄၅ စုရှိပြီး မြစိမ်းရောင်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စီမံကိန်းအကောင်အထည်ဖော်နေသည့် အိမ်ထောင်စု ၁၂၀ ရှိကြောင်း၊ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်နှစ်သိန်းခွဲချေးပေးထား၍ စိုက်ပျိုးရေးကိုသာ ဆောင်ရွက်ကြကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

မြစ်သား အောက်တိုဘာ ၁၁

FDAမှ ထုတ်ပြန်ထားသော စားသုံးရန်မသင့်သော အစားအသောက်များ ရောင်းချမှု ရှိ၊ မရှိနှင့် စားသုံးသူဘေးအန္တရာယ် ကင်းရှင်းရေးကို ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်မှတာဝန်ရှိသူများက ကူမဲစျေးအတွင်းတွင် အောက်တိုဘာ ၉ ရက်နံနက် ၈ နာရီက စစ်ဆေးကြောင်း သိရသည်။

"ကျွန်တော်တို့အခု FDA က ထုတ်ပြန်ထားပြီး စားသုံးရန်မသင့်တဲ့ အစားအသောက်အမျိုးအမည်တွေကို ကူမဲစျေးထဲမှာ ရောင်းနေတဲ့ စျေးသည်တွေနဲ့စျေးဝယ်တွေကို ဒါတွေကတော့ ဆိုးဆေးတွေပါတဲ့ စားသောက်ကုန်တွေပါ။ ဒါတွေကတော့ စားသုံးရန်မသင့်တဲ့ အစားအသောက်တွေပါလို့ ပြည်သူလူထုကြားလိုက်လံကွင်းဆင်းပြီး ကျယ်ကျယ်ပြန့်ပြန့် အသိပညာတွေပေး ဆောက်ရွက်နေပါတယ်။ အခြေခံပညာကျောင်းတွေကိုလည်း စားသုံးသူ

မြစ်သားမြို့ ကူမဲစျေးအတွင်း စားသုံးရန်မသင့်သော အစားအသောက်များ စစ်ဆေး

အကာအကွယ်ပေးရေးအကြောင်း ဟောပြောပွဲတွေလည်း ဆောင်ရွက်ပေးနေပါတယ်။ အခုအချိန်က ပညာပေးကာလဖြစ်ပါတယ်" ဟု ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယခရိုင်ဦးစီးမှူး ဦးမောင်ထူးက ပြောသည်။

အဆိုပါအဖွဲ့သည် FDAက ထုတ်ပြန်ထားသည့် စားသုံးရန်မသင့်သော စားသောက်ကုန်များကို မရောင်းချရန်၊ ပညာပေးကာလအတွင်း အသိပညာပေးဆောင်ရွက်မှုတွေ ပြီးပါက စားသုံးသူများက နစ်နာမှုတွေတိုင်ကြားလာလျှင် ဥပဒေအရ သိမ်းဆည်းအရေးယူမှုတွေ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စျေးသည်များအား ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းထွန်း(မြစ်သား)**

ထည့်သွင်းစဉ်းစားရမည့် ကျူးကျော်အရေးကိစ္စနှင့် ကျန်းမာရေးပြဿနာ

နေခြည်အောင်

ကျူးကျော်များနှင့် ပတ်သက်သော အရေးကိစ္စများမှာ ယခင်အစိုးရများလက်ထက်ကတည်းက ဖြေရှင်းဆောင်ရွက်လာခဲ့သော ပြဿနာတစ်ရပ်ဖြစ်နေပြီး ယခုလက်ရှိအစိုးရလက်ထက်တွင်လည်း ထိုပြဿနာအတွက် ဖြေရှင်းရန်ဆောင်ရွက်နေဆဲပင်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း တစ်စတစ်စ ကျူးကျော်နေထိုင်သူဦးရေမှာလည်း များပြားလာနေရာ ကျူးကျော်နေထိုင်သူ စုစုပေါင်းအရေအတွက်မှာ ခန့်မှန်းခြေ လေးသိန်းကျော်ရှိလာပြီဖြစ်သည်။ ကျူးကျော်နေထိုင်မှုများ များပြားလာခြင်းနှင့်အတူ လူမှုပတ်ဝန်းကျင်အတွက်လည်း လူမှုရေးနှင့် ကျန်းမာရေးပြဿနာများပါ များပြားလာနေပါသည်။ တိုင်းဒေသကြီးအတွင်းရှိ ကျူးကျော်သူများကို အမှန်တကယ် ကျူးကျော်သူများ၊ ကျူးကျော်အချင်းချင်း ပြန်လည်ဌားရမ်းခြင်း၊ စီးပွားဖြစ်ကျူးကျော်ခြင်း၊ မင်းမဲ့စရိုက်ပုံစံ ကျူးကျော်ခြင်း၊ အသိအမှတ်ပြု ကျူးကျော်ခြင်းဟူ၍ အမျိုးအစား ငါးမျိုးခွဲခြားထားပြီး စုစုပေါင်း ကျူးကျော်နေထိုင်သူဦးရေ လေးသိန်းကျော်ရှိသည်ဟု ခန့်မှန်းထားကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ စာရင်းများအရ သိရသည်။

ကျူးကျော်ပြဿနာမှာ မြို့ပြဖွံ့ဖြိုးရေးကဏ္ဍနှင့် စီမံကိန်းများဖော်ဆောင်ရာတွင်လည်း အဟန့်အတားတစ်ခုအဖြစ်ရှိနေရုံသာမက အခြားသော လူမှုရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် စီးပွားရေးကိစ္စများတွင်လည်း ဝန်ထုပ်ဝန်ပိုးဖြစ်စေပါသည်။ ထို့အပြင် အဆိုပါပြဿနာတို့၏ အကျိုးဆက်ကြောင့် နိုင်ငံ့ပုံရိပ်အတွက်လည်း ထိခိုက်စေနိုင်သည်ဖြစ်ရာ ကျူးကျော်ပြဿနာကို အဘက်ဘက်မှ အဖြေရှာရင်း အကျိုးဆက်ပြဿနာများ လျော့နည်းလာအောင် လုပ်ဆောင်သင့်ပေသည်။ ကျူးကျော်ပြဿနာများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရက မေ ၂၅ ရက်က ပြုလုပ်ခဲ့သော ကျူးကျော်များနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ၄၅ ရက် စီမံကိန်းဖြင့် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် အမှန်တကယ် နေထိုင်စရာမရှိသူများအတွက်လည်း နေရာထိုင်ခင်းစီစဉ်ပေးမည်ဖြစ်ပြီး စီးပွားရေးအတွက် ကျူးကျော်ဟန်ဆောင်ပြီး မြေလုသည့် ကိစ္စများကိုတော့ ကျူးကျော်ဟုသတ်မှတ်မည်မဟုတ်ဘဲ ယင်းတို့ကို တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျူးကျော်စာရင်းများ ကောက်ခံသည့်အချိန်တွင်လည်း အုပ်ချုပ်ရေးပိုင်းအဆင့်ကို အင်အားတိုးမြှင့်ထားကာ အခြေအနေများ ရှုပ်ထွေးအောင် ဖန်တီးလာနိုင်သည့် ကိစ္စရပ်များအားကိုင်တွယ်ဖြေရှင်းနိုင်ရန်နှင့် ချက်ချင်းအရေးယူဆောင်ရွက်သွားနိုင်ရန် ပြင်ဆင်ထားကြောင်း သိရသည်။ အစိုးရသစ်၏ စိန်ခေါ်မှုတွင် ကျူးကျော်ကိစ္စသည် ထိပ်ဆုံးမှ ပါဝင်နေပြီး ကျူးကျော်အရေးနှင့် ပတ်သက်၍ ဥပဒေတစ်ရပ်အတည်ပြုပြဋ္ဌာန်းနိုင်ရန်လိုကြောင်း စက်တင်ဘာ ၃ ရက်က မြို့ပြဆင်းရဲသားများ (ကျူးကျော်)အရေးနှင့် ပတ်သက်သောဆွေးနွေးပွဲတွင် အထူးကိစ္စရပ်များစုံစမ်းရေးကော်မရှင်မှ ဦးတင်မောင်ဦးက ဆွေးနွေးခဲ့သည်။ ယခုအတိုင်း ဆွေးနွေးပွဲများပြုလုပ်ပြီး ပြန်သွားကြပါက ဘာမှထူးမည်မဟုတ်ဘဲ ရရှိလာသော အချက်အလက်များ၊ ကိစ္စများစွာလည်း ရှိပါသေးသည်။ ကျူးကျော်အများစု နေထိုင်ရာ ကျူးကျော်ရပ်ကွက်များတွင် အိမ်များကို ပြွတ်သိပ်ပြီး ဆောက်ထားကြသည့်အတွက် ရေစီးရေလာကောင်းမွန်မှုမရှိခြင်း၊ မိလ္လာစနစ်များ၊ ရေဆိုးစနစ်များမရှိခြင်း၊ တိရစ္ဆာန်များ အထိန်းအကွပ်မရှိမွေးမြူထားခြင်း၊ စည်းကမ်းမဲ့ အမှိုက်ပစ်ခြင်းများကြောင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများနှင့် ကူးစက်ရောဂါများ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။

လွန်ခဲ့သော ဇူလိုင် ၂၃ ရက် ဝန်းကျင်မှာလည်း မင်္ဂလာဒုံမြို့နယ်ရှိ ရွှေပြောင်းလာရောက်နေထိုင်သူများပြားသော တိလောကရပ်ကွက်အတွင်းတွင် အသက်ခုနစ်နှစ်အရွယ်ရှိသောကလေးငယ်တစ်ဦးမှအစပြုပြီး ကူးစက်မြန်အဆုတ်ရောင်ရောဂါ ဖြစ်ပွားခဲ့သည်။ ထို့ကြောင့် နေထိုင်ရာနေရာဖြစ်သည့်အပြင် စက်ရုံ၊ အလုပ်ရုံ အများဆုံး တည်ရှိရာနေရာလည်းဖြစ်သည်။ ထို့အတွက်ကြောင့် နိုင်ငံတကာမှ လာရောက်ရင်းနှီးမြှုပ်နှံသော စက်ရုံအလုပ်ရုံများအကြား ကျူးကျော်နေထိုင်သူများနှင့် ၎င်းတို့၏ နောက်ဆက်တွဲပြဿနာများရှိနေခြင်းမှာလည်း ရင်းနှီးမြှုပ်နှံသူများအတွက် လုံခြုံရေးပြဿနာနှင့် စိုးရိမ်ဖွယ်တစ်ရပ်အဖြစ် ထင်မြင်စေကြောင်း လှိုင်သာယာစက်မှုဇုန်မှ စက်ရုံပိုင်ရှင် တစ်ဦးက ဆိုသည်။ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ၄၅ ရက်အတွင်း ကျူးကျော်စာရင်းကောက်ယူမည်ဟု ဆိုထားပြီး နေရာချထားရေးစီမံကိန်းကို မည်သည့် အချိန်တွင် အပြီးဆောင်ရွက်မည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။ ၂၀၁၆ ခုနှစ် ဧပြီ ၅ ရက်

ကျူးကျော်နေထိုင်သူများအရေးကိစ္စတွင် နေရာချထားမှုနှင့် အလုပ်အကိုင်ကိစ္စရပ်များအပြင် အခြားအလေးထားရမည့် ကိစ္စများစွာလည်း ရှိပါသေးသည်။ ကျူးကျော်အများစုနေထိုင်ရာ ကျူးကျော်ရပ်ကွက်များတွင် အိမ်များကို ပြွတ်သိပ်ပြီး ဆောက်ထားကြသည့်အတွက် ရေစီးရေလာကောင်းမွန်မှုမရှိခြင်း၊ မိလ္လာစနစ်များ၊ ရေဆိုးစနစ်များမရှိခြင်း၊ တိရစ္ဆာန်များ အထိန်းအကွပ်မရှိမွေးမြူထားခြင်း၊ စည်းကမ်းမဲ့ အမှိုက်ပစ်ခြင်းများကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာများနှင့် ကူးစက်ရောဂါများ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။

လိုအပ်မှုများကို ဆက်လက်တင်ပြလုပ်ဆောင်ရန် လိုအပ်သည်ဟုလည်း ဆွေးနွေးခဲ့သည်။

ကျူးကျော်နေထိုင်သူအများစုမှာလည်း ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ရွှေ့ပြောင်းရောက်ရှိလာကြသူများဖြစ်ပြီး ၎င်းတို့ဒေသတွင် လုပ်ကိုင်စားသောက်ရန် အဆင်မပြေခြင်းများက ရန်ကုန်မြို့ရှိ ကျူးကျော်အရေအတွက်ကို တိုးပွားလာစေသည့် အဓိကအချက်ဖြစ်စေခဲ့ကြောင်း ကျူးကျော်အရေးကူညီဆောင်ရွက်သူ အချို့က သုံးသပ်ပြောကြားသည်။ ထိုသို့လုပ်ဆောင်ရာတွင် အစိုးရအပြင် အခြားသော လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့များအနေဖြင့် ကျူးကျော်နေထိုင်သူများအတွက်လည်း အဆင်ပြေစေရန် နေရာအခက်အခဲကို စီစဉ်ပေးခြင်းနှင့် ၎င်းတို့ အခြေတကျဖြစ်စေရေးအတွက် အလုပ်အကိုင်များ စီမံပေးခြင်းမျိုးတို့ကို နှစ်ဦးနှစ်ဖက်ကြား ပါဝင်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ပါသည်။ ကျူးကျော်နေထိုင်သူများအရေးကိစ္စတွင် နေရာချထားမှုနှင့် အလုပ်အကိုင်ကိစ္စရပ်များအပြင် အခြားအလေးထားရမည့် ယင်းနေရာတစ်ဝိုက်တွင် နေထိုင်သူအားလုံးကိုလည်း အခြားဒေသများသို့ သွားလာခွင့်များ ယာယီကန့်သတ်ခဲ့ကြောင်း သိရသည်။ အဆိုပါနေရာတွင် အိမ်နေရာများ ပြွတ်သိပ်နေပြီး နေထိုင်သူအများစုမှာလည်း ရွှေ့ပြောင်းလာရောက်နေထိုင်သူများဖြစ်ရာ ရောဂါကူးစက်နိုင်ခြေမှာလည်း ပိုမိုမြင့်မားနိုင်ကြောင်းကို မင်္ဂလာဒုံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လှိုင်ဝင်းက ပြောကြားခဲ့သည်။ ကျူးကျော်နေထိုင်သူများမှာ ကျန်းမာရေးအသိပညာနည်းပါးခြင်း၊ ကြိုတင်ကာကွယ်မှုများ မပြုလုပ်နိုင်ခြင်း၊ နေထိုင်မှု ပြွတ်သိပ်ပြီး တစ်ဦးနှင့်တစ်ဦး ကူးစက်နိုင်ခြေများပြားခြင်းတို့ကြောင့် ကျူးကျော်အရေးကိစ္စများကို ကိုင်တွယ်ဖြေရှင်းမည်ဆိုပါက ကျန်းမာရေးရှုထောင့်မှလည်း ထည့်သွင်းစဉ်းစားပြီး ၎င်းတို့အား ကျန်းမာရေးဆိုင်ရာ ဗဟုသုတများကိုပါပေးရန် လိုအပ်ပါသည်။

ထို့ပြင် လှိုင်သာယာမြို့နယ်တွင် ကျူးကျော်ဦးရေ တစ်သိန်းကျော် နေထိုင်လျက်ရှိပြီး ကျူးကျော်အများဆုံး နေထိုင်ရာနေရာဖြစ်သည့်အပြင် စက်ရုံ၊ အလုပ်ရုံ အများဆုံး တည်ရှိရာနေရာလည်းဖြစ်သည်။ ထို့အတွက်ကြောင့် နိုင်ငံတကာမှ လာရောက်ရင်းနှီးမြှုပ်နှံသော စက်ရုံအလုပ်ရုံများအကြား ကျူးကျော်နေထိုင်သူများနှင့် ၎င်းတို့၏ နောက်ဆက်တွဲပြဿနာများရှိနေခြင်းမှာလည်း ရင်းနှီးမြှုပ်နှံသူများအတွက် လုံခြုံရေးပြဿနာနှင့် စိုးရိမ်ဖွယ်တစ်ရပ်အဖြစ် ထင်မြင်စေကြောင်း လှိုင်သာယာစက်မှုဇုန်မှ စက်ရုံပိုင်ရှင် တစ်ဦးက ဆိုသည်။ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ၄၅ ရက်အတွင်း ကျူးကျော်စာရင်းကောက်ယူမည်ဟု ဆိုထားပြီး နေရာချထားရေးစီမံကိန်းကို မည်သည့် အချိန်တွင် အပြီးဆောင်ရွက်မည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။ ၂၀၁၆ ခုနှစ် ဧပြီ ၅ ရက်

အစိုးရသစ်ကို တောင်းဆိုသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင်လည်း ကျူးကျော်များ အတင်းအကျပ်နှင်းမထုတ်ရေး၊ ဆင်းရဲသားပြည်သူကို ကာကွယ်ပေးသည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရေးနှင့် ကျူးကျော်နေပြည်သူများအတွက် စနစ်တကျ အမှိုက်စွန့်ပစ်သည့် စနစ်တစ်ခုရရှိရေးတို့ကို အဓိကထားတောင်းဆိုခဲ့ကြကြောင်း သိရသည်။

ထိုသို့သော အကြောင်းအချက်များကြောင့် ယခင်အစိုးရလက်ထက်က ဆောင်ရွက်ခဲ့သော ကျူးကျော်များကို ဖျက်သိမ်းနေခြင်းထက် ၎င်းတို့၏ အရေအတွက်စာရင်းများကို စနစ်တကျကောက်ယူပြီး ယာယီနေထိုင်နေရေး စီစဉ်ပေးခြင်း၊ ယင်းမှတစ်ဆင့် အမှန်တကယ်အိုးပိုင်အိမ်ပိုင်မရှိသည့် ကျူးကျော်နေထိုင်သူများ စနစ်တကျ နေထိုင်နိုင်ရေး အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့အစည်း၊ ကုမ္ပဏီများက ပူးပေါင်းနည်းလမ်းရှာ ဖြေရှင်းပေးရန် လိုအပ်သည်ဟု မြို့ပြအင်ဂျင်နီယာ ပညာရှင်များက အကြံပြုပြောဆိုကြသည်။ ။

မုံရွာမြို့နယ် သာစည်ကျေးရွာ မဟာစေတီလှဘုရားကြီးပွဲတော်တွင် မီးပုံးပျံလွှတ်ပွဲအတွက် ပြင်ဆင်မှုများပြုလုပ်လျက်ရှိ

မုံရွာ အောက်တိုဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် သာစည်ကျေးရွာ မဟာစေတီလှဘုရားကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သီတင်းကျွတ်လပြည့်နေ့မီးပုံးပျံလွှတ်ပွဲအတွက် ပြင်ဆင်မှုများကို မဟာစေတီလှ ဘုရားကြီးဝင်းအတွင်းရှိ နှစ်(စ၀၀)ပြည့် ဓမ္မာရုံကြီး၌ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မီးပုံးပျံပြုလုပ်နေမှုနှင့်ပတ်သက်ပြီး "အဘတို့ကျေးရွာမှာက မီးပုံးပျံလွှတ်ပွဲကို နှစ်စဉ်ကျင်းပလာတာ ခေတ်အဆက်ဆက်ပဲ။ အဘတို့လက်ထက်မှာလည်း ဆက်ပြီးကျင်းပတာပါ။ မီးပုံးပျံတစ်လုံးကို ငွေကျပ်သောင်း ၈ဏန်းလောက်ကတည်းက စလုပ်တာ အခုဆိုရင် နှစ်သိန်းခွဲ၊ သုံးသိန်းလောက်ကုန်တယ်။ မီးပုံးပျံတစ်လုံး လုပ်ဖို့အတွက် မှိုင်းခံစက္ကူအရွက် ၁၂၀၀၊ ပိတ်သားအဖြူစ ကိုက် ၅၀၊ မီးစာပြုလုပ်ဖို့ချည် ငါးပိသာ၊ ရေနံချေး ၁၀ ပိသာလိုတယ်။ အဘတို့လုပ်တဲ့မီးပုံးပျံက ပေ ၃၀ လောက်ရှိတယ်။ ထိပ်ဝအကျယ်က ၁စကောင်၊ ခါးလုံးပတ်က ၁၁ တောင်ရှိတယ်။ ဟိုတုန်းကတော့ ဘုန်းတော်ကြီးတွေက မီးပုံးပျံတွေ လုပ်ကြတယ်။ ပန်းချီဆရာတွေက ရုပ်ပုံတွေ ရေးကြတယ်။ အခုကျတော့ အဘတို့က မီးပုံးပျံပဲလုပ်ကြတယ်။ ပန်းချီတော့မဆွဲနိုင်တော့ဘူး။ မီးပုံးပျံတစ်လုံးကို လူ ၁၀ ဦးကနေပြီး ၃၀လောက်နဲ့ နေပူရင် ၁၀ ရက်လောက်လုပ်ရတယ်။ လွှတ်ဖို့အထိ ဆိုရင်တော့ ၁၅ ရက်လောက် ကြိုပြီးပြင်ဆင်ရတယ်။ သီတင်းကျွတ်လပြည့်နေ့ရောက်ရင် မီးပုံးပျံလွှတ်ပွဲနဲ့အတူ မြန်မာ့ရိုးရာ နဂါးအကတွေလည်း ပါတယ်။ နဂါးအကကတော့ ဟိုတုန်းက နှစ်ရှာလောက် လာကတယ်။ အခုညောင်ဒူးကျေးရွာတစ်ရွာပဲ လာပြီးကတော့တယ်။ မီးပုံးပျံလွှတ်ပွဲကို သာစည်ကျေးရွာနယ်ပိုင် ၆၄ ရွာက ပြည်သူတွေက လာကြတယ်။ အခုကျတော့ မြို့နယ်တစ်ခုလုံးက လာကြပါတယ်။ ဒေသရဲ့ရိုးရာအစဉ်အလာပွဲတစ်ခုလိုဖြစ်နေပါပြီ"ဟု သာစည်ကျေးရွာမှ မိုးပုံးပျံဖြစ်မြောက်ရေးအဖွဲ့ဝင်တစ်ဦးက ပြောသည်။

သာစည်ကျေးရွာသည် မုံရွာမြို့နှင့် ၁၀ မိုင်ခန့်အကွာတွင်တည်ရှိပြီး အဆိုပါကျေးရွာတွင် နှစ်စဉ်ကျင်းပသည့် သမိုင်းဝင်မဟာစေတီလှ ဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကြီးတွင် မီးပုံးပျံလွှတ်ပွဲတော်နှင့်အတူ နဂါးအကလည်းပါဝင်ပြီး သာစည်ကျေးရွာတစ်ဝိုက်သာမက မုံရွာမြို့နယ်အတွင်းရှိ ကျေးရွာများပါ လာရောက်ဆင်နွဲကြကြောင်း သိရသည်။

မုံရွာမြို့နယ် သာစည်ကျေးရွာ မဟာစေတီလှဘုရားကြီး သီတင်းကျွတ်လပြည့်နေ့ မီးပုံးပျံလွှတ်ပွဲသို့ မုံရွာမြို့နယ်အတွင်းမှ ကျေးရွာပေါင်း ၄၀ ကျော်နှင့် အရာတော်မြို့နယ် အတွင်းမှာ ကျေးရွာ ၂၀ ကျော် နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့ နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းဝေ(မုံရွာ)

ပြည်တွင်းရေးရာ

❖ ရခိုင်ပြည်နယ်မှ

ဆောင်ရွက်နေမှု၊ ပြည်နယ်အစိုးရ၏ ဆောင်ရွက်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့က ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီဖွဲ့စည်းပြီး ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားနေသည့် ပြဿနာသည် ရေရှည်အမြစ်တွယ်လာခဲ့သည့် ပြဿနာဖြစ်သဖြင့် ဤပြဿနာကို ဖြေရှင်းကိုင်တွယ်မည်ဆိုလျှင် ရေရှည်ကိုကြည့်ပြီး ဆောင်ရွက်ရန် လိုအပ်မှု၊ ဤပြဿနာသည် သိမ်မွေ့ပြီး အထိအခိုက်မခံသည့်၊ ထိလွယ်ရှလွယ်သည့် ပြဿနာဖြစ်သည့်အတွက် ဖြေရှင်းဆောင်ရွက်ရာတွင် သေချာစဉ်းစားပြီး နည်းလမ်းရှာ ဆောင်ရွက်သွားရန် လိုအပ်မှု၊ ဒေသတည်ငြိမ်ရန်လိုအပ်မှုနှင့် အခါအားလျော်စွာ ယခုကဲ့သို့ မတည်ငြိမ်မှုများ ပေါ်ပေါက်ခြင်းမှာ တည်ငြိမ်မှုကို မလိုလားသူများ၊ အဖွဲ့အစည်းများက ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်ဟု ယေဘုယျ မှတ်ယူနိုင်မှု၊ မိမိတို့အနေဖြင့် တည်ငြိမ်မှုကို ထိန်းသိမ်းရန် အလေးထားမှု၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားသည့်ကိစ္စသည် ပြည်ထောင်စုနိုင်ငံတစ်ခုလုံးအတွက် သက်ရောက်သည့် ကိစ္စဖြစ်မှုနှင့် နိုင်ငံ၏ကိစ္စဟု သဘောထားဆောင်ရွက်လျက်ရှိမှု၊ ယခုဖြစ်ရပ်ဖြစ်ပွားစဉ်ကပင် ဆွေးနွေးမှုများ၊ အစည်းအဝေးများ ပြုလုပ်ပြီး လုံခြုံရေးထိန်းသိမ်းသည့် လုပ်ငန်းကို သက်ဆိုင်ရာ လုံခြုံရေးထိန်းသိမ်းသည့်အဖွဲ့အစည်းများက ကြပ်ကြပ်မတ်မတ် ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် လုပ်ငန်းများဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့မှု၊ တစ်ချိန်တည်းတွင် ပြည်သူများ စိုးရိမ်ပူပန်မှု မရှိစေရန် ယခုဖြစ်ပေါ်နေသည့် ကောလာဟလများကို ထင်မြင်မှုများ၊ စိုးရိမ်ပူပန်မှုများ မဖြစ်စေရန်၊ ယခုထက်ပို၍ တည်ငြိမ်မှုကို မလိုလားသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများက မဆိုင်သည့်ဘက်ကို ပုံကြီးချဲ့ပြီး ဆွဲဆန့်လုပ်ကိုင်မှု မရှိရအောင်၊ မတည်ငြိမ်မှုများ ထပ်မံမဖြစ်ပွားရအောင် ထိန်းသိမ်းနိုင်ရန် ကြိုးစားခဲ့မှု၊ စိုးရိမ်ပူပန်မှုများ ရှိနိုင်သော်လည်း စိုးရိမ်ကြောင့်ကြမှုများကို လိုသည်ထက်ပိုပြီး ပြန်လည်တုံ့ပြန်ပါက တစ်ခါတစ်ရံ တိမ်းစောင်းလွဲချော်မှုများ ရှိနိုင်သည့်အတွက် ချိန်ဆဆောင်ရွက်ရန် လိုအပ်မှုတို့ကို ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ဖြစ်စဉ်အမှန်များကို အချိန်နှင့်တစ်ပြေးညီတင်ပြသွားရန် စီစဉ်ထားမှု၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုနှင့် အကြံဉာဏ်များ ရယူပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျူးလွန်သူများကို တည်ဆဲဥပဒေများနှင့်အညီ ထိထိရောက်ရောက် ပြတ်ပြတ်သားသား အရေးယူမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ ဆက်ဆံရေးနယ်ပယ်တွင် အမှန်အတိုင်း သိရှိအောင် တစ်ချိန်တည်းတွင် ဖြေရှင်းဆောင်ရွက်လျက်ရှိမှု၊ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေတို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးခင်မောင်တင်တို့က မိတ်ဆက်စကား ပြောကြားကြသည်။

ထို့နောက် အောက်တိုဘာ ၉ ရက်တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ် သူရဝန်းလွင်က ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲတက်ရောက်လာကြသည့် မြို့မိမြို့ဖဉ္ဇင္ဒ၊ အဖွဲ့ဝင်နှင့် ဒေသခံပြည်သူများက ၎င်းတို့၏ သဘောထားအမြင်များ၊ အကြံပြုချက်များ၊ ခံစားချက်များကို ဆွေးနွေးတင်ပြကြသည်။

စစ်တွေမြို့ မြို့မိမြို့ဖ ဉဇ္ဇင္ဒ ဦးမောင်သာစိန်က ယခုဖြစ်ပွားမှုမှာ လတ်တလော အခြေအနေဖြစ်သော်လည်း သမိုင်းကွင်းဆက်အရ အစိုးရအဆက်ဆက်တွင် တာဝန်ရှိကြောင်း၊ အနောက်ဘက်တံခါးသည် ကျိုးပေါက်နေကြောင်း၊ တရားမဝင် ဝင်ရောက်မှုများ များပြားနေကြောင်း၊ ယခုဖြစ်စဉ်နှင့်ပတ်သက်၍ စိတ်ဒဏ်ရာကို အမြန်ဆုံးကုသရန် အရေးကြီးကြောင်း၊ ၎င်းတို့နောက်ပါရှိသွားသည့် လက်နက်ခဲယမ်းများကို အမြန်ပြန်ယူနိုင်ရန် လိုအပ်ကြောင်း၊ ယခုဖြစ်စဉ်ကို အခွင့်အခါကောင်းအဖြစ် မှတ်ယူပြီး စဉ်းစားဆုံးဖြတ်ရန် လိုကြောင်း၊ မိမိတို့ မြို့မိမြို့ဖများအနေဖြင့် ရခိုင်ပြည်နယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

စစ်တွေမြို့ မြို့မိမြို့မ အဖွဲ့ဝင်၊ မြို့နယ် စာရေးဆရာ အဖွဲ့ဝင် မိုးယံစိုးဝင်းက ယခုဖြစ်စဉ်နှင့်ပတ်သက်၍ ကြိုတင်သတင်းရယူနိုင်မှု အားနည်းခဲ့သည်ဟု သုံးသပ်နိုင်ကြောင်း၊ လာရောက်တိုက်ခိုက်သူများမှာ မည်သူမည်ဝါဖြစ်သည်ကို ဖော်ထုတ်ရန် လိုကြောင်း၊ ၎င်းတို့အနေဖြင့် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်သွားခြင်းဖြစ်ကြောင်း၊ အဓိက ရည်ရွယ်ချက်ကိုသိရှိရန် လိုကြောင်း၊ ဘယ်လိုကာကွယ်မလဲဆိုသည်ကို ရဲရဲဝံ့ဝံ့ ဖော်ထုတ်ရန် လိုကြောင်း၊ ရခိုင်ပြည်နယ်အရေးကို စဉ်းစားလျှင် နိုင်ငံသားအခွင့်အရေး၊ တိုင်းရင်းသားများ၏ အခွင့်အရေးကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

စစ်တွေမြို့ မြို့မိမြို့ဖ အဖွဲ့ဝင် ဦးသန်းရွှေက မိမိတို့ပကတိ ခံစားနေရသည့်အနေအထားကို သိရှိရန် လိုပါကြောင်း၊ ၁၉၄၂ ခုနှစ်မှစတင်ပြီး ၂၀၁၆ ခုနှစ်အထိ မိမိတို့ခံစားနေရသည့် ပြဿနာဖြစ်ပါကြောင်း၊ ခေတ်အဆက်ဆက်က မွေးဖွားလာသည့် ပြဿနာဖြစ်ပါကြောင်း၊ ပြည်သူ၊ အစိုးရ၊ တပ်မတော် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုပါကြောင်း၊ မိမိတို့ကို ယုံကြည်မှုရအောင် ဆောင်ရွက်ပေးစေလိုပါကြောင်း ဆွေးနွေးတင်ပြသည်။

ဒေသခံပြည်သူတစ်ဦးဖြစ်သူ ဦးမောင်ရွှေကျော်က မိမိတို့သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများဖြစ်ပြီး ပြဟ္မစိုရ်တရားလက်ကိုင်ထားသူများဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် သူတစ်ပါးအပေါ် ကိုယ်ချင်းစာတရားနှင့် နားလည်စာနာမှုရှိပါကြောင်း၊ မိမိတို့၏ လုံခြုံရေးစိတ်ချရရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးစေလိုပါကြောင်း ဆွေးနွေးတင်ပြသည်။

ဒေသခံတစ်ဦးက မလေးရှားနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်စဉ် ကြုံတွေ့ခဲ့ရသည့် ကိုယ်တွေ့ဖြစ်ရပ်များကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်အစိုးရအနေဖြင့် မိမိတို့နိုင်ငံသား၊ ရခိုင်တိုင်းရင်းသားများ၏ စကားကို ယုံကြည်လက်ခံပြီး လိုအပ်သလို ဖြေရှင်းဆောင်ရွက်ပေးသင့်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ဒေသခံတစ်ဦးကလည်း လက်ရှိကြုံတွေ့ခံစားနေရမှုများကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နိဂုံးချုပ်ပြောကြားရာတွင် မြို့မိမြို့ဖများ၏ တင်ပြချက်များမှာ အကြောင်းအရာအားဖြင့် ပြည့်စုံပါကြောင်း၊ မိမိအနေဖြင့် အဆိုပါတင်ပြချက်များကို ဆက်လက်သယ်ဆောင်သွားပြီး တာဝန်ရှိသူများထံ ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

စစ်တွေမြို့ မြို့မိမြို့ဖ ဉဇ္ဇင္ဒ ဦးမောင်သာစိန်

မြို့နယ်စာရေးဆရာ အဖွဲ့ဝင် မိုးယံစိုးဝင်း

ဒေသခံပြည်သူတစ်ဦးဖြစ်သူ ဦးမောင်ရွှေကျော်

ဒေသခံပြည်သူတစ်ဦး

ဒေသခံပြည်သူတစ်ဦး

☆ ကျောဖုံးမှ

အကြမ်းဖက်စီးနင်းတိုက်ခိုက်သူအင်အား ၃၀၀ ခန့်က လက်နက်ငယ်များ၊ ဓားနှင့်တုတ်များ ကိုင်ဆောင်၍ ထပ်မံတိုက်ခိုက်လာသဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ အနောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားသည်။

ဖြစ်စဉ်တွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများထံမှ အလောင်းတစ်လောင်း၊ သေနတ်နှစ်လက်နှင့် ကျည်အိမ်နှစ်ခုတို့အား သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်မှ သေနတ်နှစ်လက်ပျောက်ဆုံးကာ စစ်သည်တစ်ဦး ဒဏ်ရာရရှိပြီး စစ်သည်လေးဦး နိုင်ငံတော်အတွက် အသက်စွန့်လွှတ်ခဲ့ရသည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားရာနေရာအနီးတစ်ဝိုက်နှင့် ပတ်ဝန်းကျင်ကျေးရွာများအား တပ်မတော်စစ်ကြောင်းများက ဆက်လက်နယ်မြေရှင်းလင်းလျက်ရှိကြောင်း သိရသည်။

(မြဝတီ)

မြန်မာ့လက်ရွေးစင်အသင်း ဆိုက်ပရပ်စ် ပထမတန်းကလပ်ကို ဂိုးပြတ်နိုင်

ရန်ကုန် အောက်တိုဘာ ၁၁

ဥရောပနိုင်ငံများတွင် သွားရောက်လေ့ကျင့်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် အောက်တိုဘာ ၁၀ ရက်တွင် ဆိုက်ပရပ်စ်ပထမတန်းကလပ် ဖာမာဂူစတာအသင်းနှင့် ဆိုက်ပရပ်စ်နိုင်ငံ၌ ယှဉ်ပြိုင်ကစားခဲ့ရာ ၎င်းဂိုးပြတ်အနိုင်ရရှိခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်း-၎င်းဂိုး
ဖာမာဂူစတာ(ဆိုက်ပရပ်စ်)-ဂိုးမရှိ

မြန်မာ့လက်ရွေးစင်အသင်းသည် ဆိုက်ပရပ်စ်ပထမတန်းကလပ် ဖာမာဂူစတာအသင်းကို တိုက်စစ်မှူးအောင်သူ၏ ဟက်ထရစ်အပါအဝင် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပခြေစမ်းခရီးစဉ်တွင် ခြေစမ်းပွဲရှစ်ပွဲကစားခဲ့ရာ လေးပွဲမြောက် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် လူစာရင်းကို ပထမပိုင်းတွင် တစ်သင်း၊ ဒုတိယပိုင်းတွင်တစ်သင်းဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ပထမပိုင်းတွင် ရန်အောင်လင်း(ဂိုး)၊ ဒေးဗစ်ဒန်း၊ ဖြိုးကိုကိုသိန်း၊ ဇော်မင်းထွန်း၊ နန္ဒကျော်၊ ရဲကိုဦး၊ ရန်အောင်ကျော်၊ မောင်မောင်လွင်၊ ရန်နိုင်ဦး၊ ဝင်းနိုင်စိုး၊ အောင်သူတို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစ သုံးမိနစ်တွင် တိုက်စစ်မှူးအောင်သူက မြန်မာအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့ပြီး နောက်ပိုင်းတွင် ပွဲကို ထိန်းချုပ်ကစားနိုင်ခဲ့သည်။ အဖွင့်ဂိုးသွင်းယူခဲ့သည့် အောင်သူက ၂၆၊ ၃၇ မိနစ်တွင် နှစ်ဂိုးထပ်မံသွင်းယူကာ ဟက်ထရစ်ရခဲ့ပြီး ကျန်အနိုင်ဂိုးများကို ၂၉ မိနစ်တွင် ဝင်းနိုင်စိုး၊ ၃၆ မိနစ်တွင် မောင်မောင်လွင်က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းကစားသမားများ အပြောင်းအလဲလုပ်ခဲ့ပြီး ဂိုးထပ်မံမသွင်းနိုင်သောကြောင့် ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဥရောပခရီးစဉ်တွင် ခြေစမ်းပွဲ ရှစ်ပွဲကစားခဲ့ရာ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အောက်တိုဘာ ၁၃ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။

(ရှိုင်းထက်ဇော်)

ကြီးမြန်သစ်ပင်စိုက်ပျိုးလျှင် ဝင်ငွေလည်းရ ပြည်လည်းလု

ရခိုင်ပြည်နယ်သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ မောင်တောနှင့် ရသေ့တောင်မြို့နယ် ဖြစ်စဉ်များနှင့်ပတ်သက်၍ သြဝါဒခံယူ

ဒက္ခိဏာရာမကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တစန္ဒ ။

သဒ္ဓမ္မဂရု(ပုသိမ်)ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတ။



မဏိရတနာကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောမ။

ဓမ္မသုဓကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တသောမ။

စစ်တွေ အောက်တိုဘာ ၁၁

ရခိုင်ပြည်နယ် သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးသိန်းဆွေ၊ ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့က ရခိုင်ပြည်နယ် မောင်တောနှင့် ရသေ့တောင်မြို့နယ်ဖြစ်စဉ်များနှင့်ပတ်သက်၍ သြဝါဒခံယူပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ မဏိရတနာကျောင်းတိုက်၌ ကျင်းပသည်။

သြဝါဒခံယူပွဲတွင် ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က စစ်တွေမြို့ ဒက္ခိဏာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရှင်းလင်းလျှောက်ထားရာ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပြီး အောက်တိုဘာ ၉ ရက်က မောင်တောနှင့် ရသေ့တောင်မြို့နယ်တို့တွင် ဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပါကြောင်းနှင့် ၎င်းတို့၏ သဘောထားအမြင်များ၊ ခံစားချက်များ၊ အကြံပြုချက်များကို နားထောင်ခဲ့ပြီးဖြစ်ပါကြောင်း၊ မိမိတို့ ယခုကဲ့သို့ ကွင်းဆင်းလာရောက်သည့်အကြောင်းကို ပြည်နယ်သြဝါဒါစရိယ ဆရာတော်ကြီးများထံ လာရောက်တွေ့ဆုံလျှောက်ထားခြင်းဖြစ်ပါကြောင်းနှင့် ဆရာတော်ကြီးများ၏ ဆန္ဒသဘောထား၊ သြဝါဒကို နာယူသွားမည်ဖြစ်ပါကြောင်း တင်ပြလျှောက်ထားသည်။

ထို့နောက် ဆရာတော်များထံ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက လျှုဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သြဝါဒါစရိယ ဆရာတော်ကြီးများ ဖြစ်သည့် ဒက္ခိဏာရာမကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒ၊ သဒ္ဓမ္မဂရု (ပုသိမ်) ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတ၊ မဏိရတနာကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောမ၊ ဓမ္မသုဓကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောမ တို့က သြဝါဒကထာချီးမြှင့်ကြသည်။

ဆရာတော်ကြီးများက သြဝါဒချီးမြှင့်ရာတွင် ယခုဖြစ်ရပ်အတွက် မိမိတို့ စိတ်နှလုံးမသက်မသာဖြစ်ရမှု၊ နောင်အလားတူမဖြစ်အောင် သတိ၊ ဝီရိယဖြင့် ဆောင်ရွက်ရန် လိုအပ်မှု၊ ယခုကဲ့သို့ ခံစားမှုမျိုး မိမိတို့ အကြိမ်ကြိမ်ခံစားနေရမှု၊ အစိုးရသစ်က ပြောင်းလဲမှုများ ဖော်ဆောင်နေချိန်တွင် ယခုဖြစ်ရပ် ပေါ်ပေါက်သည်မှာ စိတ်လက်မချမ်းသာမှု၊ ယခုကိစ္စရပ်သည် အလွန်ပင်ကြီးကျယ်သည့်ကိစ္စဖြစ်မှု၊ တပ်များအင်အားဖြည့်တင်းခြင်း၊ ယခုကဲ့သို့ စစ်တွေမြို့သို့ ပြည်ထောင်စုဝန်ကြီးများ လာရောက်ခြင်းတို့ကို တွေ့ရှိရသည့်အတွက် ကျေနပ်ဝမ်းမြောက်မှု၊ ယခုကဲ့သို့ တက်တက်ကြွကြွဖြင့် လုံခြုံရေးစိတ်ချရအောင် ဆောင်ရွက်ပေးစေလိုမှု၊ နိုင်ငံတော်က ယခုကဲ့သို့ ဆောင်ရွက်နေမှုကို အားရကျေနပ်ပါကြောင်းနှင့် လုံခြုံစိတ်ချရရေးအတွက် ဆောင်ရွက်ပေးစေလိုပါကြောင်း မြွက်ကြားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ အစ္စလာမ်ဘာသာရေးအဖွဲ့များ သီးခြားစီတွေ့ဆုံ

စစ်တွေ အောက်တိုဘာ ၁၁

ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် ယနေ့ ညနေ ၄ နာရီတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အောက်တိုဘာ ၉ ရက်ကဖြစ်ပွားခဲ့သည့် ဖြစ်ရပ်နှင့် ပတ်သက်၍ ဥပဒေနှင့်အညီ ဆောင်ရွက်နေကြောင်း၊ တည်ငြိမ်အေးချမ်းရေးအတွက် အလေးထားဆောင်ရွက်နေကြောင်း၊ အမြန်ပြီးပြတ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေမြင့်က ရခိုင်ပြည်နယ်အရေးသည် ပြည်ထောင်စုအရေးသာ ဖြစ်ကြောင်း၊ သေချာဖြေရှင်းနိုင်ခြင်းက နိုင်ငံပုံရိပ်ကောင်းအဖြစ် ခံယူကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ပြည်နယ်ဥက္ကဋ္ဌ ဒေါက်တာစန်းရွှေက ယခုလုပ်ရပ်ကို အကြမ်းဖက်လုပ်ရပ်အဖြစ် ရှုမြင်မှု၊ မိမိတို့လုံခြုံရေးကို အဓိကထား တိုက်ခိုက်ခြင်းဖြစ်သဖြင့် ပြည်သူများ စိုးရိမ်သောကဖြစ်နေမှု၊ ပါတီများအနေဖြင့် လက်တွဲဆောင်ရွက်လိုမှု၊ ယခုထက် ပိုမိုဆိုးရွားစွာမဖြစ်စေရန် ရေရှည်စီမံဆောင်ရွက်ပေးစေလိုမှုတို့ကို ပြောကြားသည်။

ရခိုင်အမျိုးသားပါတီ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးသာထွန်းလှက နယ်မြေအတွင်း ခိုးဝင်သူများအား ခေတ်အဆက်ဆက်တွေ့ရမှု၊ ထို့ပြင် ခေတ်အဆက်ဆက်

စာမျက်နှာ ၉ သို့»

ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ စစ်တွေမြို့ရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ(ဝဲဘုံ)နှင့် အစ္စလာမ်ဘာသာရေးအဖွဲ့များ(ယာဘုံ)အား တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်တွင်းရေးရာ

» စာမျက်နှာ ၈ မှ

ပြဿနာ ဖန်တီးနေမှုများ၊ အနောက်ဘက် နယ်စပ် လုံခြုံရေးကို ခြိမ်းခြောက်နေမှု၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်က လွှမ်းမိုးဆောင်ရွက်နေမှု၊ တိုင်းရင်းသားကျေးရွာများတွင် လုံခြုံရေးအပြည့် ထားပေးရန် လိုအပ်မှု၊ မိမိတို့ပါတီက ပူးပေါင်းဆောင်ရွက်လိုမှုတို့ကို ပြောကြားသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်နယ်အလုပ်အမှုဆောင် ဦးအောင်ပန်းသာက ယခုကဲ့သို့ စခန်းသုံးခုကို တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်မှုနှင့်ပတ်သက်၍ သေချာစဉ်းစားရန် လိုပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကို သေချာစိစစ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ရခိုင်မျိုးချစ်ပါတီ ပြည်နယ်အထွေထွေအတွင်းရေးမှူး ဦးမောင်သန်းက ပညာရေး၊ ကျန်းမာရေး ဝန်ထမ်းများအတွက် မည်သို့ဆောင်ရွက်မည်နှင့် ဤဒေသရှိ ပြည်သူများကို စောင့်ရှောက်ပေးရန် လိုအပ်မှုတို့ကို ပြောကြားသည်။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ ပြည်နယ်ကော်မတီဝင် ဦးစိန်လှမောင်က မောင်တောကမ်းနားတစ်လျှောက် လုံခြုံရေးဆောင်ရွက်ရန်လိုအပ်မှုနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့က စီမံချက်ဖြင့် ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အမျိုးသားရင်ကြားစေ့ရေးကို ဦးစားပေးဆောင်ရွက်နေမှု၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်သူကို အချိန်နှင့်တစ်ပြေးညီ ချပြဆောင်ရွက်နေမှု၊ မိမိတို့ အစိုးရ အနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်နေမှုများကို ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က အားလုံးပူးပေါင်းဆောင်ရွက်မည်ကို သိရ၍ ဝမ်းမြောက်မှု၊ နိုင်ငံရေးကိစ္စ၊ အမျိုးသားရေးကိစ္စအဖြစ် ခံယူမှု၊ ပြည်သူ၊ အစိုးရ ညီညွတ်စွာ ပူးပေါင်းရန်လိုအပ်မှု၊ လုံခြုံရေးကိစ္စများကို အားလုံးပူးပေါင်းဆောင်ရွက်ရန်လိုအပ်မှုတို့ကို ပြောကြားခဲ့သည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စစ်တွေမြို့ပေါ်ရှိ ဒုက္ခသည်စခန်းများမှ တာဝန်ခံများ၊ ရပ်ကွက်ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ အစ္စလာမ်ဘာသာရေးခေါင်းဆောင်များအား ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(စစ်တွေ) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများက အောက်တိုဘာ ၉ ရက် အကြမ်းဖက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် အဖွဲ့များက မိမိတို့အနေဖြင့် ထုတ်ပြန်ထားသည့် ဥပဒေများကို လိုက်နာရန် အသင့်ရှိကြောင်း၊ ယခုဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များအပေါ် ကန့်ကွက်ရှုတ်ချကြောင်း၊ အားပေးမှုလည်းမရှိကြောင်း၊ အစိုးရကို ပုန်ကန်သည့် မည်သည့်အဖွဲ့အစည်းကိုမဆို လက်မခံကြောင်း၊ အကြမ်းဖက်မှုတွင် ပါဝင်သူများကိုလည်း ဥပဒေအရ ထိထိရောက်ရောက်အရေးယူပေးစေလိုကြောင်း၊ ယခုအကြမ်းဖက်မှုများ မောင်တောတွင် ဖြစ်ပွားခဲ့သည်ကိုသိရကြောင်း၊ ၂၀၁၂ ခုနှစ်ကလည်း မောင်တောတွင် အကြမ်းဖက်မှုဖြစ်ပွားခဲ့ပြီး အဆိုပါဖြစ်စဉ်ကြောင့် စစ်တွေ၊ ကျောက်တော်၊ မြောက်ဦးရှိ ပြည်သူများ မြေစာပင် ဖြစ်ခဲ့ရကြောင်း ပြောကြားသည်။

(သတင်းစဉ်)

မြင်းခြံအကျဉ်းထောင်တွင် အကျဉ်းသားများ ခိုက်ရန်ဖြစ်ပွားရာမှ ဆူပူမှုဖြစ်

နေပြည်တော် အောက်တိုဘာ ၁၁

မြင်းခြံအကျဉ်းထောင်တွင် အကျဉ်းသားအချင်းချင်း ခိုက်ရန်ဖြစ်ပွားရာမှတစ်ဆင့် စည်းကမ်းတင်းကျပ်မှုအပေါ် မကျေနပ်၍ အကျဉ်းသားများက ဆူပူအော်ဟစ်ခဲ့မှုအပေါ် တာဝန်ရှိသူများက အကျဉ်းသားကိုယ်စားလှယ်များနှင့်တွေ့ဆုံပြီး အခြေအနေကို ထိန်းသိမ်းခဲ့ရကြောင်းသိရသည်။

မြင်းခြံအကျဉ်းထောင်တွင် ယနေ့နံနက် ၅ နာရီခွဲခန့်က ထောင်ဖွင့်တန်းစီလူစစ်ဆေးစဉ် အိပ်ဆောင်(၁)၌ အကျဉ်းသား ကျော်ကိုကို(ခေါ်)ကောင်လေး(ခေါ်)ဇြိမ်းသူနှင့် စည်းကမ်းထိန်းအကျဉ်းသား ဆန်းကျော်(ခေါ်)ကျော်ကြီးတို့သည် လူဦးရေကျပ်တည်းမှုကြောင့် အိပ်ရာနေရာစီမံခြင်းအပေါ် မကျေနပ်သဖြင့် ခိုက်ရန်ဖြစ်ပွားခဲ့ရာ အကျဉ်းသား ကျော်ကိုကိုအား သီးခြားတိုက်ခန်းအမှတ်(၁)သို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ တစ်ချိန်တည်းတွင် အိပ်ဆောင်(၂)၌ အကျဉ်းသား ကျော်ကျော်မင်း(ခေါ်)ကျော်ကြီးသည် စည်းကမ်းထိန်းအကျဉ်းသား ကျော်မိုးလင်းနှင့် ထပ်မံစကားများခိုက်ရန်ဖြစ်ပွားခဲ့သဖြင့် အကျဉ်းထောင်ဝန်ထမ်းများက ဖျန်ဖြေထိန်းသိမ်းစဉ် အိပ်ဆောင်(၁)ရှိ အကျဉ်းသားများက စည်းကမ်းတင်းကျပ်မှုအပေါ်မကျေနပ်၍ နံနက် ၆ နာရီ ၄၅ မိနစ်မှစ၍ ဆူပူအော်ဟစ်ခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ မြင်းခြံခရိုင်ရဲမှူးကြီး၊ မြင်းခြံမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့၊ ခရိုင်တရားသူကြီးနှင့်အဖွဲ့၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များသည် နံနက် ၇ နာရီ ၂၅ မိနစ်တွင် အဆိုပါအကျဉ်းထောင်သို့ရောက်ရှိခဲ့ကြပြီး ထောင်တွင်းစည်းကမ်းထိန်းရုံးတွင် အကျဉ်းသားကိုယ်စားလှယ်များနှင့် ယနေ့ နံနက် ၉ နာရီခွဲမှစ၍ တွေ့ဆုံပြောကြားခဲ့ပြီးနောက် နံနက် ၁၁ နာရီတွင် ဆူပူမှုရပ်ဆိုင်းခဲ့ကြောင်းနှင့် အခြေအနေကို ထိန်းသိမ်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း မျက်စိဆရာဝန်များ၏ နှစ်ပတ်လည်ညီလာခံ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံဆရာဝန်အသင်း၏ မျက်စိရောဂါပညာအဖွဲ့က ကြီးမှူးကျင်းပသော (၂၈)ကြိမ်မြောက် မျက်စိဆရာဝန်များ၏ နှစ်ပတ်လည်ညီလာခံအား အောက်တိုဘာ ၂၅ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ NOVOTEL HOTEL ၌ ကျင်းပမည်ဖြစ်သည်။

ညီလာခံတက်ရောက်ရန်အတွက် မှတ်ပုံတင်ခြင်းကို အောက်တိုဘာ ၂၀ ရက်မှ ၂၁ ရက်အထိ ရန်ကုန် မျက်စိအထူးကုဆေးရုံကြီးနှင့် အောက်တိုဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် NOVOTEL HOTEL ၌ ပြုလုပ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံနှင့် အတူတကွရပ်တည်လျက်ရှိကြောင်း အီးယူ ထုတ်ပြန်ကြေညာ

နေပြည်တော် အောက်တိုဘာ ၁၁

ရခိုင်ပြည်နယ်ရှိ နယ်ခြားစောင့်စခန်းသုံးခု တိုက်ခိုက်ခံရမှုများအတွင်း ကျဆုံးကွယ်လွန်သွားခဲ့ကြသူများ၏ မိသားစုများအား ဥရောပသမဂ္ဂ(အီးယူ)မှ ဝမ်းနည်းစာနာကြောင်း ပြောကြားလိုပါသည်။ ဖြစ်ပွားခဲ့သော ဖြစ်ရပ်အတွက် ရဲတပ်ဖွဲ့၏စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရမည်ဖြစ်ပြီး တိုက်ခိုက်မှုကျူးလွန်သူများကိုလည်း တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်ဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် အီးယူအနေဖြင့် ပါဝင်ပတ်သက်သူများအားလုံးကို တာဝန်ရှိရှိ ထိန်းထိန်းသိမ်းသိမ်း ပြုမူဆောင်ရွက်ကြပါရန်နှင့် စုံစမ်းစစ်ဆေးမှုများကို ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းပါသည်။ အီးယူ အနေဖြင့် ယခုကဲ့သို့ အခက်အခဲကြီးတွေ့နေရသည့် ကာလများတွင် မြန်မာနိုင်ငံနှင့်အတူတကွ ရပ်တည်လျက်ရှိပါသည်။

(European Union in Myanmar)

အစ္စမာန်(ဘ)ဆော်ဒူလာမီ

ကျေးရွာတာဝန်ခံ အဘူကာလာမ်(ဘ)အဒူဘော်ရှော

ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော် စည်ကားစွာကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၁

နိုးရာအစဉ်အလာမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲကို ယခုနှစ် အောက်တိုဘာ ၁၃ ရက်မှ ၁၇ ရက်ထိ ပုဇွန်တောင်မြို့နယ် ရေကျော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရေကျော်မီးထွန်းပွဲတော် ကျင်းပရေးကော်မတီထံမှ သိရသည်။

ယခင်နှစ်များက ရေကျော်မီးထွန်းပွဲတော်နှင့် စျေးရောင်းပွဲကို ပုဇွန်တောင်မြို့နယ်(၉)ရပ်ကွက်နှင့် (၁၀)ရပ်ကွက်တို့သာ ပူးပေါင်းကျင်းပခဲ့သော်လည်း ယခုနှစ်တွင် (၇)ရပ်ကွက်ပါ ပါဝင်လာသဖြင့် ပိုမိုစည်ကားနိုင်ကြောင်း သိရသည်။

"အခုနှစ် ရေကျော်မီးထွန်းပွဲတော်ကိုလာရောက်သူတွေ အေးအေးချမ်းချမ်းနဲ့ ပျော်ပျော်ရွှင်ရွှင် ပါဝင်နိုင်အောင် လုံခြုံရေးနဲ့ကျန်းမာရေးအစီအစဉ်တွေကို အားဖြည့်သွားမှာဖြစ်ပါတယ်။ လုံခြုံရေးပိုင်းအနေနဲ့ အချက်အချာကျတဲ့နေရာတွေမှာ CCTV ကင်မရာ ၁၆ လုံး တပ်ဆင်စောင့်ကြည့်သွားမယ်။ ဆက်စပ်ရပ်ကွက်တွေက ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့တွေနဲ့ ပူးပေါင်းပြီး ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့က တွဲဖက်စောင့်ကြပ်သွားမှာပါ။ ကျန်းမာရေးအနေနဲ့ကတော့ မြို့နယ်ကျန်းမာရေးဦးစီးဌာနနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပုဇွန်တောင်မြို့နယ် (၉)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်ကရှင်းပြသည်။

ရေကျော်သီတင်းကျွတ် မီးထွန်းပွဲတော်ကာလ အတွင်း အောက်တိုဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် မာယာဒေဝီ တေးသရုပ်ဖော်၊ အောက်တိုဘာ ၁၅ ရက်တွင် ဟားတစ်သိုက် လူရွှင်တော်အဖွဲ့၊ အောက်တိုဘာ ၁၆ ရက်တွင် အိပ်မက်ဆုံရာတေးသီဆိုဖျော်ဖြေမှု၊ အောက်တိုဘာ ၁၇ ရက်တွင် 5 Star လူရွှင်တော်အဖွဲ့တို့က ပွဲတော်လာသူများအား ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ရေကျော်မီးထွန်းပွဲတော်တွင် စျေးဆိုင်ခန်း ၁၀၀ ကျော်အပါအဝင် အသုံးအဆောင်နှင့် အစားအသောက် ရောင်းချသည့် အရောင်းဆိုင်များကို ညနေ ၅ နာရီမှ ည ၁၂ နာရီခန့်အထိ ဖွင့်လှစ်ရောင်းချခွင့်ပေးသွားမည်ဖြစ်ပြီး စျေးဆိုင်ခန်းနေရာများကို လူဟောင်းဦးစားပေးစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကာ သန့်ရှင်းရေးကို မြို့နယ်စည်ပင်မှ လင်းပြောင်စနစ်ဖြင့် ရှင်းလင်းသိမ်းဆည်းပေးသွားမည်ဖြစ်သည်။

မြန်မာ့ရိုးရာရေကျော်မီးထွန်းပွဲတော်ကို လွန်ခဲ့သော နှစ်ပေါင်း ၆၀ ခန့်ကတည်းက အစဉ်အလာမပျက်ကျင်းပလာခဲ့ပြီး ၂၀၀၁ ခုနှစ်နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် မကျင်းပနိုင်ခဲ့ဘဲ ၂၀၁၀ ခုနှစ်မှ ယခုနှစ်ထိ တိုင်အောင် နှစ်စဉ် စည်ကားသိုက်မြိုက်စွာဆက်လက်ကျင်းပလျက်ရှိကြောင်း သိရသည်။

(အောင်ကျော်ဦး)

တပ်မတော်စစ်ကြောင်းများက မောင်တောမြို့နယ်ကျေးရွာများအတွင်း ဝင်ရောက်ရှင်းလင်းစဉ် အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ လေးဦး ဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၁

ရခိုင်ပြည်နယ် မောင်တောမြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့တွင် ဖြစ်ပွားခဲ့သောဖြစ်စဉ်များနှင့်ပတ်သက်၍ မောင်တောမြို့နယ် ကျေးရွာများအတွင်း အကြမ်းဖက်စီးနင်းတိုက်ခိုက်သူများ ဝင်ရောက်ခိုအောင်းနေထိုင်လျက်ရှိကြောင်း သတင်းများအရ တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းလျက်ရှိသည်။

ထိုသို့ရှင်းလင်းစဉ် အောက်တိုဘာ ၉ ရက် ည ၈ နာရီခွဲခန့်က ငါးခူရကျေးရွာဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် အန်ဒရာမူလာကိန်းနှင့် မော်လဝီဖော်ဒီတာလောင်တို့ နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီခန့်က တောင်ပိုင်ညာကျေးရွာအား ဝင်ရောက်ရှင်းလင်းစဉ် ရွာသားရှစ်ဦးခန့်က ဓား၊ တုတ်များဖြင့် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လာမှုကြောင့် ပြန်လည်ပစ်ခတ်ရှင်းလင်းရာ အကြမ်းဖက်စီးနင်းတိုက်ခိုက်သူ အလောင်း ခုနစ်လောင်းနှင့် ၎င်းတို့ကိုင်ဆောင်တိုက်ခိုက်ခဲ့သော ဓား၊ တုတ်များအား သိမ်းဆည်းရမိခဲ့သည်။

အလားတူ မောင်နှမအလယ်ကျေးရွာအတွင်း ကျီးကန်းပြင်စခန်း၌နေ့ချုပ် လက်နက်တိုက်များ ဖောက်ထွင်းရာတွင် အဓိကပါဝင်သူ နှစ်ဦး ပုန်းခိုနေထိုင်လျက်ရှိကြောင်းနှင့် လက်နက်များသိုဝှက်ထားကြောင်း သတင်းများအရ တပ်မတော်စစ်ကြောင်းများက အောက်တိုဘာ ၁၁ ရက် နံနက် ၅ နာရီခန့်တွင် ဝင်ရောက်ရှင်းလင်းရာ ဝဲဘက်ခြေထောက်တွင် ဒဏ်ရာများရရှိထားသည့် အစ္စမာန်နှင့် ကျေးရွာတာဝန်ခံ အဘူကာလာမ်တို့ နှစ်ဦးကို ဖမ်းဆီးရမိခဲ့သဖြင့် စစ်ဆေးမေးမြန်းခဲ့ရာ ၎င်းတို့နှစ်ဦးမှာ ကျီးကန်းပြင်စခန်းအား အကြမ်းဖက်စီးနင်းတိုက်ခိုက်စဉ် ပါဝင်ခဲ့သူများဖြစ်ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများသည် အကြမ်းဖက်ဖြစ်စဉ်များ၌ ပါဝင်ခဲ့သူများ ဖော်ထုတ်ဖမ်းဆီးနိုင်ရေးနှင့် လက်နက်များသိုဝှက်ထားသည့်နေရာများကို ရှာဖွေရှင်းလင်းနိုင်ရေး ဖမ်းဆီးရမိသူ အကြမ်းဖက်သမားလေးဦးအား စစ်ဆေးမေးမြန်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဖွံ့ဖြိုးတိုးတက်လာသည့် ဖျာပုံမြို့နယ်အတွင်းရှိ မြစိမ်းရောင်ကျေးရွာလေးများ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ
သင်ပြေထွန်း

မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို အမှန်တကယ်အထောက်အကူဖြစ်စေသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို နိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်ကာ ယနေ့အထိ အရှိန်အဟုန်မြင့်တင် အကောင်အထည်ဖော်ဆောင်ရွက်နေသော နိုင်ငံတော်အဆင့်စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရသည်။ ယင်းစီမံကိန်းနှင့်ပတ်သက်၍ ဖျာပုံမြို့နယ်အတွင်းရှိ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာလေးများသို့ ရောက်ရှိခဲ့ရာ "ကျွန်တော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းစတင်ကတည်းက ကျေးရွာမြစိမ်းရောင်ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပေးခဲ့တာပါ။ ရွာမှာ အိမ်ထောင်စု ၅၁၇ စုရှိတဲ့ထဲက လက်ရှိ ၄၃၉ ဦးကို လည်ပတ်ရန်ပုံငွေထုတ်ချေးပေးနိုင်ခဲ့ပါတယ်။ အသင်းသားတစ်ဦးကို ငါးသောင်း၊ ခြောက်သောင်းကနေ တစ်သိန်း၊ နှစ်သိန်းစသဖြင့် ထုတ်ချေးပေးခဲ့တာ လက်ရှိမှာ တစ်ဦးကို သုံးသိန်းနှစ်သောင်းဝန်းကျင်အထိ သူတို့ရဲ့ ကျောထောက်နောက်ခံ ပကတိအခြေအနေပေါ်မူတည်ပြီး သတ်မှတ်ချက်နဲ့အညီ ထုတ်ချေးပေးခဲ့တာ ဖြစ်ပါတယ်။ လည်ပတ်ရန်ပုံငွေထုတ်ယူခွင့်ရရှိသူတွေကလည်း မိမိတို့နဲ့သင့်တော်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နဲ့ အခြားအသက်မွေးဝမ်းကျောင်းအထောက်အကူပြု လုပ်ငန်းတစ်ခုခုမှာ ရင်းနှီးလုပ်ကိုင်ဆောင်ရွက်ပြီး သတ်မှတ်ကာလအတွင်း ကျသင့်တဲ့အတိုးနှုန်းပေးသွင်းကာ အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ မကြာခင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကာလ သုံးနှစ်တင်းတင်းပြည့်တော့မှာဖြစ်ပါတယ်။ သုံးနှစ်ပြည့်အထိမ်းအမှတ်အနေနဲ့ ရရှိတဲ့အတိုးနှုန်းအပေါ်မူတည်ပြီး ကျေးရွာမှာ မြစိမ်းရောင်မှတ်တိုင်လေးတစ်ခု စိုက်ထူနိုင်ဖို့တော့ ရည်ရွယ်ထားပါတယ်"ဟု ဖျာပုံမြို့နယ် သမိန်ထောသိမ်ကုန်းကျေးရွာ မြစိမ်းရောင်ကော်မတီဥက္ကဋ္ဌ ဦးလှကြိုင်က ပြောသည်။

နိုင်ငံတော်၏ မြစိမ်းရောင်ကျေးရွာစီမံကိန်းဆိုင်ရာ အချက်အလက်များအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစတင်ကာ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခု၊ နေပြည်တော်ကောင်စီနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသကြီးတစ်ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ငါးခုတို့ရှိ ခရိုင် ၇၀ ခရိုင်၊ မြို့နယ်ပေါင်း ၂၈၀ မြို့၊ မြို့ပေါင်း ၁၁ မြို့အတွင်းရှိ ကျေးရွာပေါင်း ၁၄၅၀ ရွာအား စီမံကိန်းပထမနှစ်အဖြစ်သတ်မှတ်၍ ယခုလက်ရှိ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်စီမံကိန်း ဒုတိယနှစ်ကာလအတွင်း ကျေးရွာပေါင်း ၃၀၀၀ အထိ တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဖျာပုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်လင်း၏ ပြောကြားချက်အရ သိရသည်။

သမိန်ထောသိမ်ကုန်းကျေးရွာတွင် မြစိမ်းရောင်ချေးငွေဖြင့် တစ်ပိုင်တစ်နိုင်ဝက်မွေးမြူရေးလုပ်ကိုင်လျက်ရှိသည်ကို တွေ့ရစဉ်။

" အရင်က ခုလို မွေးမြူရေးရော အရောင်းအဝယ်ပါ ဘာတစ်ခုမှ မည်မည်ရရမလုပ်နိုင်ခဲ့ပါဘူး။ ငွေအရင်းအနှီး၊ မြေအရင်းအနှီးကအစ ဘာအရင်းအနှီးမှလည်းမရှိဘူး။ အဲဒီတော့ စီးပွားဖြစ်လုပ်ငန်းတစ်ခုမှ မလုပ်ကိုင်နိုင်ခဲ့ဘူး။ လင်မယားနှစ်ယောက် ကြုံရာကျပန်းလုပ်ရင်း မိသားစုဘဝကို ရုန်းကန်လာခဲ့ရတာပါ။ အခု ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငွေထုတ်ချေးပေးတယ်လည်းကြားရော တော်တော်လေး ဝမ်းသာသွားတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့မှာ ကျန်းမာရေးလည်းကောင်းတယ်။ အသက်ကလည်း လူလတ်ပိုင်းတွေဆိုတော့ သန်သန်မာမာလုပ်ကိုင်ဆောင်ရွက်နိုင်တဲ့အရွယ်၊ ပြီးတော့ ကြိုးကြိုးစားစား ဆောင်ရွက်ချင်တဲ့စိတ်လည်းရှိတယ်။ လိုအပ်နေတာက အရင်းအနှီးတစ်ခုပဲ။ အခုမြစိမ်းရောင်စီမံကိန်းက ထုတ်ချေးငွေလေးရတော့ ကျွန်တော်တို့အနေနဲ့ သင့်တင့်တဲ့ငွေပမာဏလေးအပေါ် သက်သာတဲ့အတိုးနှုန်းလေးနဲ့ သုံးစွဲရင်းနှီးလုပ်ကိုင်ခွင့်ရခဲ့ပါတယ်။ ဒါကြောင့်မို့ ဒီတစ်ပိုင်တစ်နိုင် ဝက်မွေးမြူတဲ့အလုပ်ကို လုပ်ဖြစ်ခဲ့တာပါ။ စစချင်းတော့ ဝက်ပေါက်လေးနှစ်ကောင်ပဲ မွေးနိုင်ခဲ့ပါတယ်။

"ခုဆို ကျွန်တော့်ခြံထဲမှာ လေးသောင်းခွဲတန်ခန့် ဝက်က နှစ်ကောင်၊ တစ်သိန်းခွဲတန်ခန့်ဝက်က သုံးကောင်နဲ့ နှစ်သိန်းခွဲတန်ခန့်ဝက်က နှစ်ကောင်ထိ တိုးပွားနေပါပြီ။ မြစိမ်းရောင်ထုတ်ချေးငွေ စတင်ရရှိတဲ့နှစ်ထဲက အခုထိ အသင်းသားအဖြစ်နဲ့လုပ်ကိုင်လာခဲ့တာ တကယ်လည်း အကျိုးရှိပါတယ်။ ဒါတင်မကပါဘူး။ ကျွန်တော့်မိန်းမလည်း အခုဆို ဒီစုငွေနဲ့ တစ်ပိုင်တစ်နိုင် ငါးအရောင်းအဝယ် အလုပ်လေးတွေ လုပ်နိုင်နေပါပြီ။ မြစိမ်းရောင်ကျေးရွာ စီမံကိန်းပေါ်ပေါက်လာတာဟာ ကျွန်တော်တို့ကျေးလက်နေ အခြေခံလူတန်းစားတွေရဲ့ ဘဝထွက်ပေါက်တစ်ခုပါပဲ။ ဘဝတိုးတက်ဖို့အတွက် ရည်ရွယ်ချက်ရှိရှိနဲ့ စနစ်တကျ လေး အသုံးပြုပြီး မှန်မှန်ကန်ကန်လေး ထုတ်-သွင်း-ဆပ် လုပ်သွားဖို့ပဲလိုပါတယ်။ တကယ်လည်းအကျိုးရှိပါတယ်"ဟု သမိန်ထောသိမ်ကုန်းကျေးရွာမှ မြစိမ်းရောင်

ဦးအောင်ဇော်လင်း
(လက်ထောက်ညွှန်ကြားရေးမှူး)

ဦးလှကြိုင်
(ကျေးရွာမြစိမ်းရောင်ကော်မတီဥက္ကဋ္ဌ)

ကိုဇော်မင်းဦး
(မြစိမ်းရောင်အသင်းသား)

အသင်းသား ကိုဇော်မင်းဦးက ပြောသည်။

ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်း စီမံကိန်းစတင်သည့် နှစ်မှ လက်ရှိကာလအထိ အရင်းမပျောက် လည်ပတ်ရန်ပုံငွေအသုံးပြုသည့် (ဦးရေနှင့် သုံးစွဲငွေကျပ်သန်း) အခြေအနေအရ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀၀၉ ဦး (၄၅၁ ဒသမ ၇၇၆ ကျပ်သန်း)၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃၄၅ ဦး (၂၈၆ ဒသမ ၀၉၆ ကျပ်သန်း)၊ အသေးစားရေလုပ်ငန်းလုပ်ကိုင်သူ ၆၇၈ ဦး (၁၁၅ ဒသမ ၈၂ ကျပ်သန်း)၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၇၀၅ ဦး (၁၂၂ ဒသမ ၆၁၇ ကျပ်သန်း)၊ အခြားအသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူ ၃၀၅ ဦး (၃၂ ဒသမ ၆၇ ကျပ်သန်း)၊ ကျေးရွာ မီးလင်းရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦး (၃ ဒသမ ၂၀၄ ကျပ်သန်း)၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး (၆ ဒသမ ၉၂ ကျပ်သန်း)ဖြစ်ပြီး မြို့နယ်ချုပ်စာရင်းအရ ၆၀၇၄ ဦး ထုတ်ချေးငွေကျပ်သန်း ၁၀၁၉ ဒသမ ၁၀၃ ဖြစ်ရာ ဖျာပုံခရိုင်တွင်းရှိ မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာများမှာ ဖျာပုံမြို့နယ်တွင် ၃၂ ယူနစ် ၃၆ ရွာ၊ ကျိုက်လတ်မြို့နယ်တွင် ၅၀ ယူနစ် ၅၀ ရွာ၊ ဘိုကလေးမြို့နယ်တွင် ၆၃ ယူနစ် ၆၉ ရွာနှင့် ဒေးဒရဲမြို့နယ်တွင် ၄၉ ယူနစ် ၅၄ ရွာဖြစ်ကြောင်း ဖျာပုံခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်စောထံမှ သိရသည်။

ဇီကာပိုင်းရပ်စ်အကြောင်း အသိပညာပေးဟောပြော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

ခမောက်ကြီး အောက်တိုဘာ ၁၁

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခမောက်ကြီးမြို့ ကျေးလက်ကျန်းမာရေးဌာနခွဲတို့ ပူးပေါင်း၍ ဇီကာပိုင်းရပ်စ်အကြောင်း အသိပညာပေးဟောပြောခြင်းနှင့်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများကို အောက်တိုဘာ ၇ ရက်က ခမောက်ကြီးမြို့ အောင်ချမ်းသာကျေးရွာအုပ်စု ခမောက်ငယ်ကျေးရွာနှင့် ချောင်းဝကျေးရွာတို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါကျေးရွာများတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန့်လေးလေးခင်သိန်းက ဇီကာပိုင်းရပ်စ်အကြောင်း အသိပညာပေးဟောပြောခြင်းကို လည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ဘက်စုံသားဖွားဆရာမ ဒေါ်ဇင်မာဝေက ဇီကာပိုင်းရပ်စ်ကာကွယ်ရေးအတွက် ပြုမူနေထိုင်ဆောင်ရွက်ရမည့် အသိပညာပေးခြင်းကိုလည်းကောင်း အသီးသီးဟောပြောကြပြီး ပြင်းထန်အဆုတ်ရောင်ကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုထိုးဆေး၊ ဝက်သက်ဖျိုက်သိုးကာကွယ်ဆေး၊ ဝက်သက်ကာကွယ်ဆေး၊ ပိုလီယိုအစက်ချ ဆေးများတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးများ ထိုးနှံ့ခြင်းများအပြင် ကျန်းမာရေးစောင့်ရှောက်မှုများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ခမောက်ကြီးပြန်/ဆက်)

■

ကော့သောင်း အောက်တိုဘာ ၁၁

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အောက်တိုဘာ ၈ ရက်တွင် မြို့အနှံ့ သံဖရိန်ဖြင့် ပြုလုပ်ထားသည့် သပ်ရပ်လှပသော အမှိုက်ပုံးငယ်များ မြို့အနှံ့ထပ်မံ လိုက်လံထားရှိပေးကြကြောင်း သိရသည်။

အဆိုပါအမှိုက်ပုံးငယ်များကို မြို့အင်္ဂါရပ်နှင့်အညီ သပ်ရှင်းသပ်ရပ်လှပစေရေး၊ နယ်စပ်မြို့ဖြစ်သည့်အတွက် နေ့စဉ်ဝင်၊ ထွက်လည်ပတ်သည့် နိုင်ငံတကာခရီးသွားဧည့်သည်များနှင့် မြို့တွင်းလမ်းသွားလမ်းလာပြည်သူများ စည်းကမ်းတကျ အမှိုက်စွန့်ပစ်နိုင်ရန်နှင့် စနစ်တကျ အမှိုက်စွန့်ပစ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာကြစေရန် ရည်ရွယ်ထားရှိခြင်းဖြစ်သည်။ စက်တင်ဘာလအတွင်းက သစ်သားဖရိန်ဖြင့် ပြုလုပ်ထားသည့် သပ်ရပ်လှပသော အမှိုက်ပုံးငယ်များကို ရပ်ကွက်များ၏ လူစည်ကားရာ လမ်းဆုံလမ်းခွနေရာများ၊ နိုင်ငံခြားခရီးသွားဧည့်သည်များ လည်ပတ်လေ့လာကြည့်ရှုလေ့ရှိသည့်နေရာများ၊ ပန်းခြံများ၊ ရေဆိပ်၊ လေဆိပ်နှင့် မြို့ခံပြည်သူများ အသွားအလာ များပြားအနားယူလေ့ရှိသည့်

မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်း သပ်ရပ်လှပသည့် သံဖရိန်အမှိုက်ပုံးငယ်များထားရှိ

နေရာများတွင် လိုက်လံထားရှိပေးခဲ့ရာ စည်းကမ်းမဲ့သူတချို့၏ ဖျက်ဆီးမှုကြောင့် သစ်သားဖရိန်အမှိုက်ပုံးငယ်တချို့ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ယခု အလားတူ အမှိုက်ပုံးငယ်များကို ပိုမိုခိုင်ခံ့သည့် သံဖရိန်ဖြင့်ပြုလုပ်၍ မူလထားရှိပေးသည့်နေရာများ အပြင် အခြားလိုအပ်သည့် နေရာများ၌ အမှိုက်ပုံးအရေအတွက် တိုးမြှင့်ကာ ထပ်မံ လိုက်လံထားရှိပေးခြင်းဖြစ်ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

ပြည်တွင်းရေးရာ

မီးပွိုင့်အချက်ပြမှုအတိုင်း ယာဉ်သွားလာမှုဖြစ်စဉ်များ လျော့ပါးလာ

ရန်ကုန် အောက်တိုဘာ ၁၁

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မောင်းနှင်မှုကို သက်ဆိုင်ရာမှ အရေးယူမှု အရှိန်မြင့်တင်နေသည့် ယနေ့ကာလတွင် ရန်ကုန်မြို့တွင်း၊ မြို့လယ်မီးပွိုင့်အချို့တွင် မီးပွိုင့်အချက်ပြမှုအတိုင်း လိုက်နာမောင်းနှင်မှု လျော့ပါးလာသည်ကို မြင်တွေ့လာရသည်။

မီးပွိုင့်တွင် မီးဝါအချက်ပြလျှင် ကြိုတင်ရပ်ထားပြီး မီးစိမ်းအချက်ပြမှသာ ဖြတ်သန်းမောင်းနှင်ရသည်။ သို့သော် ယာဉ်ကြောပိတ်ဆို့ရှုပ်ထွေးမှုကို အကြောင်းပြု၍ လိုက်နာမှုအားနည်းလာသည်။ မီးစိမ်းသော်လည်း လမ်းဆုံမျဉ်းဝါကွက်ကို ဖြတ်မရခြင်း၊ မီးနီသော်လည်း လမ်းဆုံမျဉ်းဝါကွက်အတွင်း ဝင်ရောက်နေရာယူထားခြင်းများ မြင်တွေ့နေရသည်။ ယာဉ်ထိန်းရဲမရှိသည့်ရက်များသော လမ်းမတော်လမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ ယာဉ်ထိန်းရဲတစ်ဦးတည်းသာရှိတတ်သည့် မဟာဗန္ဓုလလမ်းနှင့် ဘုန်းကြီးလမ်းဆုံ မီးပွိုင့်များတွင် တွေ့ရတတ်သည်။

ယင်းဖြစ်စဉ်များကြောင့် ကားလမ်းမများပေါ် ယာဉ်မျိုးစုံတန်းစီပိတ်ဆို့မှုများ မကြာခဏတွေ့ကြုံရသည်ဟု ယာဉ်မောင်းအများစုက ပြောကြားသည်။ မီးပွိုင့်လမ်းဆုံများရှိ မျဉ်းဝါကွက်များတွင် ယာဉ်စည်းကမ်းလိုက်နာမှုရှိပါက ပိတ်ဆို့နေရာယူမှုများ မမြင်တွေ့နိုင်ပါ။ သို့သော် ယာဉ်ပိတ်ဆို့မှုအပေါ် အကြောင်းပြု၊ မိမိသွားလာ၍ရရှိရေးတစ်မျိုးတည်းပေါ် ဦးတည်သဖြင့် လမ်းဆုံမီးပွိုင့်မျဉ်းဝါကွက်များအတွင်း ယာဉ်များပိတ်ဆို့နေရာယူတတ်သည့်အလေ့အထများ ယာဉ်မောင်းအချို့တွင် ဖြစ်ပေါ်လာသည်ကို မြင်တွေ့ရသည်။ ယင်းသို့ ယာဉ်စည်းကမ်းနှင့်မညီညွတ်သော မီးပွိုင့်လမ်းဆုံ မျဉ်းဝါကွက်အတွင်း ပိတ်ဆို့နေရာယူမှုများကို အနော်ရထာလမ်းမပေါ်ရှိ မြို့လယ်မီးပွိုင့်လမ်းဆုံများတွင် မြင်တွေ့ရတတ်သည်ဟု ယင်းလမ်းကြောင်းဖြတ်မောင်းနှင်သော လိုင်းကားများစီးနင်းနေသူကိုမောင်တိုးက ပြောသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ချိုးဖောက်မောင်းနှင်နေမှုအပေါ် သက်ဆိုင်ရာမှ အရေးယူမှုရှိသော်လည်း လက်တွေ့ကားလမ်းမများပေါ်တွင် စည်းကမ်းလိုက်နာမှုမရှိဘဲ မိမိတို့ခရီးရောက်ရေး၊ အခြားသူများအပေါ် ငဲ့ညှာမှုမထားရှိဘဲ လုပ်ဆောင်တတ်သည့်စိတ်ဓာတ်၊ အပြုအမူများတိုးပွားလာခြင်းကိုပြုပြင်ရန် လိုအပ်ချက်ဖြစ်နေသည်။

ရန်ကုန်မြို့လယ် ကားလမ်းမများပေါ်ရှိ မီးပွိုင့်လမ်းဆုံအများစုတွင် အချက်ပြမှုအတိုင်း သွားလာမောင်းနှင် မှုအပြုအမူများ လျော့နည်းလာပြီး မိမိယာဉ် မောင်းနှင်သွားလာနိုင်ရေးကိုသာ ဦးတည်နေမှုများပြားလာခြင်းအပေါ် သက်ဆိုင်ရာမှ အလေးထားဆောင်ရွက်ပေးရန်သင့်သည်။ ယင်းသို့ ယာဉ်စည်းကမ်းလိုက်နာသည့်အလေ့အကျင့် လျော့ပါးလာသည့်အတွက် ကားလမ်းမများပေါ်တွင် ယာဉ်တိုက်မှုဖြစ်ပွားသည့် အရေအတွက်၊ သေဆုံး၊ ဒဏ်ရာရသည့်အရေအတွက်များ များပြားလာကြသည်။

ကျန်းမာရေးလိုအပ်ချက်ကြောင့် သေဆုံးမှုများရှိသကဲ့သို့ ကားလမ်းမများပေါ်တွင် အသက်အရွယ်မျိုးစုံ၊ လူတန်းစားမျိုးစုံ သေကျေဒဏ်ရာရရှိကြသည့် ယာဉ်တိုက်မှုသတင်းများ မီဒီယာများတွင် ဖော်ပြဖတ်ရှုနေရသည်။ သို့ဖြစ်ရာ ရန်ကုန်မြို့လယ် မီးပွိုင့်လမ်းဆုံများတွင် မီးပွိုင့်အချက်ပြမှုအတိုင်း ယာဉ်မောင်းများ လိုက်နာတတ်သည့်အလေ့အထများ ပြန်လည်ပြားပြားလာရေး စီစဉ်ပေးသင့်သည်ဟု လမ်းမတော်မြို့နယ်နေ အိမ်စီးယာဉ်ပိုင်ရှင် ဦးကျော်ကြီးက သုံးသပ်ပြောကြားသည်။

(မောင်စေအောင်)

HMIS ဘာသာရပ်အား Field Trip အစီအစဉ်ဖြင့် သင်ကြား

နေပြည်တော် အောက်တိုဘာ ၁၁

နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂ သင်တန်းမှ သင်တန်းသား သင်တန်းသူ ၁၆ ဦးသည် Field Trip အစီအစဉ်ဖြင့် HMIS ဘာသာရပ်နှင့် ပတ်သက်၍ လေ့လာသင်ကြားခြင်းကို ယမန်နေ့ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဦးစီးမှူး ဒေါက်တာနန်းကျော့ခိုင်၊ ကျည်တောင်ကန် ကျေးလက်ကျန်းမာရေးမှ ကျန်းမာရေးမှူးအဆင့်(၁) ဒေါ်နွယ်နွယ်အုန်းတို့က သင်ကြားပို့ချပေးပြီး ဇေယျာသီရိမြို့နယ် ကျန်းမာရေးမှူး (သင်တန်းနည်းပြဆရာ) ဦးမြင့်အောင်က ကြီးကြပ်လိုက်ပါဆောင်ရွက်ခဲ့ပြီး ကျည်တောင်ကန်ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည်များ ပိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သည်။

HMIS ဘာသာရပ် Field Trip ကွင်းဆင်းလေ့လာသင်ယူမှုတွင် အဖွဲ့တစ်ဖွဲ့လျှင် ကြီးကြပ်သူတစ်ဦးဖြင့် ပုဗ္ဗသီရိမြို့နယ်တွင် အေးမြင့်သာယာ၊ ဖြူတ်ခွဲကျေးလက်ကျန်းမာရေးဌာနနှင့် ဇေယျာသီရိမြို့နယ်တွင် ပြည်စံအောင်၊ စည်ပင်သာယာကျေးလက် ကျန်းမာရေးဌာနများသို့ အဖွဲ့များခွဲကာ လေ့လာသင်ယူလျက်ရှိပြီး အဆိုပါသင်တန်းကို ဇေယျာသီရိမြို့နယ် ခုတင် ၅၀ ဆံ့ဆေးရုံတွင် ယခုနှစ် ဇွန် ၁ ရက်မှ စတင်၍ သင်တန်းသား သင်တန်းသူ ၈၃ ဦးဖြင့် သင်ကြားပေးလျက်ရှိကာ သင်တန်းကာလမှာ ခြောက်လခန့် ကြာမြင့်မည်ဖြစ်ကြောင်း သင်တန်းနည်းပြဆရာ ဦးမြင့်အောင်၏ ပြောပြချက်အရ သိရသည်။

(ရွှေရဲရင့်)

စဉ့်ကိုင်မြို့နယ် ဘဲလင်းအကျဉ်းစခန်း၌ ကျန်းမာရေးအခမဲ့ကွင်းဆင်းဆောင်ရွက်

စဉ့်ကိုင် အောက်တိုဘာ ၁၁

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ဘဲလင်းအကျဉ်းစခန်း၌ တီဘီရောဂါလူနာရှာဖွေခြင်းနှင့်အခမဲ့ဆေးဝါးကုသခြင်းလုပ်ငန်းများကို ရန်ကုန် ဆေးတက္ကသိုလ်(၁)မှ နောက်ဆုံးနှစ်အပိုင်း(က)မှ ဆေးကျောင်းသား ကျောင်းသူများသည် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာမျိုးသက်ဦးကြီးကြပ်ပြီး ကျန်းမာရေးဆရာဆရာမများနှင့် ရန်ကုန်ဆေးတက္ကသိုလ်(၁)မှ နောက်ဆုံးနှစ်အပိုင်း(က) ဆေးကျောင်းသားကျောင်းသူများသည် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် စဉ့်ကိုင်မြို့နယ် ဘဲလင်းအကျဉ်းစခန်း၌ အကျဉ်းသားများကို တီဘီရောဂါလူနာရှာဖွေခြင်းနှင့် ကျန်းမာရေးအခြေအနေများကို အခမဲ့စမ်းသပ်ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

"ဒီကို ဆရာဝန်လောင်းတွေလာရောက်ပြီး ကျန်းမာရေးအခမဲ့စမ်းသပ်စစ်ဆေးပေးတဲ့အပြင် လိုအပ်တဲ့ဆေးဝါးတွေကိုလည်း ထောက်ပံ့ပေးခဲ့ပြီး အခုလိုလာရောက်စစ်ဆေးပေးတဲ့ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမျိုးသက်ဦးနဲ့ဝန်ထမ်းများ၊ ဆေးတက္ကသိုလ်မှ ဆရာဝန်လောင်းတွေကို ကျေးဇူးတင်ပါတယ်"ဟု အကျဉ်းသားများက ပြောသည်။

ဖိုးအောင်(စဉ့်ကိုင်)

အဆင့်မြင့် ယာဉ်ကြီးမောင်းသင်တန်းဆင်း

နေပြည်တော် အောက်တိုဘာ ၁၁

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးမှ ကြီးမှူး၍ မြန်မာနိုင်ငံအဝေးပြေးကုန်စည်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းဖြင့် ပူးပေါင်း၍ ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်စဉ် ကုန်သွယ်ယာဉ်များကို ဘေးအန္တရာယ်ကင်းစွာဖြင့် စနစ်တကျ ကိုင်တွယ်ထိန်းသိမ်း မောင်းနှင်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်သည့် အဆင့်မြင့် ယာဉ်ကြီးမောင်း သင်တန်းအမှတ်စဉ် (၄/၂၀၁၆) သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီခွဲက နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကုန်းလမ်းပို့ဆောင်ရေး အင်ဂျင်နီယာသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကုန်းလမ်းပို့ဆောင်ရေး ယာဉ်မောင်းသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဒုတိယအင်ဂျင်နီယာချုပ် ဦးခင်မောင်မြင့်က သင်တန်းတက်ရောက်ခဲ့သည့် သင်တန်းသား ၄၅ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

(ရွှေရဲရင့်)

ရန်ကုန်-မော်လမြိုင်အဝေးပြေးကားလမ်းမကြီးကို နှစ်လမ်းသွားမှ လေးလမ်းသွားအဖြစ် တိုးချဲ့သည့်လုပ်ငန်းကို ရွှေသံလွင်ဟိုင်းဝေးကုမ္ပဏီလိမိတက်က ဇွန် ၁ ရက်မှစတင်ကာ ၂၀၁၈ ခုနှစ် မေ ၃၁ ရက်အထိ နှစ်နှစ်စီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် မူလလမ်းကို အကျယ် ၁၂ ပေ၊ ဒု တစ်ပေ တစ်လက်မရှိ ကွန်ကရစ်လမ်းအဖြစ် တိုးချဲ့ခြင်းခြင်းဖြစ်သည်။ ယင်းလမ်းတိုးချဲ့သည့်လုပ်ငန်းကို အောက်တိုဘာ ၁၀ ရက်က စစ်တောင်းတံတားအနီး မုပ္ပလင်ကျေးရွာတွင် လုပ်ကိုင်နေသည်ကို တွေ့ရစဉ်။

(ရဲခေါင်ဦး)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်(ရွှေဈေး) ၈၄၇၅၀၀ - ၈၄၈၅၀၀ မန္တလေး(ရွှေဈေး) ၈၄၇၅၀၀ - ၈၄၈၅၀၀

စက်သုံးဆီဈေးနှုန်း		**ရန်ကုန်**	**မန္တလေး**
(က) ဒီဇယ်	တစ်လီတာ	၅၉၀/၆၁၀ ကျပ်	၆၃၀/၆၅၀ ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၆၅၀/၆၇၀ ကျပ်	၇၂၀/၇၃၅ ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၆၀၅/၆၂၀ ကျပ်	၆၄၀/၆၆၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၆၂၀/၆၃၀ ကျပ်	၆၆၀/၆၈၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၅၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၇၀ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၅၅၅ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	- ၁၂၅၆. ၀	(စ)	အိန္ဒိယ	တစ်ရူပီး	- ၁၈. ၈၈၆
(ခ)	ဥရောပ	တစ်ယူရို	- ၁၃၉၈. ၄	(ဆ)	ဂျပန်	တစ်ရာယန်း	- ၁၂၀၈. ၆
(ဂ)	တရုတ်	တစ်ယွမ်	- ၁၈၇. ၂၅	(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	- ၁၁၂. ၉၅
(ဃ)	ထိုင်း	တစ်ဘတ်	- ၃၅. ၇၀၂	(ဈ)	သြစတြေးလျ	တစ်ဒေါ်လာ	- ၉၅၃. ၃၆
(င)	မလေးရှား	တစ်ရင်းဂစ်	- ၃၀၃. ၁၃	(ည)	စင်ကာပူ	တစ်ဒေါ်လာ	- ၉၁၂. ၃၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

Miss Universe Myanmar 2017 ပြိုင်ပွဲဝင် မြတ်ကျော့ခိုင်နှင့် တွေ့ဆုံခြင်း

မြန်မာနိုင်ငံ၏ဖြို့တော် နေပြည်တော်တွင် ပထမဆုံးအကြိမ်အဖြစ် Miss Universe Nay Pyi Taw ရွေးချယ်ပွဲကို Model Up Date Organization က ကျင်းပခဲ့ရာ နေပြည်တော် အလှမယ်အဖြစ် မြတ်ကျော့ခိုင်ရွေးချယ်ခံခဲ့ရသည်။ ရန်ကုန်ဖြို့၌တွင်းပမည့် Miss Universe Myanmar 2017 ရွေးချယ်ပွဲအတွက် မြတ်ကျော့ခိုင်၏ ပြင်ဆင်လေ့ကျင့်နေမှုများ အကြောင်း ပရိသတ်များသိရှိနိုင်စေရန် ဖော်ပြလိုက်ရပါသည်-

ဆက်လက်ယှဉ်ပြိုင်မယ့် Miss Universe Myanmar ပြိုင်ပွဲအတွက် ပြင်ဆင်လေ့ကျင့်နေတဲ့ အပိုင်းတိုပြောပြပေးပါ။

ညီမ နေပြည်တော်ကနေရန်ကုန်ကို လာပြီးတော့ ပြင်ဆင်လေ့ကျင့်မှုတွေပြုလုပ်နေပါတယ်။ အနုပညာလှုပ်ရှားမှု ကတော့ ခုလောလောဆယ် ဂျာနယ်မျက်နှာဖုံးတွေ၊ မဂ္ဂဇင်း အလှပုံတွေရိုက်ဖြစ်တယ်။ ဓာတ်ပုံတွေရိုက်တယ်။ ကိုယ်ကာယပိုင်း၊ ကျန်းမာရေး၊ အသားရေလှပဖို့အတွက် ပြင်ဆင်လေ့ကျင့်ပါတယ်။ Talent ပိုင်းအတွက် အားလုံးစုပေါင်းပြီး ဒီဇိုင်နာနဲ့ Idea တွေ စဉ်းစားပြီး ပြိုင်ပွဲအတွက်ပြင်ဆင်နေပါတယ်။

နေပြည်တော်မှာပြိုင်ပွဲဝင်ဖို့ မြစ်ထာတဲ့ အကြောင်းရှင်းပြပေးပါ။

ညီမကနေပြည်တော်မှာလည်း နေတယ်။ နေပြည်တော်မှာ Miss ရွေးချယ်ပွဲက တစ်ခါမှမလုပ်ဖူးတော့ ပြိုင်ပွဲလုပ်မယ် ဆိုတော့စိတ်ဝင်စားတယ်။ အရင်နှစ်တွေကတည်းက ပြိုင်ချင်ခဲ့တာ။ ဒီနှစ်ကိုယ့်နေရာ၊ ကိုယ့်ဒေသမှာ ဒီပွဲလာလုပ်တဲ့အတွက် ဝင်ပြိုင်ဖြစ်တာပါ။

ဝယ်ယူ မြတ်သန်းမူထားရော။

ဘဝဖြတ်သန်းမှုကတော့ နေပြည်တော်မှာ တက္ကသိုလ်ဝင်တန်းအောင်တယ်။ တက္ကသိုလ်ကတော့ နည်းပညာတက္ကသိုလ်တက်တာဆိုတော့ ရန်ကုန်မှာတက်ရတယ်။ မူလတန်းနဲ့ အလယ်တန်းကတော့ ရန်ကုန်မှာပဲတက်တာပါ။ အထက်တန်းကျတော့ နေပြည်တော်ကိုမိသားစုပြောင်းလာတော့ နေပြည်တော်မှာပဲတက်ဖြစ်တာပါ။ မွေးချင်းသုံးယောက်ရှိပါတယ်။ ညီမက အကြီးဆုံးပါ။ ညီမအောက်မှာက ညီမလေးတစ်ယောက်၊ မောင်လေးတစ်ယောက်ရှိတယ်။

ယင်ယင်တအနုပညာဘဝနဲ့ပတ်သက်ပြီး ကျေးဇူးအနုပညာတိုစိတ်ဝင်စားခဲ့တာလေး ဘယ်နှိုက်ကပြီးအနုပညာတိုစိတ်ဝင်စားခဲ့တာလဲ။

အနုပညာကို ငယ်ငယ်ကတည်းကဝါသနာပါခဲ့တာပါ။ ကျောင်းကပွဲတွေ၊ စုံညီပွဲတွေမှာလဲ ပြဇာတ်တို့၊ မော်ဒယ်လ်ရှိုးတို့မှာ ကလေးဘဝကပါဝင်ဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်ကတည်းကဝါသနာပါမှန်းမသိ ပါခဲ့တာပေါ့။ နောက် ၁၀ တန်းအောင်ပြီး ရန်ကုန်မှာ ကျောင်းတက်တယ်။ Sea Game မှာ ဆိုင်းဘုတ်ကိုင်ဖူးပါတယ်။ Sea Game ပြီးတော့လုပ်တဲ့ Miss 27 Sea Game မှာလည်း ဝင်ပြိုင်ဖြစ်ခဲ့ပြီး Second Winner ဆုရခဲ့ပါတယ်။

ဝယ်ဆဝမှာ အမှတ်တရဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေ ရှိခဲ့ဖူးပေါ့။

ငယ်ငယ်က ညီမကကျောင်းမှာအလွန်အေးတယ်။ သူများတွေအမြင်မှာ ညီမစင်ပေါ်တက်ရဲလိမ့်မယ်လို ဘယ်သူမှ မထင်ဘူး။ ဒါပေမယ့် ဆရာမတွေကလည်းကျောင်းကပွဲမှာ ကမလားဆိုတော့ ကဖြစ်သွားတယ်။ နှစ်တိုင်းလည်းပါဝင်ဖြစ်ပါတယ်။ အဲ့ဒါလေးကတော့ အမှတ်တရပါပဲ။ စင်ပေါ်ရောက်ရင်လည်း အောက်မှာနေသလို ရိုးရိုးနေသလိုမဟုတ်တော့ဘဲ လုံးဝကွဲပြားသွားပြီ။ ဆရာမတွေကပါ အံ့သြယူရတဲ့အထိပါပဲ။

နေပြည်တော်မှာလုပ်ခဲ့တဲ့ ပြိုင်ပွဲအတွေ့အကြုံလည်း မျှဝေပြောပြပေးပါ။

နေပြည်တော်ပြိုင်ပွဲမှာ တစ်ခုကောင်းတာကတော့ ပြိုင်ပွဲဝင်အားလုံးအတူတူနေရတယ်။ နှစ်ယောက်တစ်ခန်းနဲ့ နေကြတယ်။ ပြိုင်ပွဲဝင်တွေအားလုံးက အချိန်တိုလေးအတွင်းမှာ အရမ်းကိုသံယောဇဉ်ရှိကြတယ်။ ပြိုင်ပွဲပြီးသွားပေမယ့် ခုချိန်ထိ တစ်ယောက်နဲ့တစ်ယောက် အဆက်သွယ်မပြတ်ကြဘူး။ အလွန်ကိုချစ်ခင်ကြတယ်။ အဲဒါလေးကတော့ တန်ဖိုးမဖြတ်နိုင်တဲ့အမှတ်တရလေးပါပဲ။ နေပြည်တော်တစ်ဝိုက်ဆိုရင် ဗုဒ္ဓဂယာကိုသွားရောက်ဖူးမြော်ရတယ်။ နေပြည်တော်ခုတင်(၁၀၀၀) မှာ ပရဟိတပေါ့ ဆန်ပြုတ်တို့ ကြက်ဥတို့ အာဟာရရှိတဲ့အစားအစာတွေကို အတူသွားလှူဖြစ်ကြတယ်။ ပြီးတော့ တပ်မတော်စစ်သမိုင်းပြတိုက်၊ ဥပါတသန္တိစေတီတော်၊ ရေပန်းဥယျာဉ်၊ ထင်ရှားတဲ့နေရာတွေ၊ စိုက်ခင်းတွေကိုလည်းသွားခဲ့ရတယ်။ ဒါကလည်း ညီမတို့အတွက် မမေ့နိုင်တဲ့အမှတ်တရပါ။ တစ်ယောက်နဲ့ တစ်ယောက်ပိုပြီးရင်းနှီးစေအောင်လုပ်ပေးတဲ့အမှတ်တရတွေပါပဲ။ စခန်းဝင်ကာလမှာလည်း အတွေ့အကြုံရှိတဲ့သူက အတွေ့အကြုံမရှိတဲ့သူကို သင်ပြပေးတယ်။ အကုန်လုံးက ညီအစ်မအရင်းတွေလိုပဲ ကူညီဖေးမပေးကြတယ်။ အမှတ်တရတွေအများကြီးရခဲ့တယ်။ ခုချိန်ထိ မမေ့နိုင်ပါဘူး။

Miss Universe Naypyitaw ပြိုင်ပွဲမှာ ဆုရဖို့မျှော်လင့်ထားခဲ့လား၊ ဆုရတော့ ဘယ်လိုခံစားရလဲ။

ပြိုင်ပွဲနေ့ကနေ ပြောရမယ်ဆိုရင်ရိုးရိုး Training ချိန်နဲ့မတူပါဘူး။ ပရိသတ်အများကြီးနဲ့စင်ပေါ်ကစင်အောက်နဲ့တော့ မတူဘူးပေါ့။ ကိုယ့်သူငယ်ချင်းတွေနဲ့ကတော့ ပျော်ပျော်ပါးပါးဖြစ်တယ်။ ဒါပေမယ့် အကုန်လုံးက အမှားအယွင်းမရှိဘဲ ကောင်းကောင်းမွန်မွန်ပြီးသွားတယ်။ စိတ်လှုပ်ရှားတယ်။ နည်းနည်းကြောက်တာလောက်ပဲရှိတယ်။ အစတုန်းကတော့ ကိုယ့်ကိုယ်ကို Top 8 လောက်ထိတော့ ပါမယ်ထင်တယ်။ Top 8 မှာ ပါသွားတယ်။ နောက်ထပ် တစ် Round လျှောက်တယ်။ Top 5 ရွေးတော့ စိုးရိမ်လာတယ်။ ပါပါ့မလားဆိုပြီးတော့။ သူငယ်ချင်းအကုန်လုံးကလည်း အရမ်းလှနေကြတယ်ဆိုတော့ ဘယ်သူ့ကို ရွေးလို့ရွေးရမှန်းမသိ အားလုံးပထမရနိုင်တဲ့အနေအထားတွေပဲဆိုတော့ စိုးရိမ်မှုတော့ရှိပါတယ်။ အနိုင်၊ အရှုံး ဆိုတာရှိတာပဲလေ။ ကိုယ်ရှုံးသွားရင် ဘယ်လိုစိတ်ထားမလဲ၊ နိုင်သွားရင် ဘယ်လိုနေမယ်ဆိုတာကိုတော့ ကြိုတွေးထားပါတယ်။ Top 5 ထပ်ပါတယ်။ မေးခွန်းမေးတဲ့အခါမှာ ညီမအရင်ပြိုင်ခဲ့တဲ့ မေးခွန်းလောက်အထိ ကိုယ့်ကိုယ်ကို ပြင်ဆင်ထားတယ်။ Miss Universe ပွဲနဲ့ပတ်သက်တဲ့ မေးခွန်းတွေ၊ ပြိုင်ပွဲအများစုမှာ ဒီပြိုင်ပွဲကိုဘာကြောင့် ပြိုင်ရလဲ ဆိုတဲ့ မေးခွန်းကို မေးလေ့မေးထရှိတယ်။ အရင်လုပ်သွားခဲ့တဲ့ပွဲတွေမှာ ဘယ်လိုမေးခွန်းမေးလည်းဆိုတာ ပြန်ပြီးသေချာလေ့လာဖြစ်တယ်။ Top 5 မှာလည်း အားရအောင်တော့သေချာမဖြေခဲ့ရဘူး။ အားမရဘူး ဒါပေမယ့် အကောင်းဆုံးတော့ စိတ်ထဲရှိတာကို ဖြေခဲ့ပါတယ်။ နောက်ဆုံး Top 5 ကနေ Top 3 ရွေးတယ်။ ပါသွားတယ်ဆိုတော့အရမ်းဝမ်းသာသွားတယ်။ ဆုလည်း ပထမမမဟုတ်ဘူး First Winner ဖြစ်ဖြစ်၊ Second Winner ဖြစ်ဖြစ်မှန်းထားတာ၊ အဲ့ဒီလောက်ထိရောက်သွားတော့ ကိုယ့်ကိုယ်ကိုယ် စိတ်ချသွားတယ်။ ညီမက Healthy Skin ဆုရပြီးပြီဆိုတော့ အဲဒီအချိန်ကတည်းကစိတ်ကပျော်သွားတယ်။ Second winner အရင်ရွေးတယ်။ ပထမနဲ့ဒုတိယ ကျန်တဲ့အချိန်မှာတော့ ပထမကိုပိုလိုချင်လာတယ်။ တော်တော်လည်းရင်ခုန်တယ်။ အောက်မှာအားပေးတဲ့ပရိသတ်တွေကလည်း နှစ်ယောက်စလုံးကိုအားပေးကြတယ်။ ကိုယ့်ကိုယ်ကိုယ် ထင်လား မထင်လား ကတော့ ယုံတစ်ဝက်မယုံတစ်ဝက်ပဲ၊ အဲ့လိုစိတ်ပဲရှိတယ်။ နောက်ဆုံးနံပါတ်ကို ကြေညာတဲ့အချိန်မှာတော့ ကိုယ့်ကိုယ်ကို မရဘူးလို့ အရင်တွေးထားတယ်။ ရနိုင်တယ်ထင်ပြီးမရရင် ပိုပြီးတော့ခံစားရမှာစိုးလို့၊ ညီမနံပါတ်ကိုကြေညာ လိုက်ချိန်မှာ တော်တော်အံ့အားသင့်ပြီးတော့ ပြောမပြတတ်အောင် မျက်ရည်တွေဝဲပြီးကျလာတဲ့အထိကိုဖြစ်ခဲ့ရပါတယ်။

Miss Universe Myanmar တစ်ယောက်ဖြစ်လာဖို့ မျှော်လင့်ထားလား၊ ယုံကြည်မှုရှိလား-

ယုံကြည်မှုအပြည့်ရှိပါတယ်။ ကြိုးလည်းကြိုးစားနေတယ်။ နေပြည်တော်ကနေပြီး ဆုရရှိတဲ့အတွက် နေပြည်တော်က ပရိသတ်တွေကလည်းအားပေးကြတယ်။ ပရိသတ်တွေပိုပြီးအားပေးလာတဲ့အတွက် ပိုပြီးတော့ကြိုးစားရမယ်ဆိုတဲ့စိတ်လည်း ဖြစ်လာတယ်၊ ကိုယ့်ကိုအားပေးတဲ့သူတွေအတွက်လည်း အဲဒီဆုကိုယူပေးချင်တယ်။ ဒါ့ကြောင့် အကောင်းဆုံးကြိုးစားနေပါတယ်။ မြန်မာနိုင်ငံကိုယ်စားပြု Miss တစ်ယောက်ဖြစ်လာဖို့အတွက် ဘာတွေလိုအပ်လဲဆိုတာကအစ အကုန်လုံးကို လေ့လာပြီးတော့ ပြီးပြည့်စုံအောင် ကြိုးစားနေပါတယ်။

အလှမယ်တစ်ယောက်အတွက် ဘယ်အရာတွေက အရေးကြီးတယ်ထင်လဲ-

အလှမယ်တစ်ယောက်မှာ အရေးကြီးတာတွေက အလှအပ၊ စိတ်နေစိတ်ထားကောင်းမွန်မှု၊ အများအကျိုးအတွက်စဉ်းစားပေးတတ်မှု၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှုတွေအားလုံးလိုအပ်တယ်ထင်ပါတယ်။ ပြီးတော့နိုင်ငံချစ်စိတ် ပြည့်ပြည့်၀ဝ ရှိသင့်တယ်လို့ထင်ပါတယ်။

အကယ်၍ Miss Universe Myanmar ဖြစ်လာပြီဆိုရင် ပထမဆုံးအနေနဲ့ ဘာလုပ်မလဲ-

ဆုရပြီဆိုတာနဲ့ အရင်ဆုံးကိုယ့်နယ်ကို ပြန်ချင်ပါတယ်။ ကိုယ်စားပြုခဲ့တဲ့ နေပြည်တော်ကိုအရင်ဆုံးပြန်ချင်တယ်။ နေပြည်တော်က ပရိသတ်တွေအတွက် ဆုယူပေးနိုင်ခဲ့ပြီဆိုပြီးတော့ အရင်ပြန်ပြီးပြောချင်ပါတယ်။ ပြီးရင်တော့ မြန်မာနိုင်ငံ ကိုယ်စားပြုဖြစ်သွားပြီဆိုတော့ နိုင်ငံအားလုံး အလယ်မှာ အမြင့်ဆုံးဖြစ်အောင်ကြိုးစားဖို့ တာဝန်ကလည်း ပိုကြီးသွားပြီ။ အဲဒီအတွက် ပိုပြီးကြိုးစားပါ့မယ်။

အနာဂတ်ရည်မှန်းချက်က ဘာဖြစ်မလဲ-

အနာဂတ်ရည်မှန်းချက်ကတော့ ပရဟိတလုပ်ရတာ ဝါသနာပါတယ်။ ပြီးတော့မြန်မာနိုင်ငံမှာဆိုရင် နိုင်ငံ့ဂုဏ်ဆောင်တွေက အလုပ်လုပ်ကြတာ ပရဟိတလုပ်ငန်းတွေမှာပိုပြီးအောင်မြင်တယ်။ အဲဒါကြောင့် ကိုယ်က Miss ဖြစ်သွားရင် နောင်လာမယ့်သူတွေကို မြန်မာနိုင်ငံကိုယ်စားပြု အရည်အချင်းရှိတဲ့သူတွေဖြစ်အောင် လက်ကမ်းပြီးခေါ်ပါမယ်။ စီနီယာပီသသူ တစ်ယောက်ဖြစ်အောင်ကြိုးစားပါ့မယ်။

အားပေးတဲ့ပရိသတ်တွေကို ဘာများပြောချင်ပါလဲ-

ညီမကိုယုံကြည်စွာအားပေးကြပါ။ ကိုယ့်ဒေသကို ဂုဏ်ဆောင်နိုင်တဲ့ Miss တစ်ယောက်ဖြစ်အောင် ကြိုးစားနေပါတယ်။ ဆက်လက်ပြီးအားပေးကြပါလို့ပြောချင်ပါတယ်။

မင်းလှသား

မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

၁၂ - ၁၀ - ၂၀၁၆ (ဗုဒ္ဓဟူးနေ့)

- ၆း၀၀ မင်းကွန်းဆရာတော်ဘုရားကြီးပရိတ်တရားတော်
- ၇း၃၅ မြန်မာ့ငွေကြေးစျေးကွက်ဆိုင်ရာစကားပိုင်း
- ၈း၃၅ ၂၀၁၆ခုနှစ်(၂၂)ကြိမ်မြောက်မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန်(အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့်ကာလပေါ်တေး) [အခြေခံပညာ(၁၅-၂၀) အဆင့်] (အမျိုးသား)
- ၈း၄၀ မြန်မာ့အနုသုခုမပညာအစွမ်းကမ္ဘာကိုလွှမ်း
- ၉း၃၅ ပြည်သူ့နီတိ . . . ထမင်းပိုင်း . . . (ပထမပိုင်း) (နွဲ့ခွဲစန်း၊ ဝင်းမြင့်၊ ပန်းသော်တာ၊ ပေါ်လေး၊ အိမ်ခ့ကြာဖြူ) (ဒါရိုက်တာ-မိုးဇော်ကို)
- ၁၀း၃၅ "လူမှုပတ်ဝန်းကျင်နှင့်ဇီဝကာပိုင်းရပ်စအကြောင်းသိကောင်းစရာ " (အပိုင်း- ၁)
- ၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြားပညာရေးအစီအစဉ်
- ၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာတိုင်နေ့ရက်များ" (အပိုင်း-၈)
- ၁၃း၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း - ၁၆)
- ၁၄း၁၀ ကြယ်ပွင့်များရဲ့ရင်ခုန်သံ (Rဇာနည်)
- ၁၅း၃၀ Sunday Talk
- ၁၅း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တုံ့မယူလို" (အပိုင်း-၁၇)
- ၁၆း၁၅ ၂၀၁၆ခုနှစ်(၂၂)ကြိမ်မြောက်မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန်(အဆိုဘာသာရပ်) (မဟာဂီတ)[ဝါသနာရှင်(ဒုတိယတန်း)အဆင့်] (အမျိုးသား၊ အမျိုးသမီး)
- ၁၆း၃၅ "အိုဇုန်းလွှာနှင့်ရာသီဥတုကောင်းမွန်ဖို့၊ ကမ္ဘာတစ်ဝန်းလက်တွဲညီညီဆောင်ရွက်စို့"
- ၁၆း၄၅ " School of Football " (Yangon United FC)
- ၁၇း၁၅ မြန်မာဓလေ့ရိုးရာလက်ဝှေ့ (ထွန်းထွန်းမင်းနှင့်ဒယ်နီရယ်)
- ၁၇း၃၅ NHK Programme . . . ဓာတ်ငွေ့များကိုလေ့လာခြင်း . . . (ဟိုက်ဒရိုဂျင်)
- ၁၇း၄၅ ကြေးဖားစည်တို့ရဲ့တောင်ပိုင်းမြေ. . . (အပိုင်း- ၁)
- ၈း၃၅ ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ " မာမရှိန်း " ပိုင်ဇေ၊ ဖူးနု၊ အေးမင်းဖြူ) ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ)
- ၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တုံ့မယူလို " (အပိုင်း-၁၈)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ သူတို့ဒေသတို့ဘဝ. . . (ပအိုဝ်း)
- ၂၁း၀၀ ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း- ၁၇) "သုခုမရင်ခွင်အငြိမ့်သဘင် " မန္တလေးမြတစ်ရာအငြိမ့် (မင်းသမီး-နန်းစုလင်းအောင်၊ လူရွှင်တော်-ချစ်စရာ၊ဝင်းအောင်၊ မင်းနောင်)

မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင်ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများထုတ်လွှင့်ပေးပါသည်။

ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲတွင် ပြင်သစ်၊ ပေါ်တူဂီနှင့် ဘယ်လ်ဂျီယံအသင်းတို့ အဝေးကွင်းနိုင်ပွဲများရရှိ



၂၀၁၈ ခုနှစ်တွင် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဥရောပ ဇုန်ခြေစစ်ပွဲစဉ်များကို အောက်တိုဘာ ၁၀ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ပြင်သစ်အသင်း၊ ပေါ်တူဂီအသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့သည် အဝေးကွင်းတွင် နိုင်ပွဲကိုယ်စီရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။

အုပ်စု(A)၊ အုပ်စု(B)နှင့် အုပ်စု(H)တို့မှ ပွဲစဉ်ကိုးပွဲယှဉ်ပြိုင်ကစားခဲ့ကြပြီး အုပ်စု(A)တွင် နယ်သာလန်အသင်းနှင့် ပြင်သစ်အသင်းတို့ပွဲစဉ်၌ ပြင်သစ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဆွီဒင်အသင်းနှင့် ဘူလ်ဂေးရီးယားအသင်းတို့ပွဲစဉ်၌ ဆွီဒင်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကာ ဘယ်လာရုစ်အသင်းနှင့် လူဇင်ဘတ်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ပြင်သစ်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ကွင်းလယ်ကစားသမား ပေါ့ဘာက ပွဲကစားချိန် မိနစ် ၃၀ တွင် ၃၅ ကိုက်အကွာမှ သွင်းယူပေးခဲ့ပြီး ယင်းပွဲစဉ် အနိုင်ရရှိခဲ့ခြင်းကြောင့် ပြင်သစ်အသင်းမှာ အုပ်စု(A)တွင် သုံးပွဲကစားပြီးချိန်တွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေရမှတ် ခုနစ်မှတ်ဖြင့် အုပ်စုတွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။ ဆွီဒင်အသင်းနှင့် ဘူလ်ဂေးရီးယားအသင်းတို့ပွဲစဉ်တွင် ဆွီဒင်အသင်းအတွက် သွင်းဂိုးများကို တွိုင်ပိုနန်၊ ဟီလ်ဂျီမာ့ခ်နှင့် လင်ဒီလောတို့က သွင်းယူပေးခဲ့ပြီး အုပ်စုအဆင့်တွင် ဒုတိယနေရာ၌ ရပ်တည်နိုင်ခဲ့သည်။

အုပ်စု(B)တွင် ဆွစ်ဇာလန်အသင်းက အန်ဒိုရာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ပေါ်တူဂီအသင်းက ဖာရိုးကျွန်းစုအသင်းကို ခြောက်ဂိုးပြတ်ဖြင့်လည်းကောင်း၊ ဟန်ဂေရီအသင်းက လတ်ဗီးယားအသင်းကို နှစ်ဂိုးပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ဆွစ်ဇာလန်အသင်း၏ သွင်းဂိုးများကို ဖာဘီယန်ချာယာနှင့် မက်မိဒီတို့က သွင်းယူပေးခဲ့ပြီး အန်ဒိုရာအတွက် ချေပဂိုးကို ဂူတာရက်ဇ်က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဖာရိုးကျွန်းစုနှင့် ပေါ်တူဂီတို့ပွဲစဉ်တွင် ပေါ်တူဂီအသင်းအတွက် သွင်းဂိုးများကို အန်ဒရီဆေးလ်ဗားက သုံးဂိုး၊ စီရိုနယ်လ်ဒိုက တစ်ဂိုး၊ မော်တင်ဟိုကတစ်ဂိုးနှင့် ကန်ဆယ်လိုက တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ လတ်ဗီးယားနှင့် ဟန်ဂေရီတို့ပွဲစဉ်တွင် ဟန်ဂေရီအတွက် သွင်းဂိုးများကို ဂွါဆိုနှင့် ဇာလိုင်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ အုပ်စု(B)တွင် သုံးပွဲကစားပြီးချိန်တွင် ဆွစ်ဇာလန်အသင်းသည် ရမှတ်ကိုးမှတ်ရရှိထားကာ ထိပ်ဆုံး၌ ဦးဆောင်နိုင်ခဲ့ပြီး ပေါ်တူဂီအသင်းမှာမူ ရမှတ်ခုနစ်မှတ်ဖြင့် ဒုတိယနေရာက ရပ်တည်လျက်ရှိသည်။

အုပ်စု(H)တွင် ဘော့စနီးယားအသင်းက ဆိုက်ပရပ်စ်အသင်းကို နှစ်ဂိုးပြတ်ဖြင့်လည်းကောင်း၊ ဂရိအသင်းက အက်စ်တိုးနီးယားအသင်းကို နှစ်ဂိုးပြတ်ဖြင့်လည်းကောင်း၊ ဘယ်လ်ဂျီယံအသင်းက ဂျီဘရောတာအသင်းကို ခြောက်ဂိုးပြတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ဘော့စနီးယားအသင်းသည် ဆိုက်ပရက်စ်အသင်းနှင့် ပွဲစဉ်တွင် မီလန်ဂျူရစ်နှင့် မီဒွန်ဂျာနင်တို့က သွင်းယူပေးခဲ့ပြီး အက်စ်တိုးနီးယားအသင်းကို အနိုင်ရရှိခဲ့သည့် ဂရိအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို တိုရိုဆီဒစ်နှင့် စတာဖိုင်လီဒစ်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ယင်းအုပ်စုတွင် ဘယ်လ်ဂျီယံအသင်းသည် အဝေးကွင်းတွင် ခြောက်ဂိုးအထိသွင်းယူနိုင်ခဲ့ပြီး ဘယ်လ်ဂျီယံအသင်းအတွက် သွင်းဂိုးများကို ဘန်တီကီက သုံးဂိုး၊ ဝစ်ဆယ်ကတစ်ဂိုး၊ ဟာဇက်ကတစ်ဂိုးနှင့် မာတန်ကတစ်ဂိုး သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဘယ်လ်ဂျီယံအသင်းနှင့် ဂရိအသင်းတို့သည် သုံးပွဲကစားအပြီးတွင် သုံးပွဲစလုံးအနိုင်ရရှိထားကာ ရမှတ်ကိုးမှတ်စီရရှိထားသော်လည်း ဘယ်လ်ဂျီယံအသင်းက ဂိုးကွာခြားချက်ကြောင့် အုပ်စုအဆင့်တွင် ထိပ်ဆုံး၌ ရပ်တည်နိုင်ခဲ့သည်။

(ဌေးကြယ်)

ခင်ပွန်းဖြစ်သူ ရွန်းနီအတွက် တွစ်တာစာမျက်နှာမှတစ်ဆင့် ကာကွယ်ပေးခဲ့တဲ့ ကောလင်းရွန်းနီ

ကောလင်း ရွန်းနီက ခင်ပွန်းဖြစ်သူ ရွန်းနီနှင့် ပတ်သက်၍ ပရိသတ်များ၏ ဝေဖန်ပြောကြားနေမှုများကို သူနှင့် သားအကြီးဆုံး ခိုင်တို့ကားထဲတွင် အတူတကွရှိနေစဉ်အတွင်း ရေဒီယိုမှ ကြားခဲ့ရပြီးနောက် အဆိုပါကိစ္စရပ်အပေါ် တွစ်တာစာမျက်နှာမှတစ်ဆင့် တုံ့ပြန်ရေးသားလိုက်သည်။

ကောလင်းက "တစ်ဦးတစ်ယောက်ရဲ့ ချစ်ခင်မှုဆိုတာက သူ့ရဲ့ အမြင်အတိုင်းဖြစ်တည်တာပါပဲ။ ပေါ့ပေါ့ပါးပါး အနေနဲ့တွေးရင် ဘဝကတိုတိုလေးပါ။ လူတွေက တခြားသူတွေမှာလည်း ခံစားချက်ရှိတယ်ဆိုတာကို မေ့နေတတ်ကြပါတယ်။ သူကလည်း ပလတ်စတစ်အရုပ်မဟုတ်သလို ကျွန်မတို့တွေကလည်း ပလတ်စတစ်နဲ့လုပ်ထားတာမဟုတ်ပါဘူး။ ခိုင်ဟာ သူ့အဖေကို ဒီလိုဝေဖန်နေတာ ကားထဲမှာရှိတဲ့ ရေဒီယိုထဲက မကြားခင်ကတည်းက ခြောက်နှစ်ဆိုတဲ့အရွယ်ဟာ စာဖတ်တတ်နေပြီဆိုတော့ ဘာတွေရေးသားထားတယ်ဆိုတာ သူနားလည်နေပါပြီ"ဟု ရွန်းနီနှင့် ပတ်သက်၍ ပထမဦးဆုံးအကြိမ် တုံ့ပြန်ရေးသားခဲ့သည်။

သို့သော်အခြားတွစ်တာ အသုံးပြုသူတစ်ဦးကတော့ ကောလင်းဟာ လူတွေရဲ့ ကြင်နာသနားမှုကိုရဖို့ ခြောက်နှစ်အရွယ် ကလေးငယ်ကို အသုံးပြုခဲ့တာကြောင့် သူ့ဘာသာသူ ရှက်သင့်ကြောင်း ပြန်လည်ဝေဖန်ခဲ့သည်။

အင်္ဂလန်၏ ထာဝရ သွင်းဂိုးအများဆုံးမှတ်တမ်းရှင် ရွန်းနီမှာ ပြီးခဲ့သည့်လများအတွင်း ခြေစွမ်းပိုင်းသိသိသာသာ ကျဆင်းလာရာ ဝေဖန်မှုများ ဆက်တိုက်ခံနေရပြီး မန်ယူအသင်းတွင် အရန်ကစားသမားအဖြစ်သာ ကစားခွင့်ရခဲ့သလို အင်္ဂလန်ယာယီနည်းပြ ဆောက်ဂိတ်က သူ့အားမော်လ်တာနှင့် ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ယုံယုံကြည်ကြည် အသုံးပြုခဲ့သော်လည်း ခြေစွမ်းထပ်မံပျောက်ဆုံးခဲ့ပြန်သည်။ ဆောက်ဂိတ်က နည်းဗျူဟာပိုင်းအပြောင်းအလဲကြောင့် ဆလိုဗေနီးယားအသင်းနှင့် ကစားမည့်ပွဲစဉ်တွင် ရွန်းနီကို အရန်ကစားသမားအဖြစ် အသုံးပြုကာ ဂျော်ဒန်ဟန်ဒါဆန်ကို အသင်းခေါင်းဆောင်လက်ပတ်ကို လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ရွန်းနီကို အကြောင်းကြားထားပြီးဖြစ်သည်။ ရွန်းနီက သူသည် ၂၀၁၈ ကမ္ဘာ့ဖလားမတိုင်မီ အင်္ဂလန်လက်ရွေးစင်အသင်းမှ အနားယူရန် စဉ်းစားထားခြင်းမရှိဘဲ နေရာတစ်နေရာအတွက် ဆက်လက်တိုက်ပွဲဝင်သွားဦးမည်ဟု ပြောကြားခဲ့သည်။

ဝိန်းရွန်းနီမှာ အင်္ဂလန်အသင်းကို မျှားစွာအကျိုးပြုထားသည့် ဂန္ဓဝင်ကစားသမားတစ်ဦးဖြစ်သောကြောင့် ဆလိုဗေနီးယားနှင့် ပွဲစဉ်တွင် အင်္ဂလန်ပရိသတ်များအနေဖြင့် ရွန်းနီအပေါ် လေးစားမှုပြသပေးရန် အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဂျွန်တယ်ရီက တိုက်တွန်းလိုက်သည်။

ရီးယဲလ်မက်ဒရစ်အသင်းခေါင်းဆောင် ရာမို့စ် တစ်လကြာအနားယူရမည်

ရီးယဲလ်မက်ဒရစ်အသင်းခေါင်းဆောင်လည်းဖြစ်၊ စပိန်အသင်းခေါင်းဆောင်လည်းဖြစ်သူ ရာမို့စ်မှာ အယ်ဘေးနီးယားနှင့် ပွဲစဉ်တွင် ရရှိခဲ့သောဒူးအရွတ်ကြောဒဏ်ရာကြောင့် တစ်လကြာ အနားယူရတော့မည်ဖြစ်ကြောင်း ဘီဘီစီ သတင်းဌာနက ဖော်ပြသည်။ ရာမို့စ်မှာ ပွဲချိန်မိနစ် ၈၀ တွင် မြက်ခင်းပြင်ပေါ်သို့ ဆိုးရွားသည့် အနေအထားဖြင့် လဲကျသွားခဲ့ပြီးနောက် ဆက်လက်မကစားနိုင်တော့သဖြင့် လူစားလဲခံခဲ့ရသည်။

ဆေးစစ်ချက်များအရ ဒူးအရွတ်ကြောနှစ်နေရာတွင် ဒဏ်ရာများရရှိခဲ့ကြောင်း စပိန်အသင်းဘက်မှ အတည်ပြုလိုက်ပြီဖြစ်ရာ ရာမို့စ်မှာ လီဂျီယာဝါ ဆောနှင့် ကစားမည့် ချန်ပီယံလီဂ်အုပ်စု ပွဲစဉ်အပြင် အင်အားကြီး ပြိုင်ဘက် အက်သလက်တီကိုနှင့် ပွဲစဉ်အပါအဝင် လာလီဂါပွဲစဉ်လေးပွဲကို လွဲချော်တော့မည်ဖြစ်သည်။

ရိုမာရီယိုနှင့် ရိုနယ်လ်ဒိုတို့ထက် နေမာပိုကောင်း

ဘရာဇီးတိုက်စစ်မှူး နေမာသည် ယခင်ဘရာဇီးထိပ်တန်းတိုက်စစ်မှူးများဖြစ်သည့် ရိုမာရီယိုနှင့် ရိုနယ်လ်ဒိုတို့ထက် ပိုမိုပြီးပြည့်စုံသည့် ကစားသမားဖြစ်ကြောင်း ဘရာဇီးကစားသမားဟောင်း တိုစတိုက သုံးသပ်သည်။ နေမာ၏ တိုက်စစ်စွမ်းရည်မှာ ပီလီကိုမမီသေးသော်လည်း ရိုမာရီယိုနှင့် ရိုနယ်လ်ဒိုတို့ထက်သာလွန်နေပြီဟု တိုစတိုက ယုံကြည်သည်။

သို့သော် ဘရာဇီးအသင်း၏ ထာဝရဂိုးသွင်းအများဆုံး ကစားသမား စာရင်းတွင် နေမာမှာ ရိုနယ်လ်ဒိုနှင့် ရိုမာရီယိုတို့နှစ်ဦးစလုံးကို လိုက်မီခြင်းမရှိသေးပေ။ တိုစတိုက လက်ရှိတွင် မက်ဆီနှင့် စီရိုနယ်လ်ဒိုတို့နှစ်ဦးရှိနေသဖြင့် နေမာကို ကမ္ဘာ့အကောင်းဆုံးကစားသမားအဖြစ် သတ်မှတ်၍မရသေးသော်လည်း ယခင်ထိပ်တန်းကစားသမားများဖြစ်ခဲ့သော ဖီဂို၊ ကာကာနှင့် ရီဗယ်လ်ဒိုတို့ထက်မူ နေမာပိုကောင်းနေပြီဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။

မာရက်ဇ်အား ခေါ်ယူရန် အာဆင်နယ်ကြိုးပမ်းခဲ့

အာဆင်နယ်အသင်းသည် ပြီးခဲ့သည့် နွေဈေးကွက်အတွင်း လက်စတာအသင်း၏ တောင်ပံတိုက်စစ်မှူး မာရက်ဇ်အား ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း လက်စတာအသင်းဘက်မှ ငြင်းပယ်ခဲ့၍သာ အပြောင်းအရွှေ့မှာ ဖြစ်မြောက်မလာခဲ့ခြင်းဖြစ်သည်။ မာရက်ဇ်ကို အာဆင်နယ်မှ ခေါ်ယူရန် ကြိုးပမ်းလာစဉ်အတွင်း နည်းပြ ရာနီရေရီကလည်း ရောင်းချရန်ဆန္ဒမရှိသလို သူကိုယ်တိုင်ကလည်း ပဋိပက္ခ အခြေအနေကို မလိုလားသဖြင့် လက်စတာတွင်သာ ဆက်နေရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ဖွင့်ဟပြောကြားလိုက်သည်။

မာရက်ဇ်က" အာဆင်နယ်က ကျွန်တော့်ကို ဆက်သွယ်ခဲ့တယ်ဆိုတာမှန်ပါတယ်။ ဒါပေမယ့် လက်စတာက ကျွန်တော်ကို ဆက်ထိန်းထားဖို့ဆန္ဒရှိသလို ကျွန်တော်က ဈေးကြီးတဲ့ ကစားသမားဖြစ်ပါတယ်။ အသင်းနဲ့ အချေအတင်မဖြစ်ချင်သလို လက်စတာမှာလည်း ကျွန်တော် ဆက်ပြီး တိုးတက်လာဦးမယ်လို့ ယုံကြည်ထားတာကြောင့် အသင်းမှာပဲ ဆက်နေဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်" ဟု ဆိုလိုက်သည်။

မေလဲ့သင်း - ရေးသားသည်

ကြက်သွန်အိတ်များ တင်ဆောင်လာသည့် ခြောက်ဘီးယာဉ် တိမ်းမှောက်

နေပြည်တော် အောက်တိုဘာ ၁၁

ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး၏ ဘောနီအမြန်လမ်းရဲတပ်ဖွဲ့စခန်းအပိုင် မိုင်တိုင်အမှတ် (၅၂/၇) နှင့် (၅၃/၀) ကြားရှိ နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း သန်းစိုးမောင်းနှင်လာသော ကြက်သွန်အိတ်များ တင်ဆောင်လာသည့် ISUZU ခြောက်ဘီးယာဉ်သည် ယနေ့နံနက် ၆ နာရီက ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိမ်းနိုင်ဘဲ လမ်းလယ်ကျွန်းကပ်တုံးအားတိုက်ပြီး လမ်းမပေါ်သို့ တိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ နှစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိမှု မရှိသော်လည်း ယာဉ်မှာ သုံးသိန်းဖိုးခန့် ပျက်စီးသွားသည်။ အဆိုပါဖြစ်စဉ်ကြောင့် ဘောနီအမြန်လမ်းရဲစခန်းက ယာဉ်မောင်း သန်းစိုးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သန်းဦး(လေးမျက်နှာ)

ဘိန်းစိမ်း၊ ဘိန်းဆီခဲနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် အောက်တိုဘာ ၁၁

ဟိုပုံးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၉ ရက်က ဟိုပုံးမြို့နယ် လဲလေကျေးရွာနေ မောင်ပါး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၅၀ ကိုလည်းကောင်း၊ အလားတူ အောက်တိုဘာ ၁၀ ရက်က မူးယစ်တပ်ဖွဲ့စု(၂၂)မူဆယ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်-ကောင်းခါးသွား ကားလမ်းကွတ်ခိုင်မြို့အထွက် ကောင်းခါးလမ်းခွဲတွင် နောင်ဂျာ မောင်းနှင်ပြီး မခေါ်နိန်ဆန် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ ဝိုင်းမော်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ် ဗလမင်းထင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ယိန်းဘောမ် မောင်းနှင်ပြီး မရွှင်းမေ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းစိမ်း ၂ ဒသမ ၉၃၉၄ ကီလိုနှင့် ဘိန်းဆီခဲ ကိုးဂရမ်တို့ကိုလည်းကောင်း သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

မောင်ပါးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

သတိပေးနှိုးဆော်ချက်

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီးအတွင်း သီတင်းကျွတ်ကာလတွင် ဘြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များအတွင်းတွင် ဘြောက်အိုး၊ မီးရှူး၊ မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများက ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဘြောက်အိုး၊ မီးရှူး၊ မီးဒုံး(ရှူးဒိုင်း)များအား လူစည်ကားရာနေရာများ၊ ကုန်တိုက်ကြီးများ၊ စျေးများ၊ လမ်းမကြီးများတွင် ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အသိပေးနှိုးဆော်ထားသည်။

(ကြေးမုံ)

ကျောက်ဆွန်ကြီး

ရန်ကုန် အောက်တိုဘာ ၁၁

ရန်ကုန်ကုန်းတောတွင် ကျောက်ဆွန်ကြီးတစ်ကောင် ပေါ်ပေါက်လာခဲ့ပြီး ဒေသခံပြည်သူများ ရောက်ရှိကြည့်ရှုကြကြောင်း ရန်ကုန်ကုန်းတောရဲတပ်ဖွဲ့ဝင်ကြီး ဦးကျော်ဝင်းက ပြောကြားခဲ့ပါသည်။ ကျောက်ဆွန်ကြီးမှာ ပုံသဏ္ဌာန်ကြီးမားပြီး ကိုယ်ထည်ပေါ်ရှိ ရေကြောင်းများ ခြောက်ကပ်ကာ ကျောက်ဆွန်ကြီးမှ ရေနံနံ့ထွက်ပေါ်ကြောင်း ဦးကျော်ဝင်းက ပြောကြားခဲ့ပါသည်။

ကြက်ခြေခတ်ပညာအထက်တန်းကျောင်း (ယင်းတော်) ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားလွှာ

အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ယင်းတော်)၏ မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ၂၅-၁၂-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် အဆိုပါကျောင်းခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် ကန်တော့ခံဆရာကြီး ဆရာမကြီးများအနေဖြင့် ပူဇော်ကန်တော့ခံကြွရောက်ပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် လာရောက်ပူဇော်ကန်တော့ကြပါရန် ရိုသေလေးစားစွာဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လျှုဒါန်းနိုင်ရန်

ဦးခင်မောင်ကျော်	ဖုန်း-၀၉-၂၅၆၂၈၉၃၉၄
ဦးစိုင်းအောင်သူထွေး	ဖုန်း-၀၉-၇၈၉၄၄၄၉၆၉
ဦးခိုင်ဖြိုးငြိမ်း	ဖုန်း-၀၉-၂၁၃၃၅၂၈
ဦးဇော်ထွန်းမင်း	ဖုန်း-၀၉-၇၈၄၉၉၉၉၀၄

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ
အထက(၃)ယင်းတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇ ခုနှစ်ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အောက်ပါရွေးကောက်ပွဲနှင့် သက်ဆိုင်သည့်ပစ္စည်းအား ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- ဆန္ဒပြုအမှန်တံဆိပ်တုံး

၂။ စျေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများအား တင်ဒါတင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာ ကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင်(သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ စျေးပြိုင်အဆိုပြုလွှာတင်သွင်းသည့်ပုံစံများအား တစ်စုလျှင် ၁၀၀၀၀/- (ကျပ်တစ်သောင်းတိတိ) ဖြင့် ၁၇-၁၀-၂၀၁၆ ရက်နေ့မှစ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)တွင်ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ စျေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ စျေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံသည် မူရင်းစျေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံဖြစ်ရပါမည်။

၅။ ပေးသွင်းရမည့် ဆန္ဒပြုအမှန်တံဆိပ်တုံး နမူနာပုံစံအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ထုတ်ပေးသွားမည်ဖြစ်ပြီး တင်ဒါအဆိုပြုလွှာများကို ၁-၁၁-၂၀၁၆ ရက်နေ့မှစတင်၍ ၁၁-၁၁-၂၀၁၆ ရက်နေ့ နောက်ဆုံးထားပြီး ရုံးချိန်အတွင်း ရုံးအမှတ်(၂၂)သို့ လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ရောက်ရှိလာသော အဆိုပြုလွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

၆။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ရုံးအမှတ်(၂၂) တယ်လီဖုန်းအမှတ် ၀၆၇-၄၀၄၃၁၁ နှင့် ၀၆၇-၄၀၄၂၃၄တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကျေးတောရွာ

Since 1985

ကျိုက်ထီးရိုး ချောင်းသာ
မြဝတီ - ၀ - ၈ ၊ ၈ ၊ ၀ ၊ ၈ ၊ ၀ ၊ ၈ ၊ ၀

ချင်းတွင်းမြစ်ကြောင်းရေလမ်းကောင်းမွန်ရေးအတွက် ငွေကျပ်သန်း ၁၇၀ သုံးစွဲမည်

မုံရွာ အောက်တိုဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ အဓိကဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ချင်းတွင်းမြစ်ကြောင်း ရေလမ်းဖွံ့ဖြိုးရေးကို အပိုင်းသုံးပိုင်းခွဲပြီး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ချင်းတွင်းမြစ်သည် မုံရွာမြို့မှအထက် ချင်းတွင်းဒေသများသို့ ခရီးသွားလာရေးနှင့် ကုန်စည်များကို အထက်၊ အောက် သယ်ယူပို့ဆောင်ရေးတို့တွင် အဓိက အားထားရသည်ဖြစ်ရာ ခရီးသည်တင် အမြန်ရေယာဉ်များ၊ ကုန်စည်တင်ရေယာဉ်များနှင့် အခြားရေယာဉ်ကြီးများ ရာသီမရွေးသွားလာနိုင်ရေးအတွက် မြစ်ကြောင်းအတွင်း အဓိကနွေရာသီတွင် သွားလာရခက်ခဲသောနေရာများတွင် သောင်တူခြင်း၊ မျောတိုင်တန်းစိုက် ကျောက်ဖြည့်ရေကာများကို အသစ်တည်ဆောက်ခြင်းနှင့် တည်ဆောက်ပြီး ရေကာများအားဖြည့်ခြင်းတို့ကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ချင်းတွင်းမြစ်ကမိုးရာသီမှာ သွားလာရအဆင်ပြေပေမယ့် အဓိက နွေရာသီ ရေနည်းကာလတွေမှာ ရေကြောင်းကျပ်တဲ့နေရာတွေမှာ ရေကြောင်းကောင်းမွန်ရေးအတွက် ချင်းတွင်း-မုံရွာ ရေလမ်းပိုင်း၊ မုံရွာ-မင်းကင်းရေလမ်းပိုင်းနဲ့ မင်းကင်း-မော်လိုက်ရေလမ်းပိုင်းဆိုပြီး အပိုင်းသုံးပိုင်းမှာ ရေယာဉ်တွေ သွားလာရေး အဆင်ပြေစေဖို့အတွက် ပြည်ထောင်စုရန်ပုံငွေနဲ့ လုပ်ဆောင်ပေးသွားမှာပါ" ဟုတိုင်းဒေသကြီးရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

ချင်းတွင်းမြစ်ကြောင်း ရေလမ်းကောင်းမွန်ရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေမှ ငွေကျပ်သန်း ၁၇၀ ဖြင့် ချင်းတွင်း-မုံရွာရေလမ်းပိုင်းတွင် မုံ ရွာရေကာဟောင်း အမှတ်(၁)အား စွမ်းအားမြှင့်တင်ခြင်းနှင့် သောင်တင်ခြင်း လုပ်ငန်းအား ငွေကျပ်သန်း ၄၀ ဖြင့်လည်းကောင်း၊ မုံရွာ-မင်းကင်း ရေလမ်းပိုင်းတွင် မျောတိုင်တန်းစိုက်ကျောက်ဖြည့် ရေကာတည်ဆောက်ခြင်းအတွက် ငွေကျပ်သန်း ၈၀ ဖြင့်လည်းကောင်း၊ မင်းကင်း-မော်လိုက် ရေလမ်းပိုင်းတွင် မျောတိုင်တန်းစိုက်ကျောက်ဖြည့်ရေကာ တည်ဆောက်ခြင်းကို ငွေကျပ်သန်း ၅၀ ဖြင့် လည်းကောင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းဝေ(မုံရွာ)

ကျေးလက်နေကလေးငယ်များ ကျောင်းပြင်ပဗဟုသုတရရှိရေးနှင့် ဉာဏ်ရည်မြင့်မားရေး ကလေးစာဖတ်ဝိုင်းများမှတစ်ဆင့်ဆောင်ရွက်ပေး

ကျောက်ပန်းတောင်း အောက်တိုဘာ ၁၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျေးလက်နေ ကျောင်းသား၊ ကျောင်းသူကလေးငယ်များ ပြင်ပစာပေဗဟုသုတရရှိစေရေးနှင့် စာကြည့်တိုက်တွင် ပျော်ရွှင်စွာ စာပေဖတ်ရှုလေ့လာမှု အလေ့အထ တိုးပွားစေရေးတို့အတွက် ကလေးစာဖတ်ဝိုင်းများမှတစ်ဆင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၉ ရက် မွန်းလွဲ ၁ နာရီက ကြေငို့ကျေးရွာ အုပ်စု ဆင်တိုင်းကန်ကျေးရွာ ဘဝတက္ကသိုလ်စာကြည့်တိုက် ကျောင်းသားကလေးငယ်များနှင့်တွေ့ဆုံ၍ စာဖတ်ဝိုင်းနှင့် ကစားပွဲများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်ငြိမ်းအိနှင့် ဝန်ထမ်းများသည် ကျေးရွာအတွင်းရှိ ဘဝတက္ကသိုလ်စာကြည့်တိုက်၌ တတိယတန်း၊ စတုတ္ထတန်းနှင့် ပဉ္စမတန်း ကျောင်းသားကလေးငယ်များနှင့် တွေ့ဆုံ၍ စာဖတ်ဝိုင်းဖွဲ့ဆွေးနွေးခြင်း၊ ကျန်းမာရေးအထောက်အကူပြုစေရန် စုပေါင်းကိုယ်လက်လှုပ်ရှားကစားခြင်းနှင့် ဉာဏ်ရည်၊ ဘာသွေးကောင်းမွန်စေရန်အတွက် မှတ်ဉာဏ်ပြိုင်ပွဲများဖြစ်သည့် အင်္ဂလိပ်မီးနင်းစာလုံးဆက်ဖော်ခြင်း၊ အရုပ်ဖွက်ရွေးချယ်ခြင်း အစရှိသည့် ကစားနည်းများကို အုပ်စုဖွဲ့ပြိုင်ဆိုင်စေခြင်းများ အပြင် ရောင်စုံသရဖူလေးများကို ကိုယ်တိုင်ဒီဇိုင်းဖော်လုပ်ဆောင်စေခြင်းများ ပြုလုပ်ပေးခဲ့ရာ ကလေးများ ဝမ်းသာပျော်ရွှင်စွာဖြင့် စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရပြီး ကျေးရွာစာကြည့်တိုက် တာဝန်ခံများဖြစ်သည့် ဦးတင်ကြည်နှင့် ကော်မတီဝင်များကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

ရိုးရာခွာဒိုပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပရေးညှိနှိုင်းဆွေးနွေး

တီးတိန် အောက်တိုဘာ ၁၁

ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့တွင် ရိုးရာခွာဒိုပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ရိုးရာခွာဒိုပွဲကျင်းပရေးကော်မတီ၊ ဆပ်ကော်မတီများ၏ အစည်းအဝေးကို အောက်တိုဘာ ၆ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ် စည်ပင်၊ လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးဆလိုင်းအိုက်ဇက်ခင် တက်ရောက်ပြီး ရိုးရာခွာဒိုပွဲကို ရိုးရာမပျက် ကျင်းပနိုင်ရေးဆွေးနွေးသည်။

ဆက်လက်၍ ပွဲတော်ကျင်းပရေးဆပ်ကော်မတီအသီးသီးမှ ကြိုတင်ပြင်ဆင်မှုများကို အသီးသီးဆွေးနွေးကြပြီး အဆိုပါပွဲကျင်းပရေးကော်မတီအစည်းအဝေးတွင် ဌာနဆိုင်ရာများ၊ ပွဲတော်ကျင်းပရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြကာ ရိုးရာခွာဒိုပွဲကို တီးတိန်မြို့တွင် အောက်တိုဘာ ၁၄ နှင့် ၁၅ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးဆွေးနွေးဆုံးဖြတ်ကြကြောင်းသိရသည်။

အဆိုပါ ခွာဒိုပွဲကို ချင်းပြည်နယ်နေရာဒေသတိုင်းတွင် မျိုးနွယ်စုအလိုက် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရိုးရာသီတင်းကျွတ်ပွဲတော် (ခေါ်) ခွာဒိုပွဲတော်အား ပြည်နယ်အဆင့် ပွဲတော်အဖြစ် ပြည်တွင်း ပြည်ပဧည့်သည်များ ဖိတ်ခေါ်၍ အောက်တိုဘာ ၁၄ ရက်တွင် လိုင်လိုးကျေးရွာနှင့် ၁၅ ရက်တွင် တီးတိန်မြို့တို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြည်တွင်း ပြည်ပဧည့်သည်များကို ဖိတ်ခေါ်၍ ကျင်းပမည့် ပထမဆုံးပွဲလည်းဖြစ်ပြီး ဌာနဆိုင်ရာပြခန်းများ၊ ရိုးရာဓလေ့ပြခန်းများ၊ အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ၊ ရိုးရာယဉ်ကျေးမှု အကပဒေသာများကိုပါ ပြသတင်ဆက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျိုးနက်**

မြင်းမူမြို့ပေါ်ရှိစာသင်ကျောင်းများနှင့်ဘော်ဒါဆောင်များသို့သွေးလွန်တုပ်ကွေးကာကွယ်ရေးအတွက်ခြင်ဆေးဖျန်းခြင်းများဆောင်ရွက်

မြင်းမူ အောက်တိုဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်းများနှင့် စာသင်ဝိုင်း ဘော်ဒါဆောင်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားခြင်းမရှိစေရေးနှင့် အေးချမ်းစွာ စာသင်ကြားနိုင်ရေးအတွက် ခြင်ဆေးဖျန်းခြင်းဖြင့် ကာကွယ်မှုဆောင်ရွက်ပေးခြင်းကို အောက်တိုဘာ ၈ ရက်က ပြုလုပ်ခဲ့သည်။

"ကျောင်းသား၊ ကျောင်းသူလေးတွေ ပညာသင်ကြားရာမှာ ဒီလိုရာသီမှာအဖြစ်များတဲ့ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပြီး ပညာသင်ကြားရေးမှာ အနှောင့်အယှက်မဖြစ်စေချင်ဘူးလေ။ ဒါ့ကြောင့်မြို့နယ်ရဲ့အစီအမံနဲ့ ကျွန်တော်တို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြတ်သုခ လူမှုကူညီရေးအသင်းနဲ့ သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် ဦးလှအောင်ကပြောပြသည်။

မြင်းမူမြို့ပေါ်ရှိ အမှတ်(၁)မှအမှတ်(၇)ထိ အခြေခံပညာ မူလတန်းကျောင်း(၇)ကျောင်း၊ မူကြိုကျောင်း (၁)ကျောင်းနှင့် ဘော်ဒါဆောင်သုံးခုတို့အား ကျောင်းပိတ်ရက်ကို ရွေးချယ်ကာ ကာကွယ်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အောင်စိုးဝေ (IPRD)

နားမွန်းလုံ–မယ်အောလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများဆောင်ရွက်

ဟိုမိန်း အောက်တိုဘာ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ဟိုမိန်းမြို့နယ်အတွင်းရှိ ဒေသအတွင်း နေထိုင်သော ပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး၊ ကုန်ထုတ်လုပ်မှုနှင့် အခြားကဏ္ဍများပါ အဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် နားမွန်းလုံ-မယ်အောကျေးရွာ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းကို ဟိုမိန်းဒေသဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ဆိုက်ဖေ့ ကုမ္ပဏီ အနေဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နားမွန်းလုံကျေးရွာနှင့် မယ်အောကျေးရွာလမ်း အရှည် ၇/၀ မိုင် မြေသားလမ်းအား ကျောက်ချောလမ်း လေးမိုင်အဖြစ် အဆင့်မြှင့်တင်ခြင်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေအား မြို့အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျာဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အောက်တိုဘာ ၉ ရက်ကကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းခွင်တွင် အန္တရာယ်ကင်းရှင်းရေးနှင့် စံချိန်စံညွှန်းပြည့်မီပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန်မှာ ကြားခဲ့ကြောင်း သိရသည်။ **ဗျိုးညွှန့်ရွှေ (မိုးနဲ)**

တောင်သူအကျိုးပြုမည့် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်းဖွင့်ပွဲကျင်းပ

မွင်ဖြူ အောက်တိုဘာ ၁၁

ခေတ်မီလယ်ယာသုံး စက်ကိရိယာများကို စနစ်တကျကိုင်တွယ် မောင်းနှင် ထိန်းသိမ်းတတ်စေပြီး၊ အခြေခံကျသော စာတွေ့လက်တွေ့သင်ခန်းစာများ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် တောင်သူဦးကြီးများ ကြုံတွေ့ခံစားနေရသော လယ်ယာ လုပ်သားရှားပါးမှု၊ စက်ကိရိယာများ မကျွမ်းကျင်မှု အခက်အခဲများ၊ ကျွဲနွားရှားပါးမှုနှင့် ကျွဲ၊ နွားရောဂါ ပြဿနာများကို ထိရောက်စွာ ကျော်လွှားနိုင်စေရန်နှင့်လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ အချိန်တိုအတွင်း ကူးပြောင်းရောက်ရှိနိုင်စေရန် ရည်ရွယ်၍ လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်း အမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက် ၈ နာရီက ပွင့်ဖြူမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၆) စက်မှုလယ်ယာစခန်း၌ ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေမှ အဖွင့်အမှာစကားပြောကြားပြီး၊ စက်မှုလယ်ယာဦးစီးဌာနမှူး ဦးပိုးကျော်မှ သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကာ ဖွင့်ပွဲအခမ်းအနားကိုရုပ်သိမ်း၍ သင်တန်းသားများအား စက်ကိရိယာ မောင်းနှင်မှု လက်တွေ့သရုပ်ပြသင်ကြားပေးခဲ့သည်။

အဆိုပါသင်တန်းသို့ ပွင့်ဖြူမြို့နယ်အတွင်းရှိ စံပြကျေးရွာ၊ လယ်လှကုန်းကျေးရွာ၊ကံသာကြီးကျေးရွာ၊ နှင့် ညောင်ပင်ရွာကျေးရွာတို့မှ ဒေသခံ တောင်သူ သင်တန်းသား ၃၀ ဦးအား အောက်တိုဘာ ၁၀ ရက်မှ ၂၁ ရက် အထိ ၁၀ ရက်ကြာ စာတွေ့လက်တွေ့ကျွမ်းကျင်တတ်မြောက်ပြီး၊ လယ်ယာလုပ်ငန်းခွင်တွင် စက်ကရိယာများဖြင့် ထိန်းသိမ်းမောင်းနှင် အသုံးပြုနိုင်သည်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သူရထွန်း(ပွင့်ဖြူ)**

အမှုစစ်(အရာရှိ)မွမ်းမံသင်တန်း ဖွင့်ပွဲကျင်းပ

မြင်းမူ အောက်တိုဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မျူးရုံးမှ ကြီးမှူးဖွင့်လှစ်သည့် အမှုစစ် (အရာရှိ) မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို စစ်ကိုင်းမြို့ မြို့မရဲစခန်းဝင်းအတွင်းရှိ ရဲရင့်ရဲရဲသာခန်းမ၌ အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မျူးရုံး ဒုတိယတိုင်းရဲတပ်ဖွဲ့မျူး ရဲမျူးကြီးကျော်ထွန်း၊ စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့မျူး ဒုတိယရဲမျူးကြီးမြသင်း၊ စစ်ကိုင်းမြို့နယ်ရဲတပ်ဖွဲ့မျူး ရဲမျူးဥက္ကာသောင်းနှင့် ခရိုင်၊ မြို့နယ်များမှ ဦးစီးအရာရှိများ၊ နည်းပြများ၊ သင်တန်းသား ၁၅ ဦး စုစုပေါင်း ၃၅ ဦးတက်ရောက်ခဲ့သည်။

အဆိုပါအမှုစစ်(အရာရှိ) သင်တန်းအား အောက်တိုဘာ ၁၀ မှ ၂၁ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။ **(G ၂၄)**

ကျိုက်ထီးရိုးစေတီတော် လုံခြုံရေးနှင့်သန့်ရှင်းရေးစစ်ဆေး

ကျိုက်ထို အောက်တိုဘာ ၁၁

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီဘုရားပွဲတော်ကို လာမည့်သီတင်းကျွတ်လပြည့်နေ့တွင် စတင်ကျင်းပတော့မည်ဖြစ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးက ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်နှင့် ဌာနဆိုင်ရာမှတာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၉ ရက်တွင် စေတီတော်လုံခြုံရေးနှင့် သန့်ရှင်းရေးကိစ္စများ စစ်ဆေးခဲ့ကြောင်း သိရသည်။

ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကြီး ဘုရားပွဲတော်ကာလတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ၊ နိုင်ငံခြားသားဧည့်သည်များ အဆင်ပြေစွာဘုရားဖူးမြော်လျှုတာန်းနိုင်ရန်၊ စားသောက်တည်းခိုနိုင်ရန်တို့အတွက် အသစ်ပြန်လည်ဖွဲ့စည်းထားသော ဂေါပကအဖွဲ့က ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ကျိုက်ထီးရိုးဘုရားပွဲတော်ကို လာမည့်သီတင်းကျွတ်လပြည့်နေ့တွင် စတင်ကျင်းပမည်ဖြစ်ရာ ဘုရားပွဲတော်ဖွင့်ပွဲမတိုင်မီ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦးသည် ဘုရားပွဲတော်ကာလအတွင်း လုံခြုံရေးနှင့် သန့်ရှင်းရေးကိစ္စများ စီစဉ်ထားမှုအခြေအနေများကိုစစ်ဆေး၍ လိုအပ်ချက်များအတွက် အကြံပြုညွှန်ကြားခဲ့သည်။ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ကျိုက်ထီးရိုးဘုရားပွဲတော်ကာလကို နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ ခုနစ်လတာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ရဲခေါင်ဦး**

သုဓမ္မာဇရပ်ဆောင်များသည် ရှေးဟောင်းအမွေအနှစ်များဖြစ်၍ စျေးရောင်းချခြင်း၊ ချက်ပြုတ်စားသောက်ခြင်းမပြုရန် မေတ္တာရပ်ခံ

မန္တလေး အောက်တိုဘာ ၁၁

မန္တလေးမြို့အောင်မြေသာစံမြို့နယ်ရှိ မဟာသက္ကမာရဇိန်ကျောက်တော်ကြီး ဘုရားပွဲတော်ရက်များအတွင်း ရပ်ဝေးရပ်နီး ဘုရားဖူးဧည့်သည်များ ပွဲတော်လာစျေးသည်များအနေဖြင့် သုဓမ္မာဇရပ်ပေါ်နှင့် အနီးအနားတို့တွင် စျေးရောင်းချခြင်း၊ ထမင်းဟင်းချက်ပြုတ်စားသောက်ခြင်းမပြုလုပ်ရန် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)က မေတ္တာရပ်ခံထားကြောင်း သိရသည်။

အဆိုပါ (၁၂၈)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို အောက်တိုဘာ ၁၄ ရက်မှ ၂၃ ရက်အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပြီး ပွဲတော်ရက်များအတွင်းရပ်ဝေးရပ်နီး ဘုရားဖူးဧည့်သည်များ လာရောက်အနားယူအပန်းဖြေကြည့်ရှုနိုင်ရန် မိုးလုံလေလုံ ဇာတ်ရုံတည်ဆောက်၍ ညစဉ် ဇာတ်သဘင်အနုပညာရှင်များက ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

ဘုရားပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ (၁၂) ပွဲစျေးသည်များလည်း ဒေသထွက်ကုန်များ၊ လယ်ယာသုံးပစ္စည်းများ၊ ကြေးထည်သံထည်ပစ္စည်းများ၊ ပန်တနော်သင်ဖြူးဖျာများ၊ ဝါးဖြင့်ပြုလုပ်သောပစ္စည်းများ၊ ဒေသမြန်မာ့ရိုးရာအစားအစာများအားစနစ်တကျရောင်းချနိုင်ရေး ဆိုင်ခန်းများလည်း စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

ကျောက်တော်ကြီးဘုရားပွဲစျေးတန်းအနီးတွင် သုဓမ္မာဇရပ်ဆောင်များရှိရာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်အထိမ်းအမှတ်အဆောက်အအုံများဖြစ်ပြီး ခရီးသွားပြည်သူများ ခေတ္တနားခိုရန်အတွက်ဖြစ်သည်။ ပွဲတော်လာစျေးသည်များအနေဖြင့် သုဓမ္မာဇရပ်အနီးပတ်ဝန်းကျင်တွင် စျေးရောင်းချခြင်း၊ ထမင်းဟင်းချက်ပြုတ်စားသောက်ခြင်းမပြုလုပ်ကြရန်နှင့် သက်ဆိုင်ရာလုံခြုံရေးအဖွဲ့များ၊ ဂေါပကအဖွဲ့များ၊ ဒေသခံများမှ ဝိုင်းဝန်းထိန်းသိမ်းပေးစေလိုကြောင်း သိရသည်။ **မောင်ပြည်သူ**

ဗီဇမတူစပါးမျိုးကွဲ နုတ်ပယ်ခြင်း ကွင်းဆင်းဆောင်ရွက်

ချောင်းဆုံ အောက်တိုဘာ ၁၁

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်ကြပ်မတ်ပြီး ဗီဇမတူစပါးမျိုးကွဲနုတ်ပယ်ခြင်း ကွင်းဆင်းဆောင်ရွက်မှုကို အောက်တိုဘာ ၁၀ ရက် နံနက် ၈ နာရီက တောင်စွန်းကျေးရွာ စိုက်ကွင်းအမှတ် (၆၅၉) ရှိ မျိုးသန့်စံပြစိုက်ကွက်ဖြစ်သည့် ပေါ်ဆန်းရင်စပါးစိုက်ခင်းတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုးက မျိုးကွဲမတူ ဗီဇမတူသည့်အပင်များအား နုတ်ပယ်ခြင်းဖြင့် စပါးမျိုးကောင်းမျိုးသန့်များရရှိခြင်း၊ အရည်အသွေးထိန်းသိမ်းနိုင်ခြင်း၊ စပါးအထွက်နှုန်းများ ပိုမိုကောင်းမွန်လာပြီး စပါးစျေးကောင်းရရှိခြင်းအားဖြင့် တောင်သူများအတွက် ဝင်ငွေတိုးပွားစေနိုင်ကြောင်းတို့ကို ပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးမှူး ဦးဝင်းနိုင်နှင့် ဝန်ထမ်းများ၊ စိုက်ပျိုးတောင်သူများပူးပေါင်းကာ ပေါ်ဆန်းရင် (စံပြ) စပါးစိုက်ခင်း ၈က ၅၀ အားကွင်းဆင်း၍ မျိုးကွဲနုတ်ပယ်ခြင်းကို လက်တွေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ညောင်တုန်း အောက်တိုဘာ ၁၁

မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက မိုးဟုတ်ကျေးရွာအုပ်စု ကျောင်းစုကျေးရွာရှိ မိုးပျံ့စာကြည့်တိုက်သို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ယင်းမိုးပျံ့စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို ပေးအပ်လျှုဒါန်းခဲ့ရာ ကျေးရွာစာကြည့်တိုက်မှူး ဦးအောင်ဌေးက လက်ခံရယူခဲ့ပြီး ကျွန်ရှိသည့် စာကြည့်တိုက်များအား ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး စာကြည့်တိုက်ကော်မတီအသစ်ပြန်လည်ဖွဲ့စည်းခြင်း၊ မိုဘိုင်းစာအုပ်ဌားရမ်းပေးခြင်း၊ စာဌား၊ စာဖတ်သူများ တိုးပွားရေး၊ စာအုပ်၊ စာစောင်အသစ်များ စာပေချစ်မြတ်နိုးသူများထံမှ လစဉ်အလျှုခံရရှိရေး၊ မျိုးဆက်သစ်လူငယ်လေးများ စာဖတ်ခြင်းအလေ့အထများ ရရှိလာပြီး အသိပညာများ တိုးပွားလာစေရေး၊ ကျေးရွာစာကြည့်တိုက်ရှိ စာအုပ်စာပေများ လျှော့နည်းပျောက်ဆုံးနှုန်းမှုမဖြစ်ပေါ်စေရေး၊ စာကြည့်တိုက် ကော်မတီအသစ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

Presentation Skill နှင့် Multi Stakeholder Dialogue သင်တန်းဖွင့်

ပခုက္ကူ အောက်တိုဘာ ၁၁

အနာဂတ်အလင်းရောင် လူငယ်ဖွံ့ဖြိုးရေးအသင်း၊ ဆွေသဟာကောဒ်မြန်မာအဖွဲ့တို့ပူးပေါင်းစီစဉ်ပြီး Presentation Skill နှင့် Multi Stakeholder Dialogue သင်တန်းကို အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီက ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းတွင် ပခုက္ကူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဇော်ဌေးအောင်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ပြီး ဆွေသဟာအဖွဲ့ (ပခုက္ကူ) တာဝန်ခံ ကိုရန်ပိုင်က Presentation Skill ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အနာဂတ်အလင်းရောင် လူငယ်ဖွံ့ဖြိုးရေးအသင်း (ပခုက္ကူ) တည်ထောင်သူ ကိုရဲထွဋ်ရှိက Multi Stakeholder Dialogue ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးပို့ချခဲ့သည်။

သင်တန်းကျင်းပရခြင်းနှင့်ပတ်သက်၍ ကိုရဲထွဋ်ရှိက ပါဝင်ပတ်သက်မည့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပရဟိတအဖွဲ့များ၊ ကျေးရွာများမှ ဩဇာတိက္ကမရှိသူများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ ဆွေးနွေးညှိနှိုင်းရာတွင် ဘုံသဘောတူညီချက်ရရှိရေးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် သင်တန်းကိုပေးရခြင်းဖြစ်ကြောင်း၊ ရေစကြိုမြို့နယ် လူငယ်ကွန်ရက်နှင့် ပူးပေါင်း၍ အောက်တိုဘာ ၈ ရက်က ရေစကြိုမြို့ ဂူကြီးကျောင်းဓမ္မာရုံ၌လည်း သင်တန်းပို့ချခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ကိုဇော်(ဓာတု)**

လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းမဖြစ်ပွားရေး အသိပညာပေးဟောပြောပွဲပြုလုပ်

သာစည် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရထားရဲတပ်ဖွဲ့ အမှတ်(၇)တပ်ခွဲ အောင်ပန်းဘူတာတွင် တပ်ခွဲမှူး ရဲမှူးလှထွန်းဦးစီး၍ မြန်မာ့မီးရထား တိုင်း(၄) အောင်ပန်းဘူတာမှ ဝန်ထမ်းများ၊ ညောင်ပင်တောင်ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ခရီးသွားပြည်သူများ ရထားလမ်းနှင့် ကပ်လျက်ရှိသည့် ရပ်ကွက်များမှ ရပ်ကွက်ပြည်သူများအား ဘူတာယာဒ်ဝန်းနှင့် ရထားများပေါ်တွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းမဖြစ်ပွားစေရေးတို့အတွက် မှုခင်းအသိပညာပေးဟောပြောမှုကို အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီက အောင်ပန်းဘူတာ စကြီ(၂)တွင် ပြုလုပ်ခဲ့တပ်ခွဲမှူး ရဲမှူးလှထွန်းက မှုခင်းကျဆင်းရေးအတွက် အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **မောင်ကို(သာစည်)**

စီးပွားရေးလုပ်ငန်းများအောင်မြင်ရေး ဟောပြောဆွေးနွေးပွဲကျင်းပ

မန္တလေး အောက်တိုဘာ ၁၁

Hyper Job Co,Ltd မှ စီစဉ်ကျင်းပသော စီးပွားရေးလုပ်ငန်းများအောင်မြင်ရေး ဟောပြောဆွေးနွေးပွဲကို အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၇၈ လမ်းရှိ Wilson Hotel ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီနှင့်လုပ်ငန်းများမှ မန်နေဂျာများ၊ ဝန်ထမ်းများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် Hyper Job Co.Ltd အုပ်ချုပ်မှူးဒါရိုက်တာ ဦးကျော်ကျော်စိုးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ဒါရိုက်တာဦးဇော်မျိုးအောင်က Hyper Job Co,Ltd ၏ လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းပြောကြားခဲ့ပြီး မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ဝင်းက How to get the sustainable success in Business ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်ကထိက (ဌာနမှူး) စီးပွားရေးအတိုင်ပင်ခံ ဒေါ်ဆန်းဆန်းလှက The Attitudes and Habits of Highly Effective Entrepreneurs ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

နိုင်ငံတော်၏ပုံပိုးမှုဖြင့် စော်ရဲကျေးရွာတစ်ရွာလုံး သောက်သုံးရေကို အလွယ်တကူ ခပ်ယူနိုင်မည်

စဉ်ကိုင် အောက်တိုဘာ ၁၁

မန္တလေးတိုင်းဒေသကြီး စဉ်ကိုင်မြို့နယ် စော်ရဲကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှပံ့ပိုးပေးသောငွေကြေးဖြင့် စက်ရေတွင်းတစ်တွင်းကို တူးဖော်လျက်ရှိသည်။

စော်ရဲကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးငွေကျပ် သိန်း ၇၀ ရရှိပြီး ထိုငွေဖြင့် မတည်ကာ စက်ရေတွင်းကို တူးဖော်ခြင်းဖြစ်သည်။ စက်ရေတွင်းတူးဖော်ပြီးပါက ရေတွင်းအနီးတွင် ရေကန်ပြုလုပ်ကာ ရေကိုအလွယ်တကူခပ်ယူနိုင်အောင် ပြုလုပ်မည်ဖြစ်သည်။

စော်ရဲကျေးရွာမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီပေးမှုဖြင့် ဖွံ့ဖြိုးတိုးတက်သောရွာတစ်ရွာအဖြစ် တည်ရှိလာသည်။ လျှပ်စစ်မီးများသွယ်တန်းခြင်းမှအစ စာသင်ကျောင်းများပြုပြင်ခြင်းများပါ ပြုလုပ်နိုင်ခဲ့သည်။

စဉ်ကိုင်မြို့နယ် စော်ရဲကျေးရွာမှာ အိမ်ခြေ ၅၄၀၊ အိမ်ထောင်စု ၅၄၀ ရှိကာ လူဦးရေစုစုပေါင်း ၂၀၁၄ ဦးရှိသည်။ ကျေးရွာအတွင်းတွင် ဘုံဘိုင်တွင်း ၃၀၅ တွင်းရှိသော်လည်း အများစုမှာ ရေနစ်များသာထွက်ရှိပြီး သောက်သုံး၍မရနိုင်ပေ။ အချို့တွင်းမှသာ ရေချိုထွက်ရှိပြီး သောက်သုံးရေအတွက် ရွာအနီးရှိ ရေချိုတွင်းမှ ခပ်ယူခြင်းများပြုလုပ်ကြရသည်။

လက်ရှိကာလတွင် ကျေးလက်ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးပေးသော ငွေကြေးဖြင့် စက်ရေတွင်းတူးဖော်နိုင်မှုအတွက် ကျေးရွာနေလူထုအနေဖြင့် ဝမ်းသာလျက်ရှိကြောင်းနှင့် နွေရာသီမီးဘေးကာကွယ်ရေးအတွက် ရေအလုံအလောက်ရရှိအောင် ပူးတွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေက ရှင်းပြသည်။ **တိမ်တမန်**

လက်သမားနှင့် ပန်းရန်သင်တန်းဖွင့်လှစ်

ဝါးခယ်မ အောက်တိုဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လက်သမား၊ ပန်းရန်သင်တန်းဖွင့်ပွဲအခမ်းအနားကို စာရေးကုန်းရပ်ကွက် ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) ရုံးခွဲ၌ အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီက ပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ သင်တန်းတက်ရောက်မည့် သင်တန်းသားများအနေဖြင့် သက်မှတ်ထားသော စည်းကမ်းများနှင့်အတူ တတ်မြောက်အောင်မြင်စွာ လေ့ကျင့်သင်ကြားသွားရန်လိုအပ်ကြောင်း၊ သင်တန်းပြီးဆုံးသွားပါက မိမိတို့၏ တစ်ပိုင်တစ်နိုင် အသက်မွေးဝမ်းကျောင်းမှစကာ ရပ်ရွာအကျိုး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် များစွာအထောက်အကူဖြစ်စေကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းကို ကျေးရွာအသီးသီးမှ သင်တန်းသား ၅၀ တက်ရောက်သင်ကြားကြကာ သင်တန်းကာလ ၁၅ ရက် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(လွမ်သီဟ)**

စာသင်တိုက်ကြီး ၂၀ သို့ ဆွမ်းဆန်တော်လှူဒါန်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ နယ်စပ်တောင်တန်းဒေသသာသနာ့ဥစ္စာဟအသင်း ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် သာသနာ့ဥစ္စာဟအသင်း၏ ဒုတိယအကြိမ်မြောက် သြဝါဒခံယူပွဲနှင့် မြို့နယ်အတွင်းရှိ စာသင်တိုက်ကြီး ၂၀ သို့ ဆွမ်းဆန်တော်လှူဒါန်းပွဲကို အောက်တိုဘာ ၈ ရက်မွန်းလွဲ ၂ နာရီက အမှတ် ၃ ရပ်ကွက် ကျောင်းဝိုင်းရှိ အကျော်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

မြောက်ပိုင်းခရိုင် သာသနာ့ဥစ္စာဟအသင်းဥက္ကဋ္ဌ ဦးထိန်ဝင်းက သာသနာရေးဆိုင်ရာများလျှောက်ထား၍ နာယကဆရာတော်ကြီးများထံမှ သြဝါဒခံယူကာ ကြွရောက်တော်မူကြသည့် သြဝါဒဆရာတော်ကြီးငါးပါးနှင့် စာသင်တိုက်ကြီး ၂၀ မှ ဆရာတော်ကြီးများထံသို့ ဆွမ်းဆန်တော် ဆီ၊ ဆားတို့အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးမိုးဟန်ဦးဆောင်၍ မြို့နယ်သာသနာ့ဥစ္စာဟအသင်းဥက္ကဋ္ဌ ဦးစိန်ကြိုင်နှင့် ရပ်ကွက်ကျေးရွာရှိ အသင်းဥက္ကဋ္ဌများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ဆက်ကပ်လှူဒါန်းကြသည်။

(၃၂၉)

ယာဉ်မောင်းများ အရက်သောက်ထားခြင်း ရှိ-မရှိ အယ်လ်ကိုဟောတိုင်းကိရိယာဖြင့် စစ်ဆေး

တမူး အောက်တိုဘာ ၁၁

ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်မတော်တဆမှု လျော့နည်းပျောက်စေရန် ရည်ရွယ်၍ အောက်တိုဘာ ၉ ရက် နံနက် ၈ နာရီမှ ၁၂ နာရီအထိ တမူးမြို့ အဝေးပြေးကားကြီးဝင်းတွင် ယာဉ်မောင်းသူများ အရက်သောက်ထားခြင်း ရှိ-မရှိ စစ်ဆေးခြင်းကို ပညာပေးကာလအဖြစ် စတင်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ အဆိုပါစစ်ဆေးမှုကို တမူးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင့်ဝေဦးဆောင်ပြီး အမှတ် ၁၀၉ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြေးကြေးပြည်နှင်းမှုဌာနနှင့် ပဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီအဖွဲ့ဝင်များက အယ်လ်ကိုဟောတိုင်းကိရိယာဖြင့် ပညာပေးကာလ စတင်တိုင်းတာစစ်ဆေး၍ အရက်သေစာသောက်စားထားသည်ကို တွေ့ရှိပါက ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နောက်နောင်တွင်လည်း အယ်လ်ကိုဟောတိုင်းကိရိယာဖြင့် တိုင်းတာစစ်ဆေးခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပညာပေးရှင်းလင်းခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

အမှတ် ၁၂ တပ်ခွဲ တပ်စု ၁ သင်္ဘန်းကျွန်း တပ်စုမှူး ရဲအုပ်ကြည်ဝင်း ဦးစီးသောရထားတပ်ဖွဲ့ဝင်များသည် သင်္ဘန်းကျွန်းဘူတာနှင့် နင်းဆီကုန်းဘူတာကြား၌ အမှတ် ၂ ရထားကားလမ်းကူးဂိတ်တွင် ကား၊ ဆိုင်ကယ်၊ ဆိုက်ကား၊ လူနှင့် တိရစ္ဆာန်များ ရထားဖြင့်တိုက်မိမှု မဖြစ်ပွားစေရေးအတွက် ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီး ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ လက်ကမ်းစာစောင်များအား လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(၁၁၈)**

နယ်လှည့်မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် မှုခင်းအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ညောင်ဦး အောက်တိုဘာ ၁၁

ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးနှင့် အန္တရာယ်ကင်းစွာ လူမှုဘဝနေထိုင်လုပ်ကိုင် စားသောက်နိုင်စေရေးတို့ကို ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး၏အစီအစဉ်ဖြင့် ဆောင်ရွက်သည့် နယ်လှည့်မှုခင်းပညာပေးပြခန်းယာဉ်သည် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအလိုက် ပြည်သူများအား မှုခင်းအသိပညာနိုးကြားစေရေး လှည့်လည်ပြသခြင်းများဖြင့် ဝန်ဆောင်မှုပြုပေးလျက်ရှိရာ အောက်တိုဘာ ၉ ရက်က ပုဂံ၊ ညောင်ဦးမြို့ရောက်ရှိပြီး လူစည်ကားရာ နေရာဖြစ်သည့် ညောင်ဦးမြို့ မဏိစည်သူစျေးအနီး ဒါနဘဏ်ဆွမ်းလောင်းဓမ္မာရုံရှေ့ဝန့်ပုဂံမြို့သစ်စျေး (တောင်ဘက်)စျေးပေါက်ဝရှေ့တို့တွင် မှုခင်းပညာပေးပြခန်းယာဉ်အား ရပ်နားပြီး ပြည်သူများကို မှုခင်းအသိပညာပေး ပြသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နယ်လှည့်မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် ဟောပြောပြသရာသို့ ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးနေလင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မြင့်ငွေ၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးမျိုးလွင်တို့က အနီးကပ်ကြပ်မတ်၍ မှုခင်းအသိပညာပေး ဟောပြောပြသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များအပြင် နိုင်ငံခြားသားခရီးသွားဧည့်သည်များကပါ စိတ်ဝင်တစားလာရောက်ကာ မှုခင်းပညာပေးယာဉ်တွင် ပြသထားသည့် မှုခင်းကျဆင်းရေး အသိပညာပေး နံရံကပ်မှတ်တမ်းဓာတ်ပုံများ၊ မှုခင်းပညာပေး မှတ်တမ်းဇာတ်လမ်းများနှင့် လက်ကမ်းစာစောင်များကို တစ်ခဏက် ကြည့်ရှုအားပေးခဲ့ကြကြောင်းနှင့် လာရောက်ကြည့်ရှုသူများကို မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

ဆိုက်ကားက ဓာတ်ရထားကို နလံမထူအောင် တိုက်ခဲ့ပုံ

ဆူးဌက်

ကုန်လွန်ခဲ့သော နှစ်ပေါင်း ၈၀ ကျော်ကာလ မန္တလေးမြို့ ၂၆ဘီ အာဇာနည်လမ်း မြောက်ဘက် ရွှေတချောင်းမြောင်း ကမ်းအရှေ့ဘက်က တစ်ထပ်တိုက် -ဘူတာလေး-ကတော့ မန္တလေးမြောက်ဘက်ရှိ မတ္တရာမြို့လေးသို့ ပြေးဆွဲသော တစ်စင်းတည်းရှိ မီးရထားလေး တစ်စင်းတည်းသာ ဆိုက်ကပ်ထွက်ခွာရာ ဘူတာလေးပဲ ဖြစ်၏။ မီးရထားသံလမ်းကလည်း ပုံမှန်လမ်းများထက်သေးသည်။ မီးရထားတွဲဆိုင်းများကလည်း သေးသည်။ ထို့ကြောင့် ရေနွေးငွေ့စက်ခေါင်းကလည်း ခပ်သေးသေးလေးဖြစ်သည်တဲ့။ အိန္ဒိယသား ကုလားသူဌေး 'မနာဂျီ' ပိုင်ဆိုင်သော မီးရထားလေးမို့ မြန်မာအသံထွက်နှင့် 'မနှင်းဆီ' ဟုပဲခေါ်ကာ 'မနှင်းဆီ မီးရထား' ဟုပဲ အများစုက သိရှိကြသည်။ မနှင်းဆီရထားက ရွှေတချောင်းမြောင်းအတိုင်း မြောက်သို့ မတ္တရာအထိ ခေါက်ပြန်ပြေးဆွဲသတဲ့။ စျေးချိုနှင့် ရွှေတချောင်းကလည်းခွဲခြားလို့မရ။ ဘိုးတော်ဘုရား လက်ထက်က တူးဖော်ခဲ့သော ရွှေတချောင်းက စိုက်ပျိုးရေအတွက်သာမက မတ္တရာတစ်ကြောက ကောက်ပဲသီးနှံများ သယ်ယူပို့ဆောင်ရေးအတွက် ရေလမ်းအဖြစ်လည်း အသုံးတည့်သောကြောင့် မင်းတုန်းမင်း၏ မန္တလေးမြို့တည်ပန္နက်တွင် စျေးချိုကို ရွှေတချောင်းကမ်းပေါ် လျှာထားတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မြောက်ဘက် မတ္တရာမြစ်မှသည် ရွှေလောင်းချောင်းဖြင့် စတင်ကာ မန္တလေးမြို့ အနောက်ခြမ်း၌ တာပေါင်း (၂၇၀၀)ကျော် ရှည်လျားသည့် ရွှေတချောင်းမြောင်းတော်ကလည်း ရေသန့်ရေရှင် သွင်သွင်စီးကာ စျေးချိုတောင်အောက်ဘက်မှ ကပ်ကာ စီးဆင်းသွား၏။ ရွှေတချောင်းမြောင်းထဲတွင် စျေးလာစျေးပြန် လှေလောင်းများဖြင့် ပြည့်နေသည်။ စျေးချိုတော်အနောက်ဘက်တည့်တည့်၊ အိမ်တော်ရာ ဆင်တံတားထိပ် ဆင်ကြီးနှစ်ကောင် အရုပ်ကြီးများရှိရာ ရွှေတချောင်းရေဆိပ်ကား အစည်ကားဆုံးဖြစ်ပါသည်။ ရွှေတချောင်းရေဆိပ်မှာ လှေများဆိုက်ကပ်ကာ တက်သူဆင်းသူများဖြင့် ရှုပ်ယှက်ခတ်နေသလို ရေချိုးသူ၊ ရေကူးသူများ ဖြင့်ပင် စည်ကားနေသည်ဟုဆို၏။

ဒုတိယကမ္ဘာစစ်ကြီး ပြီးကတည်းက ယိုယွင်းခဲ့သော မန္တလေးမြို့ သန့်ရှင်းရေးမှာ ပြန်လည်အားယူနာလန်ထူစ ပြုပေမယ့် အရှိန်မရသေးပေ။ အထူးသဖြင့် ထိုခေတ်ထိုအချိန်က စျေးချိုတော်ကြီးအတွင်း သန့်ရှင်းရေးမှာ အဆင်ပြေသေးပုံမပေါ်သေးတာ သေချာ၏။ ထိုအချိန်က ထုတ်ဝေသည့် မန္တလေးမြို့မှ သတင်းစာ၊ ဂျာနယ်များတွင် အများဆုံးရေးသားကြသည့် သတင်းများလည်းဖြစ်နေ၏။ ပမာအားဖြင့် မန္တလေးမြို့ထုတ် နဂါးနီဂျာနယ် အမှတ် ၃ (၁၃၀၇ ခု တပေါင်းလဆန်း ၇ ရက်ထုတ်)တွင် 'ကမ္ဘာလုံးဆိုင်ရာ တယ်လီဖုန်းသတင်း' ကဏ္ဍ၌ စျေးချိုတော်အရှေ့ဘက် တိုက်တန်းကြီးကြီးအနောက်နား၌ အမှိုက်များ စုပုံနေကြောင်း အိမ်သာများကိုလည်း သန့်ရှင်းစွာ ပြုပြင်ကာ ဆေးများ ဖျန်းပေးစေလိုကြောင်း ရေးသားထားသည်ကို ဖတ်ရှုရသည်။

ထို့ကြောင့် စျေးချိုတော်ကြီး အနောက်မြောက်ထောင့် နာရီစင်အရိပ်အောက်က 'ဆိုင်ဒူးခန်း' လက်ဖက်ရည်ဆိုင်တွင် မြို့မအသင်းသားများနှင့် ထိုင်ကြရင်း အရပ်လေးမျက်နှာ မျက်စိတစ်ဆုံးမြင်ရ၊ နားတစ်ဆုံးကြားရသည်များကို မြို့မတူရိယာအသင်းကို စတင်တည်ထောင်သူထဲ တစ်ဦးအပါအဝင်ဖြစ်သည့် ဆရာမြို့မငြိမ်းက သီချင်းတစ်ပုဒ်ရေးဖွဲ့ခဲ့ပါ၏။ ဆရာမြို့မငြိမ်းက သူ့သီချင်းတွင် စျေးချိုတော်အနီးတစ်ဝိုက်က မြင်ကွင်းများအပြင် ညစ်ပတ်ပေရေနေသော စျေးချိုတော်ကြီး၏ သန့်ရှင်းရေးကို 'ဂွက်ထော်' ခေါ် ဝက်များက တာဝန်ယူဖြေရှင်းနေရသဖြင့် အမြီးလေးတန့်နှံ့နှင့် ဝဖြိုးနေကြောင်းလည်း ကလိထားသေး၏။ ထို့ပြင် မြို့မအသင်းသားများနှင့် လက်ဖက်ရည်ဆိုင်ထိုင်ဖက်၊ ပိုးဖက်၊ ပြိုင်ဘက် မန္တလေးဥပစာကောလိပ်ကျောင်းသားများကိုလည်း 'တို့လည်း ပညာတတ်တွေပါပဲ' ဟု ပခုံးချင်းယှဉ်လိုက်သည့် သမိုင်းရာဇဝင်ဆိုင်ရာ သာမက ရသပညာဘက်ဆိုင်ရာ အနု၊ အလှလေးများလည်း လိုက်လျောအဆင်ပြေစွာ ထည့်သွင်းလိုက်ချေသေး၏။ ထိုသီချင်းအား ခံစားနားဆင်ကြည့်ပါကုန်။

လက်ရုံးတော်င၊...နတ်သမီးမြို့ကြီးတည်အုံ့ပင်...
ဗျာဒိတ်တော်ကိုဆင် ... ထင်ရှားစကားဇဲမြင်
ရှာနာလာဘီ အဘိညာဉ် မြေလျှိုး .. မိုးထက်တစ်ခွင်
တန်ခိုးပြည့်ဖြိုးစုံလင် ရသေ့မြတ်တို့အရှင် စကားသိုက်နိမိတ်နဲ့

> **"အင်အားကြီးအရင်းရှင်ကုမ္ပဏီကြီးက တစ်နေကုန်စီးသုံးပဲတန်လက်မှတ်များ ရောင်းချကာ သုံးပဲဖြင့် တစ်နေကုန် ခေါက်တုံ့ခေါက်ပြန် စီးချင်သလောက်စီး။ ထိုလက်မှတ်ဖြင့်ပင် ထိုနေ့အတွက် မည်သူ့မဆို လက်လွှဲစီးနိုင်သည့် စနစ်ကို တီထွင်ခဲ့သည်။ သို့သော် ၁၃၀၀ ပြည့်ဝန်းကျင်က အမျိုးသားရေးစိတ်ဓာတ်တံခွန် အမြင့်မားဆုံးအချိန်ဖြစ်သည်။ ထိုစိတ်ဓာတ်ဖြင့် . . .**

မန္တလေးအမှတ်(၂)သီချင်း

ရွှေဥထင်ကွန်ရက်၊ ဖြန့်ကျက်ကာပင်၊ ရွှတော်မူလိုက်
သည်တွင်
နောင်သောအခါ၌၊ ရှင်ချစ်သာသနာ အခွန်ရှည်လို့တည်၊
ထွန်းမှာမြင်။
လဝန်းရည်သို့ စန္ဒမုခီ၊ မန်းတောင်စံမိမာန်ရှင်
ဖွဲ့ဖွဲ့ကြိုင်လန်း၊ ဝတ်ပန်းစုံကို ထူးမြတ်ကဲလွန်...ရဲအလှူတွင်
အညီ တည်သော် ရတနာပုံနေပြည်ပင်။

သံဗြိုင်

ကျူးလဲ့လဲ့ကြည်လင်၊ ကြည်းရေဌက်တို့ပျော်ရွှင်
ပန်းကြာပဒုံ ကြိုင်ထုံသင်းနံ့ယဉ်
စိမ်းမြမြ ရွှိနတိုဟင်းချိုလှပါတယ်ခင်
ဂရင်းလီဒီ၊ ဘယ်ဂျီတေးဘဲလ်ပင်
ကမ်းစလေးတွင် လောကွတ်အတွေးနဲ့
ကျွေးလိုက်ရစေတနာဝင်
မောင်မယ်မြို့မ လေထဲစိတ်ကူးယဉ်
ဘုံတွေဆင့်လို့ နာဂရီစင်ခေါင်မိုးတွင်
မန်းရွှေမြို့ရဲ့ ကျက်သရေတစ်မျိုးပေါ့
စုလစ်မွမ်းရွှန် အာကာဝေဟင် ... ဗိသုကာ အတတ်သည်
မြန်မာပီယဉ်ယဉ် ..
ပြည်လည်မျှော်မှန်း ဓာတ်ရထားလည်း လွမ်းလောက်တဲ့ပြင်
အဆင့်ဆင့် ဟားပေါက် မှန်မမှန်မဆိုချင်
ဝက်တော်တွေဖီး အမြီးလေး တန့်နံ့မြင်၊
ပျားပန်းခတ်သည်တွင် ရောင်းဝယ်ကူးသန်းဟိုစဉ်
ချောင်းရွှေလှလောင်း စည်ဗုံမောင်းဗြိမ့်လွင်
မန်းမြို့သူမူချင်ချင် ဆင်တံတားထိပ် ညောင်ညိုပင်
ခေါင်းလျှော်ရေချိုး တစ်မျိုးကြည့်လို့ယဉ်
အုတ်ကာသွပ်မိုး ဈေးကြီးပြီးမြောက်
ဈေးအနောက်မြောက် မျှော်ပါရင်
အလယ်ကဖောင်းဖောင်း မနှင်းဆီခေါင်းပင် ... တဲ့။

ရိုးလ်ကုမ္ပဏီဘက်ဆီမှ စျေးချိုနာရီစင်ဆီအထိ ပြေလျှောဆင်းလာသော အာဇာနည်လမ်းမတစ်လျှောက်တွင်မူ နေရောင်၌ ဓာတ်ရထားသံလမ်းများလည်း လက်လက်ထနေသည်။ သို့သော် ထိုသံလမ်းများပေါ်၌ ဓာတ်ရထားပြေးဆွဲခြင်းကို မူ ၁၉၃၉ ဝန်းကျင် (သက္ကရာဇ် ၁၃၀၀ ပြည့်) ကာလ လောက်ကတည်းက ရပ်နားသွားပြီဖြစ်၏။ သွယ်တန်းထားသော ဓာတ်ကြိုးတစ်လျှောက် အမိုးပေါ်ရှိ လက်တံဖြင့်ထိကာ လျှပ်စစ်ဓာတ်အားဖြင့် ပြေးဆွဲရသော ဓာတ်ရထားများကို ဘာစီလိုနာ၊ မက်ဒရစ်နှင့် ကာလကတ္တားမြို့များ၌ ဖောက်လုပ်ပြေးဆွဲခဲ့သည်။ လန်ဒန်မှ Dick Kerr & Co,ltd ဖြစ်သည်။ မန္တလေး၌ ပြေးဆွဲခဲ့သော ဓာတ်ရထားများမှာ တစ်ထပ်သာရှိပြီး ဘေးတံခါးများ မပါရှိသော ဟင်းလင်းဖွင့်များဖြစ်၏။ လူ ၄၈ ယောက် စီး ဓာတ်ရထား ၂၄ စီးဖြင့် ပြေးဆွဲခဲ့သည်။ မန္တလေးမြို့အတွင်း ဓာတ်ရထားလမ်းမှာ ၆ မိုင်ခွဲခန့်ရှည်ကာ အသွားလမ်းတစ်လမ်း၊ အပြန်တစ်လမ်း ဖောက်လုပ်ထားသည်။ ဘုရားကြီးနှင့် ရုံးကြီး၊ ရုံးကြီးနှင့် ဂေါဝိန်လမ်းနှစ်လမ်းရှိကာ ခရီးဆုံးဘူတာများကား ရှမ်းစုဘူတာ၊ မန္တလေးဂေါဝိန်ဆိပ်နှင့် ရုံးကြီးတို့ဖြစ်သည်။ မန္တလေးမြို့တွင်း ဓာတ်ရထားလမ်းကို ၁၉၀၄ ခု ဇူလိုင် ၁၄ ရက်(၁၂၆၆ခု၊ ဒုတိယဝါဆိုလဆန်း ၃ ရက်) က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၈၄ လမ်းတစ်လျှောက် ရှမ်းစုအထိလမ်းကိုမူ ၁၉၀၇ ခု ဇန်နဝါရီလ ၂၆ ရက် (၁၂၆၈ခု၊ တပို့တွဲလဆန်း ၁၄ရက်)နေ့တွင် တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ မန္တလေးဓာတ်ရထားလမ်းများအား ၁၉၀၄ ခုနှစ်တွင် လက်ထောက်ဘုရင်ခံ ဆာဟရူးဘာနီ(ဘန်းစ်) ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။

ဓာတ်ရထားများ မန္တလေး၌စတင်ပြေးဆွဲစဉ်အခါက

"မန်းမဏ္ဍာလ မြန်စန်းနယ်မှာ၊ အံ့မခန်းဖွယ် အခင်းကြုံချက်ထူး၊ ရထားဓာတ်စက်စေနှင်မှာမူ ဝေဟင်အဇဋာညွှန်ယံဦး၊ လေယာဉ်ပမာ ကွန့်ပျံမြူးလိမ့်၊ အခွန့်ကဲထူးရှိလို့သာ" ဟူ၍ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုအားပေးခဲ့ကြသည်။ ထို့ကြောင့်လည်း ဓာတ်ရထားကုမ္ပဏီက နောက်ပိုင်းတွင် အလယ်တံခါးပေါက်ပါသည့် ပိုမိုခံ့ညားသော ပုံစံသစ်ဓာတ်ရထားများပင် ပြေးဆွဲပေးခဲ့သည်။ သို့သော် ၁၃၀၀ ပြည့်နှစ်ဝန်းကျင်တွင် ရှေ့၌ ဦးခေါင်းချွန်ကြီးများပါရှိသော ဆိုက်ကားများပေါ်လာပြီး ထိုဆိုက်ကားများကိုလည်း အစီးများလာပြန်၏။ ဆိုက်ကားများကား မြန်မာအမျိုးသားအများစု၏ တစ်ဦးချင်းစီ အသီးသီးပိုင်ဆိုင်ကြသည့် ပုံစံဖြစ်သည်။ ထိုအခါ အင်အားကြီးအရင်းရှင်ကုမ္ပဏီကြီးက တစ်နေကုန်စီး သုံးပဲတန်လက်မှတ်များ ရောင်းချကာ သုံးပဲဖြင့် တစ်နေကုန် ခေါက်တုံ့ခေါက်ပြန် စီးချင်သလောက်စီး။ ထိုလက်မှတ်ဖြင့်ပင် ထိုနေ့အတွက် မည်သူ့မဆို လက်လွှဲစီးနိုင်သည့် စနစ်ကို တီထွင်ခဲ့သည်။ သို့သော် ၁၃၀၀ ပြည့်ဝန်းကျင်က အမျိုးသားရေးစိတ်ဓာတ်တံခွန် အမြင့်မားဆုံးအချိန်ဖြစ်သည်။ ထိုစိတ်ဓာတ်ဖြင့်ပင် အမျိုးသားပိုင် ဆိုက်ကားများကို ပဲ ပိုင်းဝန်းအားပေးခဲ့သောကြောင့် အင်အားကြီး ဓာတ်ရထားကုမ္ပဏီကြီး အရှုံးပေးနောက်ဆုတ်ကာ ဓာတ်ရထားများ ဖြုတ်သိမ်းသွားရသည့် အဖြစ်အပျက်မှာလည်း မှတ်သားဖွယ်ရာဖြစ်ပါသည်။

ပြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ရေးဆွေးနွေး

မအူပင် အောက်တိုဘာ ၁၁
ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် မြန်မာစာပေချစ်မြတ်နိုးသူများအသင်းသည် မအူပင်မြို့နယ်အတွင်းရှိ မြန်မာစာပေချစ်မြတ်နိုးသူများဖြင့် ဖွဲ့စည်းခဲ့ပြီးနှစ်စဉ် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ဖြင့် ပူးပေါင်း၍ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကျဘန်းစကားပြောပြိုင်ပွဲ၊ စာတမ်းဖတ်ပွဲများကို မြန်မာစာပေဖွံ့ဖြိုး တိုးတက်ရေးအတွက် အသင်းဝင် စဈဦးဖြင့် ကျင်းပဆောင်ရွက်လျက်ရှိပြီး အသင်းဝင်တိုးပွားရေး၊ ယခင်နှစ်များထက်ပိုမို၍ မြန်မာစာပေကဏ္ဍပိုမိုတိုးတက်စေရန်နှင့် ကျောင်းသား၊ ကျောင်းသူများအတွက် စာမေးပွဲတွင် အထောက်အကူရရှိစေရန်ဆောင်ရွက်ရေးကို အောက်တိုဘာ ၉ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ခရိုင်ရုံး၌ ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ဖြန်/ဆက်)**

ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပေးဟောပြောပွဲကျင်းပ

မအူပင် အောက်တိုဘာ ၁၁
ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့တွင် အမှတ်(၈၂)ယာဉ်ထိမ်းရဲတပ်ဖွဲ့စု(မအူပင်)မှ တပ်ဖွဲ့စုများ ဒုရဲမှူးကျော်စိုးမိုးဦးဆောင်မှုဖြင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာနိုင်ပြီး ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရန် ဟောပြောပွဲများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၀ ရက်က မအူပင်မြို့နယ် အခြေခံပညာ မူလတန်း(လွန်)ကျောင်းတံတားကြီးကျောင်းခန်းမ၌ ဒုရဲအုပ်ထွန်းအောင်ချိုနှင့် တပ်ဖွဲ့ဝင်များက အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **မအူပင်ခရိုင် (ဖြန်/ဆက်)**

လူငယ်ရေးရာမူဝါဒအကြောင်းရှင်းလင်းခြင်းနှင့်တနင်္သာရီတိုင်းဒေသကြီး လူငယ်ရေးရာမူဝါဒဖြစ်မြောက်ရေးအလုပ်ရုံဆွေးနွေးပွဲပြုလုပ်

တနင်္သာရီ အောက်တိုဘာလ ၁၁
တနင်္သာရီတိုင်းဒေသကြီးအနှံ့ အလွယ်တကူချိတ်ဆက်နိုင်သည့် လူငယ်ကွန်ရက်တစ်ခုပေါ်ပေါက်လာစေရန်ရည်ရွယ်၍ တနင်္သာရီမြို့နယ်လူငယ်ကွန်ရက်အဖွဲ့နှင့် မြိတ်ခရိုင်လူငယ်ကွန်ရက်အဖွဲ့တို့ ပူးပေါင်းကာ တနင်္သာရီမြို့တနင်္သာရီခန်းမ၌ အောက်တိုဘာ ၉ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခွဲအထိ လူငယ်ရေးရာမူဝါဒအကြောင်း ရှင်းလင်းခြင်းနှင့် တနင်္သာရီတိုင်းဒေသကြီး လူငယ်ရေးရာမူဝါဒဖြစ်မြောက်ရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစောမောင်တို့က အဖွင့်အမှာ စကားပြောကြားခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်ဆွေက လူငယ်နှင့် ကွန်ရက်ကဏ္ဍကိုလည်းကောင်း၊ မြိတ်ခရိုင်လူငယ်ကွန်ရက်တာဝန်ခံ ဒေါ်သီတာဆွေက ကွန်ရက်သမိုင်းကြောင်းကိုလည်းကောင်း၊ လူငယ်ကွန်ရက်တွေ့ဆုံပွဲနှင့်ပတ်သက်သည့်အတွေ့အကြုံများအား မြိတ်ခရိုင်လူငယ်ကွန်ရက်မှ ဦးရဲထက်အောင်ကလည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ လူငယ်မူဝါဒအကြမ်းပေါ်ပေါက်ရေးနှင့် ကဘ္ဘာနိုင်ငံအသီးသီးရှိ လူငယ်မူဝါဒများအကြောင်းကို တိုင်းဒေသကြီးလူငယ်တာဝန်ခံ ဦးနေလင်းကျော်မှ ရှင်းလင်းပြောကြားခဲ့ပြီး တနင်္သာရီမြို့နယ် လူငယ်ကွန်ရက်တာဝန်ခံဒေါ်ဇာခြည်က ကွန်ရက်ချိတ်ဆက်မှုအပိုင်းနှင့် ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့်နှင့် ပြည်ထောင်စုအဆင့်တို့၌ တက်ရောက်ဆွေးနွေးမည့် လူငယ်ကွန်ရက်တို့တွင် လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း လူငယ်နှင့် ရွှေ့ပြောင်းလုပ်သား၊ လူငယ်နှင့် ဖက်ဒရယ်ဒီမိုကရေစီကဏ္ဍ၊ လူငယ်နှင့် သဘာဝသယံဇာတနှင့် လူငယ်မူဝါဒ စသည့်ကဏ္ဍများအလိုက် ညှိနှိုင်းရွေးချယ်မှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ထိန်ဝင်း(ဖြန်ဆက်)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးရုံး၌စာကြည့်တိုက် လေ့လာရေးခရီးနှင့်စာအုပ်စာစောင်ပြပွဲကျင်းပ

ဝမ်းတွင်း အောက်တိုဘာ ၁၁
မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီးဦးခင်မောင်သိန်းနှင့် ဝံသာနုလူငယ်လူမှုကူညီရေးအသင်းတို့ပူးပေါင်း၍ စာကြည့်တိုက်လေ့လာရေးခရီး စာအုပ်စာစောင်ပြပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၈ နာရီခွဲက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ ဝံသာနုလူငယ်လူမှုကူညီရေးအသင်းမှ လူငယ်များက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာခဲ့ကြောင်းသိရသည်။ သင်တန်းကျင်းပရခြင်းနှင့်ပတ်သက်၍ မြို့နယ်စာကြည့်တိုက်မှူးဦးတင်လှိုင်က ကျောင်းသားလူငယ်များ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေပြီးစာကြည့်တိုက်၏ အဓိပ္ပာယ်ကိုနားလည်စေရန် စာပေဖတ်ရှုသည့်အလေ့အထမှတစ်ဆင့် အလေ့ကျင့်ကောင်းများရရှိစေရန်၊ စာကြည့်တိုက်ကို အကျိုးရှိစွာအသုံးပြုနိုင်ရန်၊ စာမတတ်သူပယောက်ရေးမှ သည် စာမဖတ်သူပယောက်ရေး စာဖတ်သူတိုးပွားရေးအတွက်စသည့်ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။ **ဌေးလှိုင်(ဝမ်းတွင်း)**

လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းခြင်းသင်တန်းဖွင့်လှစ်

သန်လျင် အောက်တိုဘာ ၁၁
စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၈) ထွန်စက်စခန်း သန်လျင်မှ ဆောင်ရွက်သော လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းခြင်း အခြေခံသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

သင်တန်းတွင် ကူဘိုတာကုမ္ဍဏီမှတာဝန်ရှိသူများက နည်းပညာများ ဖြန့်ဝေပေးမည့်အစီအစဉ်များကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းက သင်တန်းဆိုင်ရာများအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ ခရမ်းမြို့နယ်များမှ တောင်သူ၄၁ ဦးသည် သင်တန်းကာလ အတွင်း ကူဘို တာရိတ်သိမ်းခြွေလှေစက် ၁၇ စီးဖြင့် လယ်ယာလုပ်ငန်းခွင်အတွင်း ဌာနဝန်ထမ်းများနှင့် အတူရိတ်သိမ်းခြွေလှေခြင်းလုပ်ငန်းများ ပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

ပိုင်းပွန်ကျေးရွာအုပ်စု ကျေးရွာမြေဌားဂရန်ပေးအပ်

လှိုင်လင် အောက်တိုဘာ ၁၁
ရှမ်းပြည်နယ်(တောင်ပိုင်း)လှိုင်လင်ခရိုင် လှိုင်လင်မြို့နယ် ပိုင်းပွန်ကျေးရွာအုပ်စု ပိုင်းပွန်(၂) တောင်ရပ်မြေဌားဂရန်ပေးအပ်ပွဲကို အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက ပိုင်းပွန်စပ်စ်ထွန်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

လှိုင်လင်ခရိုင်အတွင်းတွင် မြို့နယ်ခုနစ်မြို့နယ်နှင့် မြို့ငါးမြို့ စုစုပေါင်း ၁၂ မြို့ရှိကြောင်း၊ ရပ်ကွက်အားဖြင့် (၅၇)ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၄၄)အုပ်စုနှင့် ကျေးရွာပေါင်း (၁၇၈၃) ရှာရှိကြောင်း၊ ၂၀၁၅ ခုနှစ်မှစတင်၍ လှိုင်လင်ခရိုင်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ တစ်မြို့နယ်လျှင် ကျေးရွာတစ်ရွာနှုန်းဖြင့် မြေဌားဂရန်ထုတ်ပေးခဲ့ရာ မြေဧရိယာ ပေါင်း ၁၈၁ ဒသမ ၇၄၇ ဧက၊ အိမ်ထောင်စု (၈၆၅) စုအတွက် မြေဌားဂရန် (၈၆၅)ခု ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ကျေးရွာမြေဌားဂရန်ထုတ်ပေးရာတွင် လျှောက်ထားသူသည် သတ်မှတ်စံနှုန်းများညီညွတ်မှသာ ထုတ်ပေးခြင်းဖြစ်ကြောင်း ၂၀၁၆ ခုနှစ်တွင်လည်း အလားတူ မြို့နယ်ခုနစ်မြို့နယ်မှ ကျေးရွာခုနစ်ရွာအတွက် ထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ လှိုင်လင်မြို့နယ်အတွက် မိုင်းပွန်(၂) တောင်ရပ်ကို ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ထုတ်ပေးခြင်းဖြင့် ပိုင်ဆိုင်မှုအထောက်အထားကင်းမဲ့နေရခြင်းမှ ခိုင်မာသည့် ပိုင်ဆိုင်မှုအထောက်အထားများ ရရှိလာမည်ဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးဇော်မှ ကျေးရွာမြေဌားဂရန် ထုတ်ပေးရခြင်းနှင့်ပတ်သက်၍ ထပ်ဆင့်ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မိုင်းပွန်(၂)တောင်ရပ်မှ ပြည်သူများအား ကျေးရွာမြေဌားဂရန်ထုတ်ပေးကြောင်း သိရသည်။

အဆိုပါ လှိုင်လင်မြို့နယ် မိုင်းပွန်ကျေးရွာအုပ်စု မိုင်းပွန်(၂)တောင်ရပ် မြေဌားဂရန်ပေးအပ်ပွဲသို့ လှိုင်လင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မိုင်းပွန်နယ်မြေခံတပ်မှ တပ်ရင်းမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မိုင်းပွန်(၂) တောင်ရပ်မှ ပြည်သူများ တက်ရောက်ခဲ့ကြောင်းသိရသည်။ **မိုးလွင်ဦး(လှိုင်လင်)**

မင်းဘူးမြို့နယ်အတွင်းဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတား၊ ရေပေးဝေရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်း

မင်းဘူး အောက်တိုဘာ ၁၁
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မင်းဘူးခရိုင်အတွင်း တင်ဒါအောင်မြင်ဆောင်ရွက်ကြမည့် ကျေးလက်လုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ ရေပေးရေးနှင့် ပတ်သက်၍ ဆောင်ရွက်မည့်လုပ်ငန်းများ ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းဆွေးနွေးညှိနှိုင်းပွဲကို အောက်တိုဘာ ၉ ရက် နံနက် ၉ နာရီက မင်းဘူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အသီးသီးအမှာစကားပြောကြားပြီး မင်းဘူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဘုန်းလင်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မည့် ကျေးရွာအုပ်စု ကျေးရွာအမည်၊ အတိုင်းအတာ၊ ခွင့်ပြုရန်ပုံငွေနှင့် တင်ဒါအောင်မြင်သည့် ကုမ္ဍဏီစာရင်းများအား Power Point ဖြင့် ရှင်းလင်းတင်ပြပြီး တင်ဒါအောင်မြင်သော ကုမ္ဍဏီများနှင့် ပြည်သူများအကြား လုပ်ငန်းပိုင်းနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရေး၊ စံချိန်စံညွှန်းနှင့်အညီ လုပ်ငန်းပြီးစီးရေးအတွက် ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တင်ဒါအောင်မြင်သော မကွေးအောင်မင်းနှင့် လင်းလက်ဝေကုမ္ဍဏီ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မည့်ကိစ္စများနှင့် ပတ်သက်၍ အသီးသီးရှင်းလင်းတင်ပြကာ တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စွမ်းရည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လုပ်ငန်းဆောင်ရွက်ကြမည့် ကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ တင်ဒါအောင်မြင်သည့် ကုမ္ဍဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။ **မိုးပြည့်**

ဉာဏ်ကြီးရှင် ရှမ်းတောင်မြင့်ကော်ဖီ (Genius) စွန့်ဦးတီထွင်ထုတ်လုပ်သူ

လှိုင်ဘွား(စီမံကိန်း)

မြန်မာနိုင်ငံတွင် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်း (SMEs)များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရန်အတွက် နိုင်ငံတကာအသိအမှတ်ပြု အော်ဂဲနစ်လက်မှတ်ရ ဉာဏ်ကြီးရှင် ရှမ်းတောင်မြင့်ကော်ဖီ (Genius) စွန့်ဦးတီထွင်ထုတ်လုပ်သူ ဦးငွေထွန်းနှင့်တွေ့ဆုံပြီး လုပ်ငန်းစတင်ဆောင်ရွက်ဖြစ်ခဲ့ပုံ၊ ပြည်တွင်းသာမက ဂျပန်၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ စင်ကာပူတို့သို့ တင်ပို့ရောင်းချနိုင်သည်အထိ အောင်မြင်လာအောင် မည်သို့မည်ပုံ ကြိုးစားဆောင်ရွက်ခဲ့ရသည်ကို အသေးစိတ်မေးမြန်းကာ ရေးသားဖော်ပြ အပ်ပါသည်။

အိုင်တီပညာရှင်တစ်ဦးကနေ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ကော်ဖီထုတ်လုပ်ဖြစ်ခဲ့ပုံကို ပထမဦးစွာ ရှင်းလင်းဖြေကြား ပေးစေလိုပါတယ်ခင်ဗျာ။

အိုင်တီပညာရှင် တစ်ဦးကနေပြီး ကော်ဖီလုပ်ငန်းကိုလုပ်ဖို့ နိုင်ငံခြားခရီးတွေမှာ ကော်ဖီဆိုင်တွေထိုင်ရင်း စိတ်ကူးယဉ် မိပါတယ်။ ကော်ဖီကို ကော်ဖီဆိုင်က ရတယ်လို့သိထားတာကနေ ရွာငံမြို့နယ်က ကမ္ဘာ့အဆင့်မီ ကော်ဖီထုတ်ဖို့ လေးနှစ်တာကာလ မပြတ်လေ့လာဆည်းပူး အားထုတ်ကြိုးစားခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ သဘာဝ ရေမြေအနေအထားက ကော်ဖီစိုက်ပျိုးထုတ်လုပ်ဖို့ အကောင်းဆုံးအခြေအနေရှိတာကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများအတွက် တည်ငြိမ်သော စျေးကွက်ရရှိစေရန်၊ တန်ဖိုးမြင့် အရည်အသွေးမီထုတ်ကုန် ထုတ်လုပ်ရန်နှင့် ပြည်ပသို့ ကော်ဖီတင်ပို့ရောင်းချရန်စသော ရည်ရွယ်ချက်များဖြင့် ဉာဏ်ကြီးရှင်ကော်ဖီလုပ်ငန်းကို စတင်ခဲ့ပါတယ်။

လုပ်ငန်းကို ဘယ်နှစ်ခုနှစ်လောက်က စတင်ဆောင်ရွက်ခဲ့ပါသလဲ။

လုပ်ငန်းကို ၂၀၁၂ ဒီဇင်ဘာလမှ စတင်ခဲ့ပါတယ်။ လုပ်ငန်းစတင်ခါစမှ လုပ်ငန်းအတွက် ငါးနှစ်စာ ရည်မှန်းချက်တွေထားပြီး လုပ်ဆောင်ခဲ့ပါတယ်။

ကော်ဖီထုတ်လုပ်ခြင်းကို အစိုနည်းနဲ့ အခြောက်နည်း ရှိတယ်ဆိုပြီး လေ့လာသိရပါတယ်။ ဘယ်နည်းနဲ့ ထုတ်လုပ်တာက အကောင်းဆုံးလဲဆိုတာ ရှင်းပြပေးပါဦးခင်ဗျာ။

ကော်ဖီ ကြိတ်ခွဲထုတ်လုပ်ခြင်းမှာ အစိုနည်းဆိုတာက ကော်ဖီကို ခူးပြီးအခွံခွာ၊ အချဉ်ဖောက်၊ နေလှမ်းပြီး အခွံပျောနှင့် သိမ်းထားတဲ့နည်းဖြစ်ပါတယ်၊ ကော်ဖီသီးခူးတာကနေ နောက်ဆုံးသိမ်းလို့ရတဲ့ အခြေအနေရတဲ့အထိ ၁၀ ရက်ခန့်ကြာပါတယ်။ အခြောက်နည်းဆိုတာ ကတော့ အခွံမခွာဘဲ နေပူအောက်မှာ ၂၅ ရက်ခန့် လှန်းပြီး ခြောက်တဲ့ အခါမှာ သိမ်းရပါတယ်။ အစိုနည်းကို ကော်ဖီအမြောက်အများထုတ်လုပ်တဲ့ လူတွေက အသုံးပြုကြပြီး ရေသုံးများတယ်ဆိုတဲ့ အားနည်းချက်ရှိပေမယ့် လူကြိုက်များတယ်၊ ရောင်းဝယ်ရ လွယ်ကူပါတယ်။ အခြောက်နည်းကတော့ တောင်သူတွေအတွက် ပိုကောင်းပါတယ်၊ ရေလိုအပ်ချက်နည်းပေမယ့် နေလှန်းချိန်ကြာမြင့်ခြင်း၊ အမြောက်အများ မထုတ်လုပ်နိုင်ခြင်းနှင့် အရည်အသွေးပိုင်းဆိုင်ရာ အခက်အခဲများရှိခြင်း အားနည်းချက်များရှိပါသည်။ ဉာဏ်ကြီးရှင် ကော်ဖီလုပ်ငန်းအနေဖြင့် နည်းလမ်းနှစ်ခုလုံးကို အသုံးပြုပါတယ်။ အစိုနည်းကို ပိုထုတ်ပြီး အခြောက်နည်းကိုလည်း သုံးစွဲသူများအတွက် ရည်ရွယ်ပြီး ထုတ်လုပ်ပါတယ်။ အစိုနည်းကိုတော့ ပိုကြိုက်ပါတယ်။

ကော်ဖီကို ပြင်ဦးလွင်၊ ရွာငံ၊ သံတောင်ကြီးမြို့နယ်များမှာ ထွက်ရှိတယ်လို့သိရပြီး ရွာငံဒေသထွက် ကော်ဖီကို ဘာလို့ရွေးချယ်ထုတ်လုပ်ရပါသလဲခင်ဗျ။

ရွာငံဒေသသည် ရှမ်ကုန်းမြင့်ဒေသတွင် ပါဝင်ခြင်း၊ မိုးရေချိန်များခြင်း၊ သဘာဝသစ်တောများ ရှိခြင်းနှင့် ကော်ဖီစိုက်ပျိုးနိုင်သော မြေလွတ်မြေရိုင်းများရှိခြင်းစသော ကနဦးလေ့လာတွေ့ရှိချက်များအရ ရွေးချယ်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ကော်ဖီအကြောင်းကို လေ့လာကြည့်တဲ့အခါမှာ ရွာငံဒေသတွင်ထွက်ရှိသော ကော်ဖီသည် အရည်အသွေးအားဖြင့် အကောင်းဆုံးနှင့် စီးပွားဖြစ်ထုတ်လုပ်နိုင်သော အခြေခံ အဆောက်အအုံများရှိခြင်းစသော အားသာချက်များကို တွေ့ရှိခဲ့ရပါတယ်။

မြန်မာနိုင်ငံမှာစိုက်ပျိုးလျက်ရှိတဲ့ ကော်ဖီအမျိုးအစား ဘယ်နှစ်မျိုးရှိပါသလဲ။ ဘယ်ကော်ဖီအမျိုးအစားက အကောင်းဆုံးလဲဆိုတာ ရှင်းပြပေးပါဦးခင်ဗျ။

မြန်မာနိုင်ငံတွင် ကော်ဖီ အမျိုးအစား နှစ်မျိုးကို ထုတ်လုပ်ပါတယ်။ တောင်မြင့်ဒေသတွင်သာ စိုက်ပျိုးထုတ်လုပ်သော အာရေဘီကာ ကော်ဖီနှင့် နေရာဒေသစုံတွင် စိုက်ပျိုးထုတ်လုပ်နိုင်သော ရိုဘတ်စတာကော်ဖီဟူ၍ ရှိပါတယ်။ အာရေဘီကာကော်ဖီက အနှံ့၊ အရသာ ပိုမိုကောင်းမွန်ပြီး စျေးနှုန်းပိုမိုရရှိလို့ တောင်မြင့်ဒေသများမှာ အာရေဘီကာကော်ဖီကို ပိုမိုစိုက်ပျိုးသင့်ပါတယ်။

အော်ဂဲနစ်လက်မှတ်ရအောင် ဆောင်ရွက်ရပုံ အဆင့်ဆင့် ပြောပြပေးပါခင်ဗျာ။

အော်ဂဲနစ်လက်မှတ်ရရှိဖို့အတွက် ပထမဦးဆုံး မြေပြင်အခြေအနေမှာ တောင်သူတွေက ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးတွေ သုံးထား မထားကြည့်ရပါတယ်။ အော်ဂဲနစ်စိုက်ခင်းတွေက ဓာတုပစ္စည်းများသုံးစွဲသော စိုက်ခင်းများနှင့် ခွဲခြားထားမှုရှိ-မရှိ လေ့လာဆန်းစစ်ရပါတယ်။ အားလုံးကင်းရှင်းတယ်ဆိုမှ အော်ဂဲနစ်လက်မှတ်ရယူလိုကြောင်း စစ်ဆေးအကဲဖြတ်ပေးမည့် အဖွဲ့အစည်းကို လျှောက်လွှာတင်ရပါတယ်။ လျှောက်လွှာတင်ထားစဉ် အချိန်အခါအတွင်းမှာ တောင်သူများ အော်ဂဲနစ် ဗဟုသုတရရှိစေရန်နှင့် မှတ်တမ်းစနစ်များ ထားရှိရေးအတွက် သင်တန်းများ၊ အော်ဂဲနစ် သဘာဝ မြေဩဇာများ၊ သဘာဝပိုးသတ်ဆေးများ ကိုယ်တိုင် လုပ်ဆောင်နိုင်ပုံကို သင်တန်းများပို့ချပေးရပါတယ်။ စစ်ဆေးမှုများကို လာရောက်ပြုလုပ်တဲ့အခါမှာလည်း လိုအပ်တဲ့ အထောက်အကူပြု လုပ်ငန်းများနှင့် စာရွက်စာတမ်းများကို ပြင်ဆင်ရပါတယ်။ ထိုလုပ်ငန်းစဉ်ကြီး တစ်ခုလုံးအတွက် နှစ်နှစ်ခန့်အချိန်ယူ ပြုလုပ်ခဲ့ရပါတယ်။ နောက်ဆုံးမှာတော့ ကုန်ပစ္စည်းများ ရောင်းဝယ်ဖို့အတွက် လက်မှတ်ရယူပြီး မည်ကဲ့သို့ အမှတ်အသားများ ထည့်သွင်းရေးသားရမည်ကို သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရပါတယ်။ ဉာဏ်ကြီးရှင် ကော်ဖီလုပ်ငန်းအနေဖြင့် ပထမဆုံး နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ရ အော်ဂဲနစ်ကော်ဖီ ထုတ်လုပ်သူနှင့် ကုန်ပစ္စည်းထုတ်လုပ်သူ ဖြစ်လာပါတယ်။

ဒေသခံတောင်သူတွေနဲ့ အကျိုးတူ ဆောင်ရွက်နေပုံလည်း ရှင်းပြပေးပါဦးခင်ဗျာ။

